# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၂၂) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | BOT (Build, Operate and Transfer) စနစ်ဖြင့် မြေငှားရမ်းပြီး ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်နေသည့် နိုင်ငံခြားကုမ္ပဏီများနှင့်ပတ်သက်၍ နောင်တစ်ချိန်တွင် ဝယ်ယူသူ/အငှားချထားသူများ မနစ်နာစေရေးအတွက် ရှင်းလင်းညွှန်ပြပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | မဘိမ်းမြို့နယ်ရှိ မိုးကုတ်-မိုးမိတ်-မဘိမ်း-ဗန်းမော် ဖျူဟာလမ်းပေါ်ရှိ နမ့်ပေါ် ချောင်းရေကျော်အား ကွန်ကရစ်တံတား (သို့) ဘေလီတံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၇ | လက်ပံတန်းမြို့နယ်၏ အနောက်တောင်ဘက် အရပ်တွင်ရှိသော ကျေးရွာ(၉)ရွာမှ ပြည်သူများ အသုံးပြုနိုင်ရန်အတွက် တာဆိပ်ချောင်းကူး သံဘေလီတံတားအသစ် တစ်စင်းကို မီးရထားတံတားဖြင့် အပြိုင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောက်လုပ် ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၈ | ကျောက်ကြီးမြို့နယ်၊ တုံးကြီးအုပ်စုအတွင်းပါဝင်နေသော တောင်ငူတန်း ရှမ်းချောင်း သံပေါင်ဘေလီတံတားနှင့် ရှမ်းချောင်းရွာတွင်းရှိ ရှမ်းချောင်းသံပေါင် ဘေလီတံတား နှစ်စင်းတို့အား ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၈ |
| ၉ | အိမ်မဲမြို့နယ်ရှိ ကွင်းကလေး-ကြို့ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၁၀ | ပုတာအိုမြို့နယ်၊ မြို့မရပ်ကွက်အတွင်းရှိ ဆောက်လုပ်ရေးပိုင် လမ်းမကြီးပေါ်တွင် ကျူးကျော် တည်ဆောက်ထားသော ဈေးဆိုင်(၈)ခန်းအား အမြန်ဆုံးဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |

| | | |
|---|---|---|
| ၁၁ | ရမ်းဗြဲမြို့နယ်၊ ဟုန်းချောင်းဖျားဒေသရှိ ရခိုင်ကျေးရွာများနှင့် ချင်းအမျိုးသား ကျေးရွာများ ဆက်သွယ်သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် ဟုန်းချောင်း ဖျားကိုဖြတ်၍ ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၅ |
| ၁၂ | ပညာရေးဝန်ကြီးဌာနက အခြေခံပညာရေးဥပဒေကြမ်းကိုတင်သွင်းခြင်း | ၂၈ |
| ၁၃ | နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန်ခွင့်ပြုခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ် စစ်ဆေးကာ ကတိကဝတ်နှင့် မညီညွတ်ပါက ခွင့်ပြုချက်ရုပ်သိမ်းခြင်း၊ ထိုက်သင့်သော အရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်း ရှင်များအတွက် အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်း အားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များအတွက် အမှန်တကယ် အကျိုးရှိလာစေရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၅၂ |
| ၁၄ | ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၁၀၀ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂) ရက် မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၂၃) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၁၁၀ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(၂၂)ရက်မြောက်နေ့ အစီအစဉ်**

**[ ၇–၃–၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **BOT ( Build, Operate and Transfer) စနစ်ဖြင့် မြေငှားရမ်းပြီး ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် နိုင်ငံခြားကုမ္ပဏီများနှင့် ပတ်သက်၍ နောင်တစ်ချိန်တွင် ဝယ်ယူသူ/အငှားချထားသူများ မနစ်နာစေရေးအတွက် ရှင်းလင်း ညွှန်ပြပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်မြင့်ရှိန်၊ မဘိမ်း မဲဆန္ဒနယ်၏ **မဘိမ်းမြို့နယ်ရှိ မိုးကုတ်–မိုးမိတ်–မဘိမ်း–ဗန်းမော် ဗျူဟာလမ်းပေါ်ရှိ နမ့်ပေါ်ချောင်း ရေကျော်အား ကွန်ကရစ်တံတား (သို့) ဘေလီတံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်၏ အနောက်တောင်အရပ်တွင်ရှိသော ကျေးရွာ(၉)ရွာမှ ပြည်သူများ အသုံးပြုနိုင်ရန်အတွက် တာဆိပ်ချောင်းကူးသံဘောလီတံတား အသစ်တစ်စင်းကို မီးရထားတံတားဖြင့်အပြိုင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ငွေ၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **ကျောက်ကြီးမြို့နယ်၊ တုံးကြီး အုပ်စုအတွင်း ပါဝင်နေသော တောင်ငူတန်း ရှမ်းချောင်း သံပေါင် ဘောလီတံတားနှင့် ရှမ်းချောင်းရွာတွင်းရှိ ရှမ်းချောင်းသံပေါင် ဘောလီ တံတားနှစ်စင်းတို့အား ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **အိမ်မဲမြို့နယ်ရှိ ကွင်းကလေး– ကြို့ကုန်း လမ်းကို ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုမြို့နယ်၊ မြို့မရပ်ကွက် အတွင်းရှိ ဆောက်လုပ်ရေးပိုင် လမ်းမကြီးပေါ်တွင် ကျူးကျော် တည်ဆောက်ထားသော ဈေးဆိုင်(၈)ခန်းအား အမြန်ဆုံး ဖျက်သိမ်း ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရမ်းဗြဲမြို့နယ်၊ ဟုန်းချောင်းဖျား ဒေသရှိ ရခိုင်ကျေးရွာများနှင့် ချင်းအမျိုးသားကျေးရွာများ ဆက်သွယ် သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် ဟုန်းချောင်းဖျားကို ဖြတ်၍ ဘောလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတား တည်ဆောက် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပညာရေးဝန်ကြီးဌာနက **"အခြေခံပညာရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"အခြေခံပညာရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပညာရေးဝန်ကြီးဌာနက တင်သွင်းသည့် **"အခြေခံပညာရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတော်ပိုင် မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ခွင့်ပြုခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့် မညီညွတ်ပါက ခွင့်ပြုချက် ရုပ်ဆိုင်းခြင်း၊ ထိုက်သင့်သော အရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည် ဖော်ခြင်းအားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များအတွက် အမှန်တကယ်အကျိုးရှိ လာစေရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း−

(က) ဦးအောင်ထူးမြင့်၊ အောင်လံ မဲဆန္ဒနယ်၊

(ခ) ဦးတင်ထွန်းနိုင်၊ ဆိပ်ကြီးခနောင်တို မဲဆန္ဒနယ်၊

(ဂ) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၊

(ဃ) ဦးအောင်မြင့်၊ သာယာဝတီ မဲဆန္ဒနယ်၊

(င) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(စ) ဦးညွှန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၊

(ဆ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဇ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၊

(ဈ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ည) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဋ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

(ဌ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၊

(ဍ) ဦးစိုးအောင်နိုင်၊ ကျုံပျော် မဲဆန္ဒနယ်၊

(ဎ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၊

(ဏ) ဦးသက်နိုင်ဦး၊ ရေဖြူ မဲဆန္ဒနယ်၊

(တ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၊

(ထ) ဦးမြင့်ဟန်ထွန်း၊ ဘုတလင် မဲဆန္ဒနယ်၊

(ဒ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ဓ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၊

(န) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်
## (၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၀ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၉ ရက်၊

(၂) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၂ ရက်၊

(၃) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၅ ရက်၊

**မူကြမ်း**

(၄) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၂ ရက်၊

(၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၆) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၂ ရက်၊

(၇) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်၊

(၈) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၇ ရက်၊

(၉) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၉ ရက်၊

(၁၀) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၂ ရက်၊

(၁၁) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၁၂) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်နှင့်

(၁၃) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## မူကြမ်း

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**BOT (Build, Operate and Transfer) စနစ်ဖြင့် မြေငှားရမ်းပြီး ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် နိုင်ငံခြားကုမ္ပဏီများနှင့်ပတ်သက်၍ နောင်တစ်ချိန်တွင် ဝယ်ယူသူ/အငှားချထားသူများ မနစ်နာစေရေးအတွက် ရှင်းလင်းညွှန်ပြပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ ယနေ့ ကျွန်တော်မေးတဲ့မေးခွန်းဟာ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက လွှတ်တော်မှာတင်ပြပေးဖို့ မေတ္တာရပ်ခံလာတဲ့အတွက် မေးမြန်းရခြင်းဖြစ်တယ်ဆိုပေမဲ့ ကျန်တဲ့ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်တွေနဲ့ ဝယ်ယူသူပြည်သူတွေအတွက် အခုရှုပ်မှနောင်ရှင်းအောင်နှင့် နိုင်ငံတော်အစိုးရအနေနဲ့ လိုအပ်တာတွေကို ပြန်လည်သုံးသပ်နိုင်စေရန်အလို့ငှာဖြစ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ပြည်ပက အတတ်ပညာနဲ့အရင်းအနှီးတွေကို ပြည်တွင်းကိုစီးဝင်လာအောင်လုပ်ဖို့ဆိုတာ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့်လည်း FDI ကနေဖိတ်ခေါ်တဲ့အခါမှာ Real Estate ဟာ ကဏ္ဍတစ်ခုအနေနဲ့ အဓိကကျကျပါဝင်လာပါတယ်။ ပြည်တွင်းမှာရှိတဲ့ နိုင်ငံပိုင်မြေတွေကို ပထမနှစ်(၃၀/၅၀)၊ ၁၀ နှစ် နှစ်ကြိမ်သက်တမ်းတိုးနဲ့ စုစုပေါင်းသက်တမ်း(၅၀/၇၀)နှင့်ငှားရမ်းတာကို BOT အနေနဲ့ ငှားရမ်းခဲ့တာဖြစ်ပါတယ်။ BOT ဆိုတာကတော့ အားလုံးသိတဲ့အတိုင်းပဲ Build, Operate and Transfer ဖြစ်လို့ နှစ်(၅၀/၇၀)ပြည့်လို့ရှိရင်တော့ အဆောက်အဦရော မြေပါမူလပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်ကိုလွှဲပေးရမှာဖြစ်ပါတယ်။ ဒီနေ့ ဆောက်လုပ်ရေးလောကမှာ မူလရှိပြီးဖြစ်တဲ့ ကွန်ဒိုဆိုတဲ့ ဝေါဟာရအပြင် BOT စီမံကိန်းတွေကနေဆောက်လုပ်တဲ့ ကွန်ဒိုအဆောက်အဦတွေကို BOT နဲ့ ကွန်ဒို

ပေါင်းပြီးတော့မှ ဘီဒိုလို့ခေါ်တဲ့ဝေါဟာရတစ်ခုပေါ်ထွန်းလာပါတယ်။ အဲဒီဘီဒိုနဲ့ မူလရှိပြီးဖြစ်တဲ့ ကွန်ဒိုနှစ်ခုအကြားမှာ အထိုက်အလျောက်ကွာခြားမှုတွေ ရှိလာပါတယ်။ အဓိကကွာခြားချက်ကတော့ (Land Tenure Right)လို့ခေါ်တဲ့ မြေပိုင်ဆိုင်မှုအခွင့်အရေးပါပဲ။ ကွန်ဒိုမီနီယံဥပဒေကို လွှတ်တော်ကအတည်ပြုပြီးဖြစ်ပါတယ်။ ကွန်ဒိုအခန်းဝယ်တဲ့ Customer ဟာ မြေကိုပါ ထိုက်သင့်တဲ့ရာခိုင်နှုန်းတစ်ခု ပိုင်ဆိုင်ခွင့်ရှိသလို ကွန်ဒိုအခန်းကိုလည်း ရေရှည်ပိုင်ဆိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ဘီဒိုစနစ်နဲ့ အခန်းကိုဝယ်မယ်ဆိုရင်တော့ မြေပိုင်ဆိုင်မှုလုံးဝမရှိနိုင်သလို နှစ် ၇၀ ကြာလို့ရှိရင် BOT စနစ်အရ မူလမြေပိုင်ရှင်ကို ပြန်လည်လွှဲပြောင်းပေးရမှာဖြစ်လို့ နှစ် ၇၀ သာ အခန်းကိုငှားရမ်းပိုင်ဆိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ဒါကို ဝယ်ယူသူပြည်သူတွေက ရှင်းရှင်းလင်းလင်းမသိရှိကြပါဘူး။ ဒါကြောင့် BOT ငှားတဲ့မြေပေါ်မှာ တိုက်ခန်းဆောက်ခွင့်၊ ရောင်းခွင့်ပြုတာဟာ သမိုင်းက အမတ်ကြီးဦးပေါ်ဦးရဲ့ ဆင်ဖြူတော်လျှောက်ထုံးလိုပဲ နှစ် ၇၀ ကြာလို့ရှိရင် ဘုရင်လည်းမရှိ၊ ဆင်လည်းမရှိ၊ ငါလည်းမရှိ ဒါကြောင့် ဆင်ဟာ မဖြူဘဲ မည်းသွားရင်လည်း ဘာမှကိစ္စမရှိပါဘူးလို့ နိုင်ငံတော်အစိုးရအနေနဲ့ သဘောထားဖို့ မသင့်ကြောင်း တင်ပြလိုပါတယ်။ BOT Company ကြီးတွေကတော့ Golden City၊ Central Merga Land Mark၊ INNOCITY နဲ့ HAGL စသည့်ဟာတွေဖြစ်ပြီး ၎င်းစီမံကိန်းများမှတစ်ဆင့် နိုင်ငံတော်အစိုးရအနေနဲ့ ဝင်ငွေတစ်ရပ်ရရှိခဲ့သော်လည်း ဘီဒိုကို ကြိုပွဲငှဝယ်ယူတဲ့ငွေမာတွေ မြောက်မြားစွာစီးထွက်သွားခဲ့တာကိုလည်း သတိမူသင့်ပါတယ်။ လက်တွေ့ဖြစ်နေတာက BOT ကရတဲ့ နိုင်ငံခြားကုမ္ပဏီတွေဟာ နှစ် ၇၀ ငှားရမ်းခလို့ နားလှည့်ပါးရိုက်ပြီးတော့မှ ငှားရမ်းခကို နှစ် ၇၀ စာ တွက်ပြီးတော့မှာ ယူတဲ့စနစ်ကို ကျင့်သုံးနေကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ Power Point က မှိန်နေပေမဲ့ Original ကို ကျွန်တော်က ဓာတ်ပုံရိုက်ပြီးတော့မှ တင်ပြလို့မှိန်နေတာဖြစ်ပါတယ်။ ငှားရမ်းခကို နှစ် ၇၀ စာ ကြိုတင်ပေးရတယ်လို့ ဘယ်နိုင်ငံမှာမှတော့ မကြားဖူးပါဘူး။ ဘီဒိုတွေက One Square Meter ကို တစ်နှစ်ငှားရမ်းခ US 11 to 18 ဒေါ်လာအထိ ပေးရတယ်ဆိုတဲ့အချက်ကိုလည်း နှစ် ၇၀ ငှားရမ်းခသူကသာ နှစ်စဉ်ပေးချေရမယ့်သဘောဖြစ်နေပါတယ်။ အခန်းတွေ ရောင်းမကုန်ခင်မှာတော့ Company ကနေစိုက်ထုတ်ပေးနေပေမဲ့ Company ပြန်ထွက်သွားရင် ဘယ်လိုဖြေရှင်းရမလဲ၊ နိုင်ငံတော်နဲ့နှစ်ရှည်ငှားရမ်းသူအကြားမှာ ပြဿနာဖြစ်ဖို့ ဖန်တီးထားခဲ့သလို ဖြစ်နေပါတယ်။ အခုချိန်မှာတော့ BOT စနစ်နဲ့ နိုင်ငံခြားကလာရောက်ပြီး ရင်းနှီးမြှုပ်နှံသူတွေကို ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ မယှဉ်ပြိုင်နိုင်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ BOT Company ကငှားရမ်းခသာပေးချေရလို့ ရင်းနှီးမြှုပ်နှံတဲ့ပမာဏက နည်းပါးတယ်။ ပြည်တွင်းကုမ္ပဏီတွေကတော့

မြေကိုဝယ်ပြီးဆောက်ရလို့ မြေပေါ်မှာရင်းနှီးမြှုပ်နှံရတဲ့ပမာဏက ၁၀ ဆလောက်ထိများတာက အဓိက အချက်ပါပဲ။ မြေဝယ်ရင် ၃၇ ရာခိုင်နှုန်းအခွန်ပေးရပါသေးတယ်။ မတည်ငွေမလောက်လို့ချေးလို့ရှိရင် အနည်းဆုံး ၁၃ ရာခိုင်နှုန်းနှင့် ဆောက်လုပ်တဲ့နှစ်နှစ်ကာလ အတောအတွင်းမှာ ၁၆ ရာခိုင်နှုန်း ကျသင့်မှာဖြစ်ပါတယ်။ ဒါကြောင့် ဝယ်ယူစဉ်က ၁၀ ဆကုန်ကျတဲ့အပြင် ထပ်ဆောင်းကုန်ကျငွေ အခွန်နှင့် အတိုးက ၆၃ ရာခိုင်နှုန်းထိ မြင့်တက်ပါတယ်။ တစ်ဖန် BOT ကုမ္ပဏီတွေက ဆောက်လုပ်ရေး ပစ္စည်းတင်သွင်းလို့ရှိရင် အခွန်ကင်းလွတ်ခွင့်ရပြီးတော့မှ နိုင်ငံသားကွန်ဒိုဆောက်သူတွေကတော့ အခွန် အပြည့်အဝပေးရပါတယ်။ ကွန်ဒိုတိုက်ခန်းရောင်းချတဲ့အခါမှာလည်း အခွန်ကိုထပ်ပြီးပေးရပြန်ပါတယ်။ ဒီလိုအချက်တွေကြောင့် ဘီဒိုတွေကို ကွန်ဒိုတွေက မယှဉ်နိုင်တော့တဲ့အတွက် ပြည်တွင်းလုပ်ငန်းရှင်တွေ နာလန်မထူနိုင်တော့တာဖြစ်ပါတယ်။ နိုင်ငံအစိုးရတိုင်းမှာ မိမိနိုင်ငံသားလုပ်ငန်းရှင်တွေ အကျိုးစီးပွား ကို ကာကွယ်ပေးဖို့တာဝန်ရှိပေမဲ့ အခုလိုယှဉ်ပြိုင်နိုင်စွမ်းမရှိတော့လောက်အောင်ရောက်နေတာကို လျစ်လျူရှုထားတယ်လို့ ခံစားနေရပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ BOT စနစ်နဲ့ငှားရမ်းလုပ်ကိုင် ကြတဲ့ နိုင်ငံခြား Company များနဲ့ စာချုပ်ချုပ်ဆိုထားတဲ့အခြေအနေ၊ လက်တွေ့မြေပြင်မှာဝယ်ယူ အငှားချထားမှုအခြေအနေများဟာ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များကို ခွဲခြားဆက်ဆံရာ ရောက်ပြီးတော့မှ မယှဉ်သန်နိုင်လောက်အောင်ဖြစ်လာသလို ဝယ်ယူငှားရမ်းသူများအနေနဲ့လည်း အခန်းကိုအမှန်တကယ်ပိုင်ဆိုင်ခွင့် မရရှိနိုင်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ အားလုံး မနစ်နာစေရေးအတွက် ရှင်းလင်းဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်က ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးမှ BOT (Build, Operate and Transfer)စနစ်ဖြင့် မြေငှားရမ်းပြီး ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် နိုင်ငံခြားကုမ္ပဏီများရှိပါကြောင်း၊ ဥပမာအားဖြင့် Golden City, INNOCITY, Central Marga Land Mark, Myanmar Plaza တို့

ဖြစ်ပါကြောင်း၊ သို့ရာတွင် BOT အရ နှစ် ၇၀ အကြာတွင် ပြန်လည်လွှဲပြောင်းပေးရန်ရှိသည်ဟု နားလည်ပါကြောင်း သို့ဖြစ်ပါ၍ BOT ဆောင်ရွက်ရာတွင် Hotel Service Apartment ၊ Shopping Centre Office Tower တို့သာပြုလုပ်ရန် သင့်တော်ပါကြောင်း၊ သို့သော် ပြည်သူများကို နှစ် ၇၀ အငှားစာချုပ်ဖြင့် ရောင်းချလျက်ရှိသည်ကိုတွေ့ရပါကြောင်း တင်ပြလာတဲ့အတွက် BOT ဖြင့် လုပ်ကိုင်နေကြသော ပြည်ပကုမ္ပဏီများနှင့်ပတ်သက်၍ နောင်တစ်ချိန်တွင် ဝယ်ယူသူ/အငှားချထားသူများ မနစ်နာစေရေးအတွက် ရှင်းလင်းညွှန်ပြပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု(PPP)နည်းလမ်းများမှာ Build Operate Transfer (BOT)၊ Build-Transfer-Lease(BTL)၊ Build-Transfer-Operate(BTO)စသည့်စနစ်များ၊ ပုံစံများစွာပါဝင်ပါတယ်။ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု(PPP)ဟာ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းတို့အကြား ပြည်သူပိုင်ပစ္စည်းများအတွက်သော်လည်းကောင်း၊ အခြေခံအဆောက်အဦ ဆောက်လုပ်မှုအတွက်သော်လည်းကောင်း၊ ပြည်သူ့ရေးရာဝန်ဆောင်မှုအတွက်သော်လည်းကောင်း သဘောတူညီချက်စာချုပ်ချုပ်ဆိုပြီးတော့ ပူးပေါင်းဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ အဲဒီအခါမှာ တချို့ အမှတ်မှားတာလေးတွေ ရှိပါတယ်။ ဥပမာဆိုရင် PPP ဆိုတဲ့နေရာမှာ နိုင်ငံတော်အဖွဲ့အစည်းတစ်ခုခုနဲ့ Private Sector တစ်ခုဖြစ်တဲ့ ပုဂ္ဂလိကအဖွဲ့အစည်း တစ်ခုခု ပူးပေါင်းပါဝင်ဆောင်ရွက်လို့ရှိရင် ဒါ PPP ဖြစ်တယ်ဆိုပြီးတော့ အမှတ်မှားကြတာတွေလည်း ရှိပါတယ်။ ဥပမာဆိုရင် JV ဆိုတဲ့ Joint Venture ဖက်စပ်စနစ်မှာ အစိုးရဌာနက ပါဝင်ပြီးတော့ Private Sector နဲ့ပူးပေါင်းဆောင်ရွက်သော်ငြားလည်း JV သည် PPP မဟုတ်ပါဘူး။ ဒါ့အပြင် BOT လို့ခေါ်တဲ့ အစိုးရဌာနက လုံးဝပါဝင်ပတ်သက်မှုမရှိတဲ့ Build-Operate-Transfer ဆိုတဲ့ BOT Project တွေကလည်း PPP မဟုတ်ဘူးလို့လည်း အထင်မှတ်မှားနေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ တကယ်တမ်းကျတော့ Build Operate Transfer ဆိုတဲ့ Project တွေက နိုင်ငံတော်အစိုးရကဆောင်ရွက်ပေးရမယ့် Public Goods တွေဖြစ်တဲ့အတွက် ဒီ Public Goods ကို နိုင်ငံတော်ကမဟုတ်ဘဲနဲ့ ပြည်တွင်းပြည်ပမှာရှိတဲ့ Private Sector ရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်တယ်ဆိုလို့ရှိရင်လည်း ဒီ BOT Project တွေက PPP Project တွေပဲဖြစ်ပါတယ်။ ဒီ BOT လုပ်ငန်းတစ်ခုဟာ သာမန် Infrastructure တည်ဆောက်မှုမဟုတ်ဘဲနဲ့ အိမ်ရာတည်ဆောက်မှုတစ်ခုဖြစ်မယ်ဆိုလို့ရှိရင် အဲဒီ BOT လုပ်ငန်းသက်တမ်းကုန်ဆုံးလို့ လွှဲပြောင်းတဲ့အခါမှာ ၎င်းအိမ်ရာ၊ အခန်းများ ဝယ်ယူနေထိုင်လျက်ရှိသူများ

Residents များနှင့်ပတ်သက်၍ မည်သို့ဆက်လက်ဆောင်ရွက်မည်ဆိုတဲ့အချက်ကို BOT စာချုပ်များမှာ ထည့်သွင်းချုပ်ဆိုနိုင်ပါတယ်။ အကယ်၍ BOT စာချုပ်မှာ ယင်းအချက်နဲ့ ပတ်သက်၍ ထည့်သွင်းချုပ်ဆိုမှုမရှိလို့ရှိရင်တော့ BOT သက်တမ်းကာလကုန်ဆုံးတဲ့အခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေနဲ့ အဆိုပါချုပ်ဆိုခဲ့သည့် BOT စာချုပ်နှင့်အညီသာ လုပ်ငန်းဆောင်ရွက်မှုများကို အစိုးရသို့လွှဲပြောင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အဆောက်အဦဝယ်ယူသူများကို BOT စာချုပ်ပါသက်တမ်းများနှင့်အညီသာ ငှားရမ်းနိုင်မည်ဖြစ်ပါတယ်။ PPP နဲ့ပတ်သက်လို့ရှိရင်တော့ အချို့နိုင်ငံများမှာ ဥပဒေများပြဋ္ဌာန်းဆောင်ရွက်သော်လည်း တချို့နိုင်ငံများမှာတော့ ဥပဒေပြဋ္ဌာန်းမှုမရှိဘဲ PPP Policy တစ်ရပ်ထုတ်ပြန်၍ ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ယခုအခါ PPP စီမံကိန်းများကို နည်းလမ်းတကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့်အချက်များကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးကထုတ်ပြန်ထားတဲ့ Project Bank ဆိုင်ရာညွှန်ကြားချက်များမှာ ထည့်သွင်းညွှန်ကြားဖော်ပြထားပါတယ်။ ယင်း Project Bank ဆိုင်ရာညွှန်ကြားချက်အရ PPP Center ကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှာ ၂၄-၁၂-၂၀၁၈ ရက်စွဲဖြင့် ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့ (PPP Unit)တစ်ခုကို ၎င်းတို့ဌာနအလိုက် ဖွဲ့စည်းနိုင်မည်ဖြစ်ရာ အဆိုပါအဖွဲ့များသည် သက်ဆိုင်ရာအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးအတွက် နိုင်ငံတော်သမ္မတရုံးမှ စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်ထားရှိပြီးဖြစ်ရာ လုပ်ငန်းဆောင်ရွက်သည့် ဝန်ကြီးဌာနများအနေဖြင့် BOT ဖြင့်လုပ်ကိုင်ကြသော ပြည်ပကုမ္ပဏီများနှင့်ပတ်သက်၍ နောင်တစ်ချိန်တွင် ဝယ်ယူသူအငှားချထားသူများအား မနစ်နာစေရေးအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center)နှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာအဖွဲ့ (PPP Unit)တို့ဖြင့် ညှိနှိုင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း တင်ပြခွင့်ပြုပါခင်ဗျား။ အခုလို ဒုတိယဝန်ကြီး ဦးဆက်အောင် ကိုလည်း ဖြေကြားပေးလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော် နားလည်

သလောက်ကတော့ အခုလက်ရှိလုပ်နေတဲ့ဟာတွေအပေါ်မှာ ပိုပြီးတော့မှ ရှင်းလင်းလွယ်ကူပြီး ကောင်းမွန်အောင် မိမိတို့ရဲ့နိုင်ငံသူနိုင်ငံသားတွေ ရေရှည်မှာအကျိုးရှိအောင် လုပ်ပေးမယ်လို့ ဒီလို ကျွန်တော်နားလည်ပါတယ်။ အဲဒီတော့ မြေပြင်မှာလက်တွေ့ဖြစ်နေတာတွေကတော့ ကျွန်တော့်ဆီမှာ ရှိတဲ့ Lease Agreement ဆိုတာငှားတာပဲ၊ ရောင်းတာမဟုတ်ဘူး။ ဒါဆိုလို့ရှိရင် INNOCITY၊ ဒါဆို လို့ရှိရင် The Lake Street ၊ နောက်တစ်ခုကတော့ Golden City စသည်အားဖြင့် ဒီလိုမျိုး Lease Agreement တွေမှာ သူက Lease လို့သာပြောတာ တကယ်တမ်းပေးရတာက သိန်းထောင်နဲ့ချီပြီး တော့ပေးရတယ်။ သိန်းထောင်နဲ့ချီပြီးပေးရတယ်ဆိုတာက Lease မဖြစ်နိုင်ဘူးဆိုတာကို ဒုတိယ ဝန်ကြီးတို့ ဦးနှောက်နဲ့စဉ်းစားသိရှိဖို့လိုပါတယ်။ အဲဒီတော့ အဓိကကတော့ ပြဿနာအရှုပ်ထုပ်ကြီး ဟာ နောက်လာမယ်မျိုးဆက်သစ်တွေကျလို့ရှိရင် အများကြီးကျန်နေခဲ့မဲ့ဟာကို ဒါကိုမြန်မြန်ဆန်ဆန် ရှင်းဖို့ ဒါကပထမပိုင်းပါ။ ဒါပေမဲ့ ဖြေကြားသွားတဲ့ထဲမှာ မပါတာကတော့ ဘာလဲဆိုလို့ရှိရင် ဒုတိယ တစ်ချက်က ကျွန်တော်စောစောက တင်ပြခဲ့သလို BOT ဆောက်တဲ့သူတွေကို ဘီဒိုလို့ခေါ်လိုက်တယ်။ မူလရှိတာက ကွန်ဒိုရှိတယ်။ အဲဒီကွန်ဒိုတွေက တိုင်းရင်းသားလုပ်ငန်းရှင်တွေ၊ ဘီဒိုတွေဆိုတာက နိုင်ငံသားလုပ်ငန်းရှင်တွေ။ အဲဒီနှစ်ခုမှာ ကွာခြားချက်ရှိနေတယ်။ မယှဉ်နိုင်တော့ဘူး။ မယှဉ်နိုင်တာကို သက်ဆိုင်တဲ့ဝန်ကြီးဌာနတစ်ခုတည်း မဖြစ်နိုင်ပါဘူး။ အဲဒါတွေအားလုံးက ဘယ်လိုဖြေရှင်းပေးမလဲ ဆိုတာကို ဒါကို ကျွန်တော်တင်ပြတာပါ။ ဟိုတုန်းကလည်း ကျွန်တော် နိုင်ငံတော်အတိုင်ပင်ခံနဲ့တွေ့တဲ့ အချိန်မှာ လုပ်ငန်းရှင်တွေက တင်ပြတယ်။ သူတို့ အခွန်လျှော့ပေးပါလို့ပြောတယ်။ အခွန်လျှော့ပေးပါ ဆိုတာ သာမန်အားဖြင့်ပြောလို့ရှိရင် နားထောင်လို့မကောင်းဘူး။ ဒါပေမဲ့ နိုင်ငံသားလုပ်ငန်းရှင်တွေက ကျတော့ ပြည်တွင်းမှာလာပြီး Investment လုပ်လို့ရှိရင် အခွန်မပေးရဘူး။ ပြည်တွင်းလုပ်ငန်းရှင် တွေက ပေးနေရတယ်။ ဒါကြောင့်မို့လို့ ဒါလေးကိုသူက ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် လုပ်ပေးပါလို့ တင်ပြတဲ့သဘောပါ။ ဒါကို အားလုံးနားလည်ဖို့လိုပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးအနေနဲ့ ကျွန်တော့်ကို တတ်နိုင်လို့ရှိရင် ဖြေကြားပေးဖို့အတွက် မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေးဆက်သွယ်ရေးဝန်ကြီးဌာန ပြန်လည် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေးဆက်သွယ်ရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော် ဖြေမှာကတော့ နှစ်ပိုင်းဖြေပါမယ်။ ပထမတစ်ပိုင်းကတော့ Lease Agreement နဲ့ပတ်သက်တဲ့

ကိစ္စဖြစ်ပြီးတော့ ဒုတိယအပိုင်းကတော့ မြန်မာလုပ်ငန်းရှင်များနဲ့ နိုင်ငံခြားသားလုပ်ငန်းရှင်များ နှစ်ခု ယှဉ်ပြိုင်မှုရရှိရေးကိစ္စဖြစ်ပါတယ်။ ပထမကိစ္စကတော့ Lease Agreement ဆိုတဲ့နေရာမှာ ကွန်ဒိုတိုက်ခန်းမပြောနဲ့ မြေယာနဲ့ပတ်သက်လို့ရှိရင်တောင်မှ Lease Agreement နဲ့ပဲ ကျွန်တော်တို့ ပြောတာဖြစ်ပါတယ်။ တကယ်လို့ Lease Agreement က ထိုင်းနိုင်ငံလိုနေရာမျိုးမှာတော့ သူက နေပြီးတော့ မြေယာနဲ့ပတ်သက်လို့ နိုင်ငံခြားသားကို ဝယ်ယူခွင့်ရှိတာဖြစ်ပါတယ်။ ဒါပေမဲ့ ဗီယက်နမ်လို နိုင်ငံမျိုးမှာကျတော့ မြေယာနဲ့ပတ်သက်လို့ Ownership ကို နိုင်ငံခြားသားကိုမပေးပါဘူး။ အဲဒါ ကြောင့်မို့လို့ ဗီယက်နမ်နိုင်ငံမှာကျတော့ Industrial Estate တွေမှာဆိုလို့ရှိရင် ဗီယက်နမ်နိုင်ငံမှာ Lease ပဲပေးရတာဖြစ်ပါတယ်။ အဲဒီလို Lease ပဲ ပေးရတယ်ဆိုပေမယ့် Lease Agreement ဆိုတဲ့ နေရာမှာ Land Lease Right ကိုပိုင်ဆိုင်တဲ့ Ownership of the Land Lease Right ပုံစံမျိုးနဲ့ ဗီယက်နမ်လိုနိုင်ငံမျိုးမှာတော့ ပေးပါတယ်။ ထိုင်းနိုင်ငံမျိုးမှာကျတော့ ပုံမှန်မြေတစ်ခုလို နိုင်ငံခြားသား ကို Ownership မပေးပေမယ့် Industrial Estate ဆို နိုင်ငံခြားသားတွေကို Ownership ပေးထားတာဖြစ်တဲ့အတွက် ခုနတုန်းကလို Ownership of the Land Lease Right ဆိုတဲ့ ပုံစံမျိုးကတော့ ထိုင်းနိုင်ငံမှာပြဌာန်းဖို့မလိုပါဘူး။ အဲဒီလိုပဲ Lease Agreement ပဲပေးမှာလား၊ အပြတ်ပဲရောင်းမှာလားဆိုတဲ့ကိစ္စကတော့ BOT Contract မှာမူတည်ပါတယ်။ ခုန ကျွန်တော်တင်ပြ ထားသလိုပဲ BOT Contract မှာ အဆောက်အဦကိုဝင်ရောက်ပြီးတော့ ငှားရမ်းပြီးတော့ဝယ်တဲ့ Residents တွေက တကယ်လို့ BOT သက်တမ်းကုန်တဲ့အခါမှာ သူတို့တွေကို ဘယ်လိုဆက်လက် နေထိုင်ခွင့်ကို ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ကိစ္စကို BOT Contract ထဲမှာပါတယ်ဆိုလို့ရှိရင်တော့ ဒီကိစ္စက ခုနတုန်းကလို Lease Agreement မှာလည်း BOT Contract ထဲမှာပါတဲ့အချက်များကို ဆက်လက်ပြီးတော့ ထည့်သွင်းပြီးတော့ ရေးဆွဲသွားရမှာ ဖြစ်ပါတယ်။ တကယ်လို့ BOT Contract ဒီလို Clause တွေမပါသေးလို့ရှိရင်လည်း PPP Center နှင့် PPP Unit တို့က ဝိုင်းဝန်းပြီးတော့ စဉ်းစားပြီးတော့ ဒီ Contract တွေကိုပြန်ပြီးတော့ Amendment လုပ်သင့်တယ်ဆိုလို့ရှိရင်လည်း လုပ်နိုင်အောင်လို့ ဝိုင်းဝန်းပြီးတော့ ကူညီပေးမှာဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ Lease Agreement ဖြစ်မှာလား၊ Agreement ဖြစ်မှာလားဆိုတဲ့ကိစ္စကတော့ သူချုပ်ဆိုခဲ့တဲ့ BOT Agreement ပေါ်မူတည်တယ်ဆိုတာ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်ခင်ဗျား။

ဒုတိယအနေနဲ့ ကျွန်တော်တို့ အခွန်လို့ပြောလို့ရှိရင် ဘယ်လိုအခွန်လဲဆိုတာဟာ Type of Tax က အရေးကြီးပါတယ်ခင်ဗျား။ ဥပမာ Corporate Tax ကိုပြောတာလား၊ Personal Tax လို့

ပြောတာလား၊ Withholding Tax ကို ပြောတာလားဆိုတဲ့ကိစ္စပေါ့နော်။ ဒါမျိုးတွေက အရေးကြီးပါတယ်။ အခု Tax လို့ပြောတဲ့နေရာမှာ ခုနတုန်းကလို လုပ်ငန်းရှင်တွေ Tax လို့ပြောတယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကတော့ သူတို့နဲ့အကျုံးဝင်တဲ့ Tax ဆိုတာကတော့ Corporate Income Tax ဖြစ်ပါတယ်။ Corporate Income Tax ကတော့ နိုင်ငံခြားသားကိုသတ်မှတ်တဲ့ Corporate Income Tax နဲ့ ပြည်တွင်းလုပ်ငန်းရှင်ကိုသတ်မှတ်တဲ့ Corporate Income Tax က အကုန်လုံး တူတူပဲဖြစ်ပါတယ်။ Level Playing Field ရနိုင်အောင်လို့ Corporate Income Tax ကို Rate ကအစ အတူတူသတ်မှတ်ထားပါတယ်။ ပြီးတော့လည်း နိုင်ငံခြားသားအတွက်ကလည်း နိုင်ငံခြား ပြည်ပကုမ္ပဏီတစ်ခု လာတယ်ဆိုလို့ရှိရင် သူက MIC မှာ Register လုပ်ပြီးတော့ ဆောင်ရွက်လို့လည်းရသလို MIC ပြင်ပမှာလည်း သူဆောင်ရွက်လို့ရပါတယ်။ MIC ပြင်ပမှာဆောင်ရွက်လို့ရသလား။ ဒါမှမဟုတ် MIC မှာ Register လုပ်ပြီးတော့ ဆောင်ရွက်လို့ရသလားဆိုတဲ့ အခြေခံအချက်ကတော့ MIC ဥပဒေမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒီဥပဒေပါတဲ့ အချက်တွေ ဥပမာဆိုရင် နိုင်ငံတော်ရဲ့မြေကို အသုံးချမယ်၊ နိုင်ငံတော်ရဲ့အဆောက်အဦကို အသုံးချမယ်ဆိုလို့ရှိရင်တော့ MIC ကို မတင်မနေရတင်ရမှာဖြစ်ပါတယ်။ MIC Register မလုပ်မနေရ လုပ်ရမှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ သူ့ရဲ့ရင်းနှီးမြှုပ်နှံမှုက အရမ်းကြီးတယ်။ ဘယ်လောက်ထိကြီးလဲဆိုတော့ 100 Million US Dollar ထက်ကျော်တယ်ဆိုလို့ရှိရင်လည်း MIC ကို အဖြစ်မနေ Register လုပ်ရမှာဖြစ်ပါတယ်။ ဒါမှမဟုတ်လို့ရှိရင်တော့ ဒီလိုမျိုးအချက်တွေ MIC ဥပဒေမှာပါတဲ့ အချက်တွေနဲ့ အကျုံးဝင်မှုမရှိဘူးဆိုလို့ရှိရင် MIC မှာဝင်ပြီးတော့ MIC Register လုပ်စရာလည်း မလိုပါဘူး။ MIC Registration မရှိလို့ရှိရင်တော့ MIC မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ Tax တွေက ဒီလုပ်ငန်းနဲ့အကျုံးမဝင်ပါဘူး။ အဲဒီတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကလည်း တကယ်လို့ MIC မှာ Register လုပ်မယ်ဆိုလို့ရှိရင် သူ့အနေနဲ့ Corporate Tax နဲ့ပတ်သက်တဲ့ Exemption ပေါ့နော်။ Exemption ကိုရမှာဖြစ်ပါတယ်။ တကယ်လို့သူက MIC မှာ Register လုပ်ဖို့မလိုဘူး။ MIC မှာ Register မလုပ်ဘူးဆိုလို့ရှိရင်လည်း Corporate Tax နဲ့ ပတ်သက်တဲ့ Exemption ကို လုံးဝရရှိမှာမဟုတ်ပါဘူး။ အဲဒီလိုပဲ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူတွေကလည်း တကယ်လို့ MIC မှာ Register လုပ်မယ်ဆိုလို့ရှိရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့ နည်းတူ Corporate Tax တို့ Exemption ကို သူရရှိမှာဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ MIC မှာ Register မလုပ်ဘဲနဲ့ ကိုယ့်ဟာကိုလုပ်မယ်ဆိုလို့ရှိရင် MIC ပြင်ပမှာဆောင်ရွက်မယ်ဆိုလို့ ရှိရင်

တော့ MIC ကပြဋ္ဌာန်းထားတဲ့ Corporate Tax နဲ့ Exemption တော့ မရမှာမဟုတ်ပါဘူး။ အဲဒါကြောင့်မို့လို့ Corporate Tax နဲ့ Exemption လိုချင်တယ်ဆိုလို့ရှိရင်တော့ MIC မှာ Register လုပ်ဖို့လိုမှာဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေ ပြောနေတာက Corporate Tax နဲ့ ပတ်သက်တာမဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ နားလည်ပါတယ်။ အဲဒီတော့ Corporate Tax နဲ့ မဟုတ်လို့ရှိရင်တော့ Tax နဲ့ပတ်သက်လို့ တကယ်လို့သာ အရင်တုန်းက အခွန်ဆောင်ရမယ့်အချက်တွေကို ပျက်ကွက်ခဲ့တယ်ဆိုလို့ရှိရင်တော့ ဘာဖြစ်သွားလဲဆိုတော့ AML/CFT Act သွားပြီးတော့ ငြိကောင်းငြိသွားနိုင်ပါတယ်။ အဲဒီလိုအချက်တွေမှာ ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ အရင်တုန်းက Tax တွေကို မပေးထားခဲ့ဘူးဆိုလို့ရှိရင်တော့ ပြန်ပြီးတော့ Tax ကိုပေးပြီးတော့ ပြန်ပြီးတော့ ဆောင်ရွက်လို့ရနိုင်တဲ့နည်းလမ်းတွေ ဖော်ဆောင်ထားတာကို ကျွန်တော်တို့ဆီမှာရှိပါတယ်။ အဲဒီ နည်းလမ်းတွေအရ Tax လို့မခေါ်ပါဘူး။ အဲဒီတော့ ခုနတုန်းက ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ ပြောနေကြတဲ့ Tax ဆိုတဲ့ဥစ္စာက ဘယ်လို Tax လဲဆိုတာတော့ တိတိကျကျပြောနိုင်လို့ရှိရင်တော့ ပိုပြီးတော့ အဆင်ပြေပါမယ်။ Corporate Tax နဲ့ပတ်သက်လို့ရှိရင်တော့ ခွဲခြားထားတာတစ်ခုမှ မရှိပါဘူး။ တကယ်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေလို Corporate Tax နဲ့ Exemption လိုချင်တယ်ဆိုလို့ရှိရင်တော့ MIC မှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဥပဒေအောက်မှာပဲ MIC မှာ Register လာလုပ်ပါ။ တကယ်လို့ Register လာလုပ်လို့ရှိရင် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကော၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေရော အကုန်လုံး Tax Rate ကို တစ်ပြေးညီသတ်မှတ်ပြီးတော့ Tax နဲ့ Exemption များလည်း အားလုံး ရရှိမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မဘိမ်းမြို့နယ်ရှိ မိုးကုတ်-မိုးမိတ်-မဘိမ်း-ဗန်းမော် ဗျူဟာလမ်းပေါ်ရှိ နမ့်ပေါ်ချောင်းရေကျော်အား ကွန်ကရစ်တံတား(သို့)ဘေလီတံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မဘိမ်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ရှိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြင့်ရှိန်(မဘိမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန်ဖြစ်ပါတယ်။ ဒီကနေ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော့်မြို့နယ်အတွက် လိုအပ်နေတဲ့တံတားတစ်စင်း မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မဘိမ်းမြို့ဟာ မိုးကုတ်-မိုးမိတ်-

မဘိမ်း-မံစီ-ဗန်းမော် ဗျူဟာလမ်းပေါ်မှာ တည်ရှိပါတယ်။ ရှမ်းပြည်နယ်ရဲ့မြောက်ဘက်အစွန်း ကချင်ပြည်နယ်နှင့်ဆက်စပ်နေပါတယ်။ အခု ကျွန်တော်မေးမြန်းမယ့် တံတားတည်ရှိတဲ့ ဒီဗျူဟာလမ်းဟာဆိုလို့ရှိရင် သူက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ကိုဆက်သွယ်ထားတဲ့လမ်းလို့ ပြောလို့ရပါတယ်။ ဟိုအရင်တုန်းကတော့ ဒီလမ်းဟာ ကောင်းမွန်ပြီးတော့မှ မိုးကုတ်ကနေ-ဗန်းမော်အထိ လိုင်းကားတွေသွားခဲ့ရပါတယ်။ ပြီးခဲ့တဲ့ကာလတွေမှာ ဒီလမ်းကို ပြုပြင်မှု ထိန်းသိမ်းမှုမရှိတဲ့အတွက် အခုဆိုရင် အဲဒီလမ်းဟာ သွားလို့မရသေးပါဘူး။ မိုးရာသီဆိုလို့ရှိရင် အခုမှပြင်နေတုန်းပဲဖြစ်ပါတယ်။ ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့တုန်းက ကျွန်တော်မေးခွန်းမေးမြန်းတဲ့အခါမှာ အဲဒီတုန်းက ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကတော့ ၂၀၂၀ ခုနှစ်မှာ အပြီးလုပ်ပေးပါမယ်လို့ ပြောပါတယ်ခင်ဗျ။ အဲဒီတော့ အခုလည်း လုပ်နေပါပြီ။ အခု ကျွန်တော်မေးတဲ့တံတားကတော့ အဲဒီလမ်းပေါ်မှာ မဘိမ်းမြို့ကနေပြီးတော့မှ ၂၅ မိုင်လောက်ဝေးတဲ့ စီပိန်းဆိုတဲ့ရွာနားလေးမှာ ရှိပါတယ်။ နမ့်ပေါ်ချောင်းကို အရင်တုန်းကတော့ အဲဒီချောင်းကို ရေကျော်လုပ်ပေးထားပါတယ်။ အခု အဲဒီရေကျော်ဟာ မကောင်းတော့ပါဘူး။ ပျက်စီးသွားနေပါပြီ။ အဲဒီတော့ ဒီနေရာမှာ ရေကျော်အစားတံတားတစ်စင်း ဆောက်ပေးဖို့အလွန်ကို လိုအပ်နေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုရှင်းလင်းလွယ်ကူရန်အတွက် Power Point သုံးစွဲခွင့်ပေးပါခင်ဗျား။ ဒါက ကျွန်တော်တို့ မဘိမ်းမြို့ရဲ့အဝင်ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါက အခုလက်ရှိ မြင်တွေ့ရမယ့်ရေကျော်ဖြစ်ပါတယ်။ ဘယ်လိုမှအဆင်မပြေတော့ပါဘူး။ ဒါကလည်း ပျက်စီးနေတဲ့ရေကျော်ဖြစ်ပါတယ်။ ဒါက မိုးရာသီမှာ ဒီလိုအခက်အခဲတွေ ကြုံတွေ့နေရတာဖြစ်ပါတယ်။ သူက ရွာနဲ့ကလည်း တစ်မိုင်လောက်သာဝေးတာဖြစ်တဲ့အတွက် တော်တော်လေးကို သွားရေး၊ လာရေးမှာ မိုးရာသီဆိုရင် တောင်ကျချောင်းရေဟာလည်းကျတဲ့အခါကျတော့ သံဃာတော်တွေလည်း ဒီလိုပဲ ရေကိုကူးပြီးတော့မှ သွားလာနေရတာဖြစ်ပါတယ်။ အဲဒီလိုပဲ ရွာသားတွေက ဆိုင်ကယ်တွေကိုသွားပြီးတော့မှ သယ်ပို့ပေးရတာဖြစ်ပါတယ်။ ဟုတ်ကဲ့ သို့ဖြစ်ပါသောကြောင့် ကျွန်တော့် မဘိမ်းမြို့နယ်အတွင်းမှာ အင်မတန်လိုအပ်နေတာဖြစ်တဲ့အတွက် မဘိမ်းမြို့နယ်ရှိ မိုးကုတ်-မိုးမိတ်-မဘိမ်း-ဗန်းမော် ဗျူဟာလမ်းပေါ်ရှိတဲ့ နမ့်ပေါ်ချောင်းရေကျော်ကို ကွန်ကရစ်တံတား(သို့)ဘေလီတံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ရှိန်မှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့ရှိ မိုးကုတ်-မိုးမိတ်-မဘိမ်း-ဗန်းမော် မဟာဗျူဟာလမ်းပေါ်ရှိ နမ့်ပေါ်ချောင်းရေကျော်အား ကွန်ကရစ်တံတား(သို့)ဘေလီတံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့ နယ်အတွင်းရှိ မိုးကုတ်-မိုးမိတ်-ကုန်းဝက်-မဘိမ်း-စီဦးလမ်းသည် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲ သောလမ်းဖြစ်ပြီးတော့ အဆိုပါလမ်းပေါ်ရှိ မိုင်တိုင်(၈၈/၅)မှာရှိတဲ့ နမ့်ပေါ်ချောင်း ကွန်ကရစ် ရေကျော်သည် အရှည်အားဖြင့် ၁၃၅ ပေရှိပြီး သက်တမ်းအားဖြင့် အနှစ် ၂၀ ကျော် ကြာမြင့်နေပြီ ဖြစ်ပါတယ်။ လက်ရှိချောင်း၏ အကျယ်မှာ ၁၁၀ ပေရှိပြီး တစ်နေ့တာယာဉ်အစီး ၃၀ ခန့်သွားလာ လျက်ရှိပါတယ်။ အဆိုပါရေကျော်မှာ သက်တမ်းကြာမြင့်ပြီး သဘာဝဘေးဒဏ်များကြောင့် ယခုအခါ ပျက်စီးသွားခဲ့ပြီးဖြစ်ပါ၍ ရာသီမရွေးသွားလာနိုင်တဲ့ သံကူကွန်ကရစ်(အုတ်မြစ်+ကိုယ်ထည်)၊ နှစ်လွှာ တစ်ထပ်ဘေလီတံတား တည်ဆောက်နိုင်ဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှာ တင်ပြထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**လက်ပံတန်းမြို့နယ်၏ အနောက်တောင်ဘက်အရပ်တွင်ရှိသော ကျေးရွာ(၉)ရွာမှ ပြည်သူများ အသုံးပြုနိုင်ရန်အတွက် တာဆိပ်ချောင်းကူးသံဘောလီတံတားအသစ်တစ်စင်းကို မီးရထားတံတားဖြင့် အပြိုင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ လူကူးတံတားမဟုတ်တဲ့ မီးရထား တံတားပေါ်မှာ လုံခြုံမှုမရှိဘဲနဲ့ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် နိစ္စဓူဝသွားချီပြန်ချီ ကူးသန်းနေရတဲ့တံတား တစ်စင်း ကျွန်တော်တို့တောမြို့လေးမှာရှိပါတယ်။ လုံခြုံမှုမရှိတဲ့တံတားပေါ်ကနေပြီးတော့ ဖြတ်သန်း နေစဉ်မှာ ပြုတ်ကျခဲ့လို့ အသက်တွေဆုံးရှုံးခဲ့ရတယ်။ ကိုယ်၊ လက်၊ ခြေ၊ ခေါင်း ထိခိုက်ဒဏ်ရာ ပြင်းထန်စွာ ခံစားခဲ့ကြရတဲ့ ဆရာဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ကျေးရွာသူကျေးရွာသား တွေရှိခဲ့တာကို သိခဲ့မယ်ဆိုလို့ရှိရင် ဝန်ကြီးဌာနအနေနဲ့ လုံခြုံစိတ်ချရတဲ့တံတားအသစ်တစ်စင်းကို လာမယ့်ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၁၉-၂၀၂၀ မှာ တည်ဆောက်ပေးချင်တဲ့စိတ် မရှိဘူးလားလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းချင်ပါတယ်။ ကျွန်တော်နဲ့ကျွန်တော့်မဲဆန္ဒရှင်တွေကတော့ တည်ဆောက်ပေးလိမ့်မယ်လို့ ယုံကြည်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့အစိုးရ လက်ထက်မှာ ကျေးလက်လမ်း၊ တံတား၊ လျှပ်စစ်မီးတွေဖွံ့ဖြိုးတာကို မြေပြင်မှာသိသာစွာ မြင်နေရလို့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် လက်ပံတန်းမြို့လေးမှာ အင်္ဂလိပ်အစိုးရအုပ်ချုပ်စဉ်အခါက တည်ဆောက်ခဲ့တဲ့ အင်္ဂလိပ်ခေတ်အငွေ့အသက်အဖြစ်ကျန်နေခဲ့တဲ့တံတားများဟာ ယခုထက်ထိရှိနေ ပါသေးတယ်။ လွတ်လပ်ရေးသမိုင်းတစ်လျှောက်မှာ ဗုံးဒဏ်အကြိမ်ကြိမ်ခံခဲ့ရတဲ့ နာမည်ကြီးခဲ့ရတဲ့ ကျွန်းကလေးတံတား။ ယခုတင်ပြမယ့် မြန်မာပြည်မှာအစောဆုံးဖောက်လုပ်ခဲ့တဲ့ ရန်ကုန်-ပြည် မီးရထားလမ်းပေါ်က ကျွန်တော်တို့လက်ပံတန်းမြို့အဝင် တာဆိပ်ချောင်းကူးမီးရထားတံတား ဖြစ်ပါ တယ်။ Power Point ဖြင့်တင်ပြခွင့်ပြုစေလိုပါတယ်။ ဒါကတော့ ကျွန်တော်တို့လက်ပံတန်းမြို့နယ်ရဲ့ Google ကနေမှမြေပုံဖြစ်ပါတယ်။ အဲဒီတော့ စောစာကပြောတဲ့ ကျွန်းကလေးတံတားဟာဆိုရင် ကျွန်တော်တို့လက်ပံတန်းမြို့အဝင် တံတားဖြစ်ပါတယ်။ ဒီတံတားကတော့ ပဋ္ဌမအကြိမ် အစည်းအဝေး မှာ မေးခဲ့တဲ့အတွက်ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အခုခေတ်မီတဲ့ သံကူကွန်ကရစ်တံတား

စတင်တည်ဆောက်တော့မှာဖြစ်ပါတယ်။ လက်ပံတန်းမြို့သူမြို့သားများအတွက် နှစ်ပေါင်း ၁၀၀ ကျော် တာဝန်ကျေခဲ့တဲ့တံတားအိုဟာ မကြာခင်မှာပဲ အနားယူပျောက်ကွယ်နှုတ်ဆက်ခဲ့တော့မှာဖြစ်ပါတယ်။ တံတားသစ်အတွက် အစိုးရနဲ့ဝန်ကြီးဌာနကို လက်ပံတန်းမြို့သူမြို့သားများက ကျေးဇူးအထူးတင်နေကြတာဖြစ်ပါတယ်။

အခု တင်ပြမယ့်တံတားကတော့ တာဆိပ်ချောင်းကူးမီးရထားတံတားဖြစ်ပါတယ်။ ကျေးရွာအုပ်စု ၅၃ အုပ်စုအနက် တာဆုံးကျေးရွာအုပ်စုက ကျေးရွာသူကျေးရွာသားတွေဟာ လက်ပံတန်းမြို့နဲ့ ဆက်သွယ်ရာမှာ လူကူးတံတားမရှိခဲ့လို့ ဒီမီးရထားတံတားကို အားပြုသွားလာနေရတာ။ ဒီမီးရထားတံတား စတင်တည်ဆောက်စဉ်ကတည်းက ယနေ့ထိပါပဲ။ ဒီတံတားကိုအားပြုသွားလာနေရတဲ့ မြို့ပေါ်က ဆရာဆရာမများ၊ တာဆုံးကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ရွာကိုးရွာမှ ကျေးရွာသူကျေးရွာ သားတွေဟာ လုံခြုံမှုမရှိတော့တဲ့ နှစ်စဉ် တံတားပေါ်ကပြုတ်ကျခဲ့လို့ မကြာခဏသေဆုံးမှုတွေ၊ ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့တာတွေဟာ ယနေ့ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတဲ့ အစိုးရ အတွက် အခွင့်အခါကောင်းတစ်ရပ်ဖြစ်ပါတယ်။ ဒါကတော့ အခုနေ့စဉ်အသုံးပြုနေတဲ့ မီးရထား တံတားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသက်အန္တရာယ်နဲ့ရင်းပြီးတော့ နေ့စဉ်ဖြတ်သန်းနေရတဲ့ တာဆိပ်မီးရထား တံတားအစား ၎င်းမီးရထားတံတားရဲ့အောက်ဘက် ထန်းပင်ကုန်း-ရှမ်းတောကျေးလက်လမ်းနဲ့ တာဆုံး-ရှမ်းတောဆက်သွယ်ရေးလမ်းတို့ဆုံရာ ရှမ်းတောကျေးရွာမှ တစ်ဖက်ကမ်း တာဆိပ်-အိုးဖိုတန်း ကိုဆက်သွယ်မယ့် ခေတ်နဲ့လျော်ညီတဲ့တံတားအသစ်တစ်စင်းကို တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် တာဆုံးကျေးရွာအုပ်စုနဲ့ မိုးအိုင်ကျေးရွာအုပ်စုတို့မှ ပြည်သူများ၊ လက်ပံတန်းမြို့ပေါ်မှ ကျေးရွာများသို့ သွားရောက်ပညာသင်ကြားနေတဲ့ ဆရာဆရာမများ၊ အ.ထ.က(၂)တာဆိပ်ကျောင်းသို့ လာရောက် ပညာသင်ယူနေတဲ့ ၎င်းကိုးရွာမှာရှိတဲ့ ကျောင်းသူကျောင်းသားများအတွက် များစွာအဆင်ပြေချောမွေ့ မှာဖြစ်တဲ့အတွက်ကြောင့် ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းမှမေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၏ အနောက်တောင်ဘက်အရပ်တွင်ရှိသော ကျေးရွာကိုးရွာမှ ပြည်သူများအသုံးပြုနိုင်ရန်အတွက် တာဆိပ်ချောင်းကူးဘေလီတံတားအသစ်တစ်စင်းကို မီးရထားတံတားဖြင့်အပြိုင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာတဲ့ အချက်အလက်များနှင့်ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မိုးအိုင်ကျေးရွာအုပ်စု၊ ရှမ်းတောကျေးရွာနှင့် တာဆုံးကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကျေးရွာသို့ဆက်သွယ်တဲ့ ကျေးလက်လမ်းပေါ်ရှိ ရှမ်းတော-တာဆိပ်ချောင်းကူးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောတံတားဖြစ်ပါတယ်။ လက်ပံတန်းမြို့နယ်အတွင်းရှိ မိုးအိုင်ကျေးရွာအုပ်စု၊ တာဆုံးကျေးရွာအုပ်စု၊ ချမ်းသာကုန်းကျေးရွာအုပ်စုနှင့် ဆင်ကူးရွာသစ်ကျေးရွာအုပ်စုလေးခုမှာရှိတဲ့ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများတို့သည် လက်ပံတန်းမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ သွားလာတဲ့နေရာမှာ ရထားသံလမ်းကူးတံတားမှ ခက်ခဲစွာဖြတ်သန်းသွားလာနေရပါသဖြင့် တံတားတစ်စင်းတည်ဆောက်ပေးရန်လိုအပ်လျက်ရှိပါတယ်။ တံတားတည်ဆောက်ပြီးစီးပါက ကျေးရွာအုပ်စုလေးအုပ်စု၊ ကျေးရွာပေါင်းကိုးရွာ၊ လူဦးရေပေါင်း ၄၀၀၀ ကျော်ကို လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။

အဆိုပါ ရှမ်းတော-တာဆိပ်ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်နိုင်ဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ လျာထားထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ကျောက်ကြီးမြို့နယ်၊ တုံးကြီးအုပ်စုအတွင်းပါဝင်နေသော တောင်ငူတန်း ရှမ်းချောင်းသံပေါင်ဘေလီ တံတားနှင့် ရှမ်းချောင်းရွာတွင်းရှိ ရှမ်းချောင်းသံပေါင် ဘေလီတံတားနှစ်စင်းတို့အား ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း၊**

**ဥက္ကဋ္ဌ**။ ။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ငွေ(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်အပေါင်းတို့အား မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ငွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ တုံးကြီးအုပ်စုအတွင်းမှာ ပါဝင်နေသော တောင်ငူတန်းရပ်ကွက်၊ ရှမ်းချောင်း သံပေါင်ဘေလီတံတားနှင့် ရှမ်းချောင်းကျေးရွာတွင်းမှာရှိတဲ့ ရှမ်းချောင်းသံပေါင် ဘေလီတံတားနှစ်စင်းအား ပြုလုပ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသောမေးခွန်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တုံးကြီးကျေးရွာအုပ်စုသည် ကျောက်ကြီးမြို့နယ်၏ မြောက်ဘက်မြို့နှင့်ကပ်လျက်ရှိသော ကျေးရွာအုပ်စုတစ်ခုဖြစ်ပါတယ်။ မြို့နယ်စည်ပင်နယ်နိမိတ်အတွင်းလည်းပဲ မကျရောက်ပါ။ ကျောက်ကြီးမြို့ပေါ်ရှိ တောင်ငူတန်းရပ်ကွက်နှင့်ကပ်လျက်ရှိပြီးတော့ ရှမ်းချောင်း(ခ)တောင်ကျချောင်းတစ်စင်းက ပိုင်းခြားထားပါတယ်။ ထိုတောင်ကျချောင်းကိုဖြတ်လျက် ကျောက်ကြီးမြို့သို့ရောက်ရှိစေရန် ကိုယ့်အားကိုယ်ကိုး သစ်သားတံတားနှစ်စင်းကို ယခင်ကတည်ဆောက်အသုံးပြု၍ သွားလာနေကြရပါတယ်ခင်ဗျား။ တောင်ငူတန်းတံတားမှာ အရှည်ပေ ၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိပြီးတော့ ၁၉၁၈ ခုနှစ်က ကိုယ့်အားကိုယ်ကိုးတည်ဆောက်အသုံးပြုပါတယ်ခင်ဗျား။ ဖန်ငါးကုန်းကျေးရွာ၊ တန်ဖိုရွာ၊ ရှမ်းချောင်းရွာ၊ တုံးကြီးရွာ၊ ကပ်ကျေးရပ်ရွာနှင့် တောင်ငူတန်းရပ်ကွက်တို့မှ ပြည်သူများဟာ ဒီတံတားနှစ်စင်းကိုအသုံးပြု၍ မြို့ပေါ်နှင့်ကျေးလက်များသို့ ကူးသန်းရောင်းဝယ်သွားလာနေကြရပါတယ်။ တစ်နေ့လျှင် ပျမ်းမျှလူဦးရေ ၆၀၀ ခန့်အသုံးပြုနေကြောင်းလည်း သိရှိရပါတယ်ခင်ဗျား။ သို့သော် ၂၀၁၈ ခုနှစ် ရေကြီးရေလျှံဖြစ်ပေါ်ပြီး တံတားများသည် ယိုင်နဲ့ပြီးတော့ အန္တရာယ်တံတားများအဖြစ်သို့ ကျရောက်နေပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်လမ်း၊ တံတားဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့အား ဆောက်လုပ်ပေးရန်အကူအညီ တောင်းခဲ့သော်

လည်းပဲ သက်ဆိုင်ရာဦးစီးဌာနများမှ မိမိတို့စာရင်းတွင် Register မရှိသေးကြောင်းပြောသဖြင့် ဤမေးခွန်းအားမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတံတားနှစ်စင်းဟာ သံပေါင်ဘေလီတံတားတောင်းရခြင်းရဲ့ ရည်ရွယ်ချက်မှာ ကျောက်ကြီးမြို့နယ်ကို ဖြတ်သွားသော တောင်ငူ-မုပလ္လင်လမ်းပိုင်းပေါ်ရှိ သံပေါင်ဘေလီတံတားများအား သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်တိုးလိုက်ပြီးဖြစ်သဖြင့် ပိုနေသောသံပေါင်ဘေလီတံတားများဖြင့် အစားထိုးခြင်းဖြင့် နိုင်ငံတော်ရဲ့ ငွေကြေးကုန်ကျမှုသက်သာစေရန် ရည်ရွယ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ တုံးကြီးအုပ်စုအတွင်းမှာ ပါဝင်နေသော တောင်ငူတန်းရပ်ကွက်၊ ရှမ်းချောင်းသံပေါင်ဘေလီတံတားနှင့် ရှမ်းချောင်းရွာအတွင်းရှိ ရှမ်းချောင်းသံပေါင်ဘေလီတံတားနှစ်စင်းအား ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိခဲ့ပါလျှင် မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေမှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ တုံးကြီးအုပ်စုတွင် ပါဝင်နေသော တောင်ငူတန်း ရှမ်းချောင်းသံပေါင်ဘေလီ တံတားနှင့်ရှမ်းချောင်းရွာတွင်းရှိ ရှမ်းချောင်းသံပေါင် ဘေလီတံတားနှစ်စင်းအား ၂၀၁၉ ခုနှစ် မိုးရာသီမတိုင်မီ တည်ဆောက်ပေးရန် ရှိ/မရှိနှင့် မရှိခဲ့ပါလျှင် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာတဲ့ အချက်အလက်များနှင့် ပေါင်းစပ်၍ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ တောင်ငူတန်းရပ်ကွက်နှင့် ရှမ်းချောင်းကျေးရွာသို့ ဆက်သွယ်ထားတဲ့ တောင်ငူတန်းလမ်းတံတားနှင့် ရှမ်းချောင်းလမ်းတံတားနှစ်စင်းတို့သည် လက်ရှိအခြေအနေမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်

လမ်းစာရင်းမှာ မပါဝင်သေးတဲ့ လမ်း၊ တံတားများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါတံတား နှစ်စင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပေးစေလိုတယ်ဆိုရင်တော့ ပထမဦးစွာ ကိုယ်စားလှယ်တော်ကြီးအနေနဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို စာရေးရမှာဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို အဆိုပါလမ်း၊ တံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၊ တံတားများအဖြစ် သိမ်းသွင်းဆောင်ရွက်နိုင်ဖို့အတွက် ခွင့်ပြုချက်တောင်းခံရမှာ ဖြစ်ပါတယ်။ ခွင့်ပြုချက်တောင်းခံပြီးတော့ ဝန်ကြီးဌာနပိုင် လမ်းအဖြစ်နဲ့ ခွင့်ပြုချက်ရရှိပြီးတော့ သိမ်းသွင်းပြီးပြီဆိုလို့ရှိရင်တော့ရန်ပုံငွေများ တင်ပြတောင်းခံသွားမှာ ဖြစ်တဲ့ အတွက် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ အဆိုပါတံတားနှစ်စင်းတည်ဆောက်ဖို့ ရန်ပုံငွေမလျာထားသေးပါဘူး။ ကျွန်တော်တို့ဝန်ကြီးဌာနပိုင်လမ်းအဖြစ် ကျွန်တော်တို့ စာရင်း သိမ်းသွင်းပြီးရင်တော့ နောက်ပိုင်းလာမည့်ဘဏ္ဍာရေးနှစ်များမှာ ရန်ပုံငွေများတင်ပြဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**အိမ်မဲမြို့နယ်ရှိ ကွင်းကလေး-ကြို့ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များအားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မဒီနေ့မေးမယ့်မေးခွန်းကတော့ ကွင်းကလေး-ကြို့ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ ကျွန်မရဲ့ဘဏ္ဍာရေးနှစ်ကို အတိအကျထည့် ခြင်းကတော့ တကယ်တော့ ဒီလမ်းဟာ ၂၀၁၈-၂၀၁၉ ခြောက်လဘတ်ဂျက်မှာ ပြည်ထောင်စု လွှတ်တော်အတည်ပြုပြီးတော့မှ ဘတ်ဂျက်လျှော့ခံရလို့ မရခဲ့တဲ့လမ်းလေး ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ တစ်နှစ်ဘတ်ဂျက်မှာလည်း ကျွန်မတို့ထပ်ပြီးမျှော်လင့်ပါသေးတယ်။ ဒါပေမဲ့ဒီလမ်းလေးပါမလာပါဘူး။ ဒါကြောင့် ဒီ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဒီလမ်းလေးပါမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ဒီမေးခွန်းကို မေးရခြင်းပဲ ဖြစ်ပါတယ်။ ဒီလမ်းဟာ ၁ မိုင်နဲ့ ၆ ဖာလုံ အရှည်ရှိပါတယ်။ ဒီလမ်းရဲ့အခြေအနေကို သိရအောင် Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါက ဒီလမ်းလေး ဖြစ်ပါတယ်။ ဒီလမ်းလေးက

တကယ်တော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းအဖြစ် ဖြစ်ခဲ့ပါတယ်။ တချို့နေရာတွေမှာ ဒီလိုကျောက်ချောလမ်းကျန်ပါတယ်။ တချို့နေရာတွေမှာတော့ လမ်းပျက်တဲ့အတွက် မြေသားလမ်းအသွင် ဖြစ်နေပါတယ်။ တကယ်တော့ ဒီလမ်းလေးဟာ ကျေးရွာ ၁၈ ရွာအထိ ထိစပ်နေပြီးတော့ ကြို့ကုန်းအထက်တန်းကျောင်းကို ရွာအနီးချုပ်စပ်က ကျောင်းလာတက်တဲ့သူအလွန်များတဲ့အတွက် ကျောင်းသားလမ်းလို ဖြစ်နေပါတယ်။ အိမ်ထောင်စုပေါင်း ၁၄၀၀ ခန့်ကို အကျိုးပြုပြီး တစ်ဖက်မှာ ရန်ကုန်-မြောင်းမြလမ်းကို ဦးတိုက်နေတဲ့ Class(A)အဆင့်ရှိတဲ့လမ်း ဖြစ်ပါတယ်။ တစ်ဖက်ကလမ်းအဆုံးမှာတော့ အိမ်မဲတူးမြောင်းတံတားကတစ်ဆင့် အိမ်မဲမြို့ကို တိုက်ရိုက်ဝင်ရောက်နိုင်တဲ့အတိုဆုံးလမ်းလည်းဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ၂၀၁၈-၂၀၁၉ ခြောက်လဘတ်ဂျက်ကတည်းက မျှော်လင့်နေပါတယ်။ အခု ကျွန်မတို့မြို့နယ်မှာ လွှတ်တော်ကိုယ်စားလှယ်တွေရော၊ ဌာနဆိုင်ရာအသီးသီးရော ပါဝင်တဲ့ စီမံကိန်းရေးဆွဲရေးကော်မတီကလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဒီလမ်းကို ဦးစားပေးအနေနဲ့ ရေးဆွဲထားတာဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီလမ်းလေးကို ဦးစားပေးပြီး ထည့်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာမှမေးမြန်းထားတဲ့ အိမ်မဲမြို့နယ်ရှိ ကွင်းကလေး-ကြို့ကုန်းလမ်းကို ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်းအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကြို့ကုန်း-ကွင်းကလေးလမ်းအရှည် ၁ မိုင် ၆ ဖာလုံမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းအား အကျယ် ၁၂ ပေ ကျောက်ချောလမ်းအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့ပြီးတော့ ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေပေါင်း ၁၃၅၄ အိမ်နှင့် လူဦးရေ ၆၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိပါသဖြင့် အဆင့်မြှင့်တင်ရန်လိုအပ်လျက်ရှိပါတယ်။

ကြို့ကုန်း-ကွင်းကလေးလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရလည်း Class(A)ဦးစားပေး အဆင့်(၁)မှာပါဝင်တဲ့လမ်းပိုင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ခြောက်လဘတ်ဂျက်မှာလည်း စီမံကိန်းအသစ်တွေမလုပ်ရဘူးဆိုတဲ့အတွက်၊ မပါတဲ့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေထည့်သွင်းခဲ့ပါသော်လည်းပဲ ရန်ပုံငွေအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိတဲ့အတွက် လာမယ့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ လျာထားထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ပူတာအိုမြို့နယ်၊ မြို့မရပ်ကွက်အတွင်းရှိ ဆောက်လုပ်ရေးပိုင် လမ်းမကြီးပေါ်တွင် ကျူးကျော်တည်ဆောက်ထားသော စျေးဆိုင်(၈)ခန်းအား အမြန်ဆုံးဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံနိုင်ကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ ဖြစ်ပါတယ်။ ၇-၃-၂၀၁၉ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းသွားမယ့်မေးခွန်းကတော့ ပူတာအိုမြို့နယ်၊ မြို့မရပ်ကွက်အတွင်း ဆောက်လုပ်ရေးလမ်းမကြီးဧရိယာပေါ်တွင် ကျူးကျော်တည်ဆောက်ထားသော စျေးဆိုင်ခန်းများအား အမြန်ဆုံးဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်၏မဲဆန္ဒနယ်ဖြစ်သော ပူတာအိုခရိုင်မြို့နယ်ကြီးဖြစ်ပါတယ်။ မြို့မရပ်ကွက်သည် ပူတာအိုမြို့နယ်၏အလယ်တွင်ကျရောက်ပြီး လူဦးရေများသော မြို့ပေါ်ရပ်ကွက်တစ်ခုလည်း ဖြစ်ပါတယ်။ မြို့မရပ်ကွက်အတွင်း ခရိုင်၊ မြို့နယ်အစိုးရဌာနရုံးများ၊ မြို့နယ်အားကစားကွင်း၊ ခရိုင်ပြည်သူ့ဆေးရုံကြီး၊ စည်ပင်သာယာစျေးနှင့် မြို့တော်ခန်းမတည်ရှိသော ရပ်ကွက်တစ်ခုလည်းဖြစ်သောကြောင့် ရပ်ကွက်နှင့်ပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများ သွားလာမှုများပြားသောရပ်ကွက်တစ်ခုလည်းဖြစ်သည်ကို တွေ့ရှိရပါတယ်။ ဆိုင်ခန်းများကို ကွင်းဆင်းကြည့်ရှုတဲ့

အခါမှာ ယခင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးနိုင်လွင်ဦးအမည်ဖြင့် ဆိုင်ခန်းအဆောက်အဦနှစ်လုံး တည်ဆောက်ထားရှိမှုကို တွေ့ရှိရပါတယ်။ အဆောက်အဦ(၁)သည် ပြည်ထောင်စုလမ်းမဗဟိုမှ ပျမ်းမျှ အကွာအဝေး ၂၅ ပေတွင်တည်ရှိပြီး အဆောက်အဦသည် လမ်းနယ်အတွင်းလုံးဝကျရောက်လျက်ရှိ ကြောင်း တွေ့ရှိရပါတယ်။ အဆောက်အဦ(၂)သည်လည်း ပြည်ထောင်စုလမ်းမ ဗဟိုပျမ်းမျှအကွာ အဝေး ၂၂ ပေတွင်တည်ရှိပြီး အဆောက်အဦသည် လမ်းနယ်အတွင်းလုံးဝကျရောက်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါအဆောက်အဦနှစ်ခုတွင် ဖွင့်လှစ်ထားသောဆိုင်ခန်းများမှာ မြို့နယ် စည်ပင်သာယာအဖွဲ့အနေဖြင့်လည်း ဈေးဆိုင်ခန်းများနှင့်ပတ်သက်၍ အခွန်အခကောက်ခံခြင်း မရှိတာကိုလည်း တွေ့ရှိရပါတယ်။ တချို့ဆိုင်ခန်းများကို ဦးနိုင်လွင်ဦး အမည်ဖြင့် ဆိုင်ခန်းများ ဖွင့်လှစ် ပြီး ဆိုင်ခန်းများကို တစ်ဆင့်ငှားရမ်းထားသည်ကိုလည်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါရန် တောင်းဆိုအပ်ပါတယ်။ ကျွန်တော်တို့ပူတာအိုမြို့၊ မြို့မ ရပ်ကွက်ပြည်ထောင်စုလမ်းမကြီး၏လမ်းနယ်ဧရိယာအပေါ်တွင် တည်ဆောက်ထားသော ကျူးကျော် ဆိုင်ခန်းများရဲ့ဘေးဘက်မြင်ရခြင်းဖြစ်ပါတယ်။ ဒါကတော့ အရှေ့ဘက်က မြင်ရခြင်းဖြစ်ပါတယ်။ ဒါကလည်း ဘေးဘက်က မြင်ရတဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ ဈေးဆိုင်ရဲ့နောက်ဘက်မှာ အုတ်တံတိုင်း ခတ်ထားတာ ပြန်ကြားရေးဦးစီးဌာနအနေနဲ့ လမ်းဧရိယာကို တိုင်းပြီးမှ ခတ်ထားခြင်း ဖြစ်ပါတယ်။ ဒါကတော့ ညာဘက်ဘုန်းကြီးကျောင်းအနေနဲ့လည်း လမ်းဧရိယာကို တိုင်းတာပြီးတော့မှ ကာထားတဲ့ နေရာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်းရှိ ဆောက်လုပ်ရေးလမ်းမကြီး ဧရိယာပေါ်တွင် ကျူးကျော်ဆောင်ရွက်ထားသော ဈေးဆိုင်ခန်းများအား အမြန်ဆုံးဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများရဲ့ကိုယ်စား ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်၊

မြို့မရပ်ကွက်အတွင်းရှိ ဆောက်လုပ်ရေးပိုင်လမ်းမကြီးပေါ်တွင် ကျူးကျော်တည်ဆောက်ထားတဲ့ ဈေးဆိုင်ရှစ်ခန်းအား အမြန်ဆုံးဖျက်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားလာတဲ့အဖြေနဲ့ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတာက ဈေးဆိုင်ခန်းရှစ်ခန်းဖြစ်ပေမဲ့ မြေပြင်မှာလက်ရှိအခြေအနေက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းမကြီးရဲ့မိုင်တိုင်(၂၁၇/၅)နှင့်(၂၁၇/၆)အကြားမှာတည်ရှိတဲ့ ပူတာအိုမြို့နယ်၊ မြို့မရပ်ကွက်ရှိ ပြည်ထောင်စုလမ်းဘေးမှာ စုစုပေါင်းဈေးဆိုင်ခန်း ၁၀ ခန်း၊ ပူတာအိုတပ်နယ် သက်သာချောင်ချိရေးအတွက် ဆောက်လုပ်ထားတဲ့ဆိုင်ခန်းသုံးခန်းနှင့် စုစုပေါင်းဈေးဆိုင်ခန်း ၁၃ ခန်းရှိပါတယ်။ ယခုအခြေအနေမှာတော့ မြစ်ကြီးနားကနေ ပူတာအိုကို နေ့ချင်းပေါက်ခရီးရောက်နေပြီဖြစ်တဲ့အတွက် မော်တော်ကားလမ်းများလည်း ကောင်းမွန်နေပြီဖြစ်တဲ့အတွက် အခုဆိုရင်တော့ ပူတာအိုမြို့မှာ မော်တော်ကားများစွာဝင်ရောက်လာဖြစ်တဲ့အတွက် အဆိုပါဆိုင်ခန်းများသည် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် အနှောင့်အယှက်ဖြစ်လျက်ရှိပါတယ်။ Car Traffic အတွက်ကိုလည်း ပိတ်ဆို့နေတဲ့၊ အန္တရာယ်တွေနဲ့ကြုံတွေ့နေတဲ့အတွက် ၎င်းဆိုင်ခန်းတွေကို ဖယ်ရှားဖို့လိုအပ်လာပါတယ်။ ဒါကြောင့်မို့လို့ ၎င်းဆိုင်ခန်းတွေဖယ်ရှားနိုင်ဖို့အတွက် ၂၄-၁-၂၀၁၉ ရက်နေ့မှာ သက်ဆိုင်ရာဆိုင်ခန်းငှားရမ်းသူတွေ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံးနှင့်ညှိနှိုင်းပြီး အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ဈေးဆိုင်ခန်း ၁၀ ခန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်မှာ ဖယ်ရှားရှင်းလင်းပေးဖို့ ညှိနှိုင်းခဲ့သော်လည်းပဲ ဆိုင်ခန်းရှင်တွေကနေ ဆိုင်ခန်းမြေနေရာ အခက်အခဲနှင့်ဆိုင်ရွှေ့ရမယ့်နေရာအခက်အခဲတွေ သူတို့တင်ပြပြီးတော့မှ ၂၀၁၉ ခုနှစ် ဇွန်လကုန်မှာ နောက်ဆုံးထားပြီး ဖယ်ရှားပေးပါမယ်ဆိုပြီး ကတိကဝတ်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုလမ်းကြီးရဲ့ (၁၀)ခန်းအပြင် နောက်သုံးခန်းဖြစ်နေတဲ့ လမ်းနယ်နိမိတ်အတွင်းမှာ ပါဝင်ပြီးတော့ ဖယ်ရှားရှင်းလင်းရန် ကျန်ရှိနေတဲ့ ပူတာအိုတပ်နယ် သက်သာချောင်ချိရေးအတွက် ဆောက်လုပ်ထားတဲ့ ဆိုင်ခန်းသုံးခန်းကို ဆက်လက်ပြီးဖယ်ရှားပေးနိုင်ဖို့အတွက် ပူတာအိုမြို့ရှိ စစ်ဗျူဟာမှူး၊ အခြေချစစ်ဗျူဟာအဖွဲ့အား ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားဖြေကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ရမ်းဗြဲမြို့နယ်၊ ဟုန်းချောင်းဖျားဒေသရှိ ရခိုင်ကျေးရွာများနှင့် ချင်းအမျိုးသားကျေးရွာများ ဆက်သွယ်သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် ဟုန်းချောင်းဖျားကိုဖြတ်၍ ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့မေးမြန်းသွားမယ့်မေးခွန်းကတော့ ရမ်းဗြဲမြို့နယ်၊ ဟုန်းချောင်းဖျားဒေသရှိ ရခိုင်ကျေးရွာများနှင့် ချင်းအမျိုးသား ကျေးရွာများ ဆက်သွယ်သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် ဟုန်းချောင်းဖျားရှိ ဒေသကို ဖြတ်သန်း၍ ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတားတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရမ်းဗြဲမြို့နယ်ဒေသဟာ မြစ်ချောင်းများ၊ တောတောင်များရှိတဲ့ ဒေသ တစ်ခုဖြစ်တဲ့အတွက် ဒေသတစ်ခုမှတစ်ခုသို့ ဆက်သွယ်သွားလာရာမှာ မြစ်ချောင်းများကို အသုံးပြု ဆက်သွယ်သွားလာနေကြရပါတယ်။ ကားလမ်းတွေရှိတဲ့ဒေသတွေမှာလည်းပဲ မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များကို အသုံးပြု၍ ဆက်သွယ်သွားလာနေကြရတာလည်း ရှိပါတယ်။ ရမ်းဗြဲ မြို့နယ်ရှိ လမ်းများအနက် ရမ်းဗြဲမြို့မှ ကျောက်နီမော်ဒေသသို့ ဆက်သွယ်ထားသော မော်တော် ကားလမ်းမှာ ၂၅ မိုင်ကျော်ရှည်လျားပြီး မြို့နယ်၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော လမ်းတစ်လမ်းဖြစ်ပါတယ်။ ဤဒေသတွင် ဆက်သွယ်သွားလာရေးခက်ခဲသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခက်အခဲဆုံးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဒေသမှာ ဟုန်းချောင်းဖျားဒေသ ဖြစ်ပါတယ်။ ဟုန်းချောင်းဖျားဒေသမှာ သင်းပန်းချိန်ကျေးရွာ၊ တောကြားကျေးရွာ၊ ဆေးသမားကျေးရွာ ဆိုတဲ့ ရခိုင်ကျေးရွာသုံးရွာရှိပြီး ထောက်ကြန့်တောကျေးရွာ၊ သက်န်းဖြူကျေးရွာဆိုတဲ့ ချင်းအမျိုးသား များနေထိုင်ရာ ကျေးရွာနှစ်ရွာလည်းပဲ ရှိပါတယ်။ ဤကျေးရွာတွေဟာ ရမ်းဗြဲကျွန်းရဲ့ တောတောင် အထူထပ်ဆုံးဒေသဖြစ်တဲ့ ဇီးခါးတောင်ခြေမှာရှိသည့် ထောက်ကြန့်တောကျေးရွာနဲ့ သက်န်းဖြူကျေးရွာ တို့မှာ ဇီးခေါတောထဲမှာရှိသည့် မိုးရာသီ ရေစီးပြင်းထန်တဲ့ ဟုန်းချောင်းဖျားကို ယာယီဝါးတံတားထိုး အသုံးပြုဆက်သွယ်သွားလာနေကြရသဖြင့် များစွာအခက်အခဲကြုံတွေ့နေကြရပါတယ်။ ဤဒေသရှိ

ကျေးရွာများမှ ချောင်းတစ်ဖက်ကမ်းရှိ သင်းပန်းချိန် အ.ထ.က(ခွဲ)သို့ ကျောင်းတက်ရာမှာ မိုးရာသီ ရေစီးပြင်းထန်တဲ့အချိန်မှာ ဟုန်းချောင်းဖျားကို ဖြတ်သန်းသွားလာရန် အခက်အခဲရှိ၍ ပညာရေး အခွင့်အလမ်းများ ဆုံးရှုံးမှုဖြစ်ပေါ်နေကြရပါတယ်။ ကျန်းမာရေးအကြောင်းကိစ္စ ပေါ်ပေါက်လာတဲ့ အခါ ဟုန်းချောင်းဖျားကို အချိန်မရွေးဖြတ်သန်းသွားလာ၍မရနိုင်တဲ့အတွက် တိုက်နယ်ဆေးရုံရှိရာ ကျောက်နီမော်ကျေးရွာသို့ ဆက်သွယ်သွားလာရန်ခက်ခဲသဖြင့် အသက်ဆုံးရှုံးရတဲ့အခြေအနေ များလည်း ရှိခဲ့ဖူးပါတယ်။ ဟုန်းချောင်းဖျားဒေသတွင် တောကြားကျေးရွာဘက်ကမ်းမှ သင်းပန်းချိန် ကျေးရွာဘက်ကမ်းသို့ အချိန်မရွေးဆက်သွယ်သွားလာနိုင်ရန်နဲ့ ရမ်းဗြဲမြို့နှင့် ကျောက်နီမော်ဒေသ တို့သို့ လွယ်လင့်တကူအချိန်မရွေးဆက်သွယ်သွားလာနိုင်ရန် ပေ ၂၂၀ ခန့်ကျယ်တဲ့ ဟုန်းချောင်းဖျား ကို ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက လူနေမှု အဆင့် အတန်းနိမ့်ကျနေတဲ့ ရခိုင်ကျေးရွာများနှင့် ချင်းအမျိုးသားကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားဆက်သွယ်ကူးသန်းရောင်းဝယ်ရေး လွယ်ကူအဆင်ပြေလာမည်ဖြစ်ပြီး ဒေသ၏အခြေအနေမှာ အချိန်အနည်းငယ်အတွင်း ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပါတယ်။ ဒေသရဲ့အခြေအနေများကို သိသာ နိုင်ရန်အတွက် Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ဟုန်းချောင်းဖျား ဒေသရှိ ချင်းအမျိုးသား သက်န်းဖြူကျေးရွာရဲ့ပုံ ဖြစ်ပါတယ်။ ဒါကလည်းပဲ ချင်းအမျိုးသားများ နေထိုင်ရာ ထောက်ကြန့်တောကျေးရွာပုံဖြစ်ပါတယ်။ ဒါကတော့ ဟုန်းချောင်းဖျားကို ဖြတ်သန်းတည် ဆောက်ထားတဲ့ ယာယီဝါးတံတားပုံဖြစ်ပါတယ်။ ဒါကလည်းပဲ ဟုန်းချောင်းဖျားဒေသရှိ ယာယီ ဝါးတံတားပုံဖြစ်ပါတယ်။ ဒါကတော့ ဟုန်းချောင်းဖျားဒေသမှာရှိတဲ့ ကျောက်နီမော်နဲ့ ရမ်းဗြဲကို ဆက်သွယ်ထားတဲ့ လမ်းမကြီးနဲ့ချိတ်ဆက်နေတဲ့ ကျေးလက်လမ်းဖြစ်ပါတယ်။ ဒါကတော့ ဟုန်းချောင်းဖျားဒေသနေပြည်သူများ အသုံးပြုနေတဲ့ အ.ထ.က(ခွဲ)သင်းပန်းချိန်ပုံဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းလိုသည်မှာ ရမ်းဗြဲမြို့နယ်၊ ဟုန်းချောင်းဖျား ဒေသရှိ ရခိုင်ကျေးရွာများနှင့် ချင်းအမျိုးသားကျေးရွာများ ဆက်သွယ်သွားလာရေး လွယ်ကူ အဆင်ပြေစေရန်အတွက် ဟုန်းချောင်းဖျားကိုဖြတ်၍ တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်။ အစီအစဉ်မရှိပါက မည်သည့်အကြောင်း ကြောင့်ဖြစ်သည်ကို သိရှိလိုပါသဖြင့် ဒေသနေပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေမေးမြန်းထားတဲ့ ရမ်းဗြဲမြို့နယ်၊ ဟုန်းချောင်းဖျားဒေသရှိ ရခိုင်ကျေးရွာများနှင့် ချင်းအမျိုးသားကျေးရွာများ ဆက်သွယ်သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် ဟုန်းချောင်းဖျားကိုဖြတ်၍ ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတား ထိုးပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရမ်းဗြဲမြို့နယ်၊ ဟုန်းချောင်းဖျားဒေသရှိ သင်းပန်းချိန်-တောကြား-ဆေးသမား-သစ်ပုတ်ချိန်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဟုန်းချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းပေါ်တွင် တည်ရှိသောတံတားဖြစ်ပါတယ်။ အဆိုပါတံတား၏ လက်ရှိအခြေအနေမှာ ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထတည်ဆောက်ထားတဲ့ သစ်သားတံတားလေးဖြစ်တဲ့အတွက် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ လက်ရှိထည့်သွင်းလျာထားပြီးဖြစ်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပညာရေးဝန်ကြီးဌာနက အခြေခံပညာရေးဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပညာရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

## ပညာရေးဝန်ကြီးဌာနက အခြေခံပညာရေးဥပဒေကြမ်းကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပညာရေးဝန်ကြီးဌာနက အခြေခံပညာရေးဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပညာရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း ကျွန်တော် ဦးဝင်းမော်ထွန်း၊ ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာနမှ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးငယ်တိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်ထိ သင်ယူတတ်မြောက်စေရန် ရည်ရွယ်ပြီးလည်းကောင်း၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံပြီး တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေးအခြေခံအသိများနှင့်အညီ လက်တွေ့ကျင့်သုံးနေထိုင်နိုင်သည့် ကမ္ဘာ့နိုင်ငံသားကောင်းများဖြစ်စေရန်နှင့် ခေတ်နှင့်လျော်ညီသော နည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားမှု၊ သင်ယူမှု၊ အရည်အသွေးမြင့်မားလာစေရန် ရည်ရွယ်ပြီးလည်းကောင်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ဥပဒေကျွမ်းကျင်သူ ပညာရှင်များ၏ အကြံပြုချက်များ၊ ဆွေးနွေးချက်များနှင့် သဘောတူညီချက်များကို အခြေခံပြီး မူကြမ်းရေးဆွဲထားတဲ့ ဒီ အခြေခံပညာရေးဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပေးနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ လေးစားစွာတင်ပြအပ်ပါတယ်။

## အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးချက်အရ အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉-၆၁

ရက်စွဲ ၊ ၂ ၀ ၁ ၉ ခု နှ စ်၊ မတ် လ ၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အခြေခံပညာရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀(၃)/ပထစ-၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော အခြေခံပညာရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

**မူကြမ်း**

၂။ ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာရေးဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ်အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်၊

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့်ပြည့်စုံသည့် လူသားကောင်းများဖြစ်ရန်၊

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် စည်းကမ်းပြည့်ဝ၍ ဥပဒေကိုလေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသော လူသားကောင်းများဖြစ်ရန်၊

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင်ကြံဆဆောင်ရွက်တတ်သည့် လူသားကောင်းများဖြစ်ရန်၊

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်၊

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအသိပညာကို လက်ဆင့်ကမ်းနိုင်သော လူသားကောင်းများဖြစ်ရန်၊

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့်လျော်ညီသော နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှုအရည်အသွေး မြင့်မားရန်၊

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်ဖွံ့ဖြိုးလာရန်၊

**မူကြမ်း**

(ဈ) နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးအတွက် အခြေခံကောင်းများ ရရှိရန်၊

(ည) အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိရန်၊

(ဋ) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီးငြိမ်းချမ်းရေး အခြေခံအသိများနှင့်အညီ လက်တွေ့ကျင့်သုံးနေထိုင်တတ်သည့် ကမ္ဘာ့နိုင်ငံသားများ ဖြစ်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၃-၈-၂၀၁၈ ရက်နေ့တွင် ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၈-၁၁-၂၀၁၈ ရက်နေ့တွင် ဒေါ်စုစုလွင်(သုံးခွမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၄-၃-၂၀၁၉ ရက်နေ့နှင့် ၆-၃-၂၀၁၉ ရက်နေ့တို့တွင် ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ အခြေခံပညာရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ

လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉- ၆၁

ရက်စွဲ ၊ ၂ ၀ ၁ ၉ ခု နှစ်၊ မတ် လ ၆ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂-၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃)/ပထစ-၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော အခြေခံပညာရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာရေးဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ်အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

**မူကြမ်း**

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်၊

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆဝေဖန်ပိုင်ခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့်ပြည့်စုံသည့် လူသားကောင်းများဖြစ်ရန်၊

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် စည်းကမ်းပြည့်ဝ၍ ဥပဒေကိုလေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသော လူသားကောင်းများဖြစ်ရန်၊

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင်ကြံဆဆောင်ရွက်တတ်သည့် လူသားကောင်းများဖြစ်ရန်၊

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများဖြစ်ရန်၊

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိပညာကို လက်ဆင့်ကမ်းနိုင်သော လူသားကောင်းများဖြစ်ရန်၊

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့်လျော်ညီသော နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှုအရည်အသွေး မြင့်မားရန်၊

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ တွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစား စိတ်ဓာတ်ဖွံ့ဖြိုးလာရန်၊

(ဈ) နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးအတွက် အခြေခံကောင်းများ ရရှိရန်၊

(ည) အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိရန်၊

**မူကြမ်း**

(ဋ) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည်လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီးငြိမ်းချမ်းရေး အခြေခံ အသိများနှင့်အညီ လက်တွေ့ကျင့်သုံးနေထိုင်တတ်သည့် ကမ္ဘာ့နိုင်ငံသားများ ဖြစ်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၃-၈-၂၀၁၈ ရက်နေ့တွင် ဒေါက်တာလှမိုး (အောင်မြေသာစံမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ၈-၁၁-၂၀၁၈ ရက်နေ့တွင် ဒေါ်စုစုလွင်(သုံးခွမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၄-၃-၂၀၁၉ ရက်နေ့နှင့် ၆-၃-၂၀၁၉ ရက်နေ့တို့တွင် ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ် လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခြေခံပညာရေးဥပဒေကြမ်းတွင် အခန်း (၁၂) ခန်းနှင့် အပိုဒ်ပေါင်း ၅၆ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

# အခြေခံပညာရေးဥပဒေ

## (၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

## ၁၃၈၀ ပြည့်နှစ်၊ လ ရက်

## (၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(က) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ရုံးဆိုသည်မှာ မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေ ပညာရေးမှူး ရုံးကိုဆိုသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ရှိ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ပေးသည့်ဆိုသည့် စကားရပ်ကို ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်သည့်ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ရှိ အသိပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆ အမြင်များကိုဆိုသည့် စကားရပ်ကို အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထားအယူအဆအမြင်များကိုဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

(ဆ) ဆရာဆိုသည်မှာ အခြေခံပညာရေးအဆင့်တစ်ခုခုတွင် သင်ယူသူများ၏ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် သဘောထား အယူအဆ အမြင်များ ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ပံ့ပိုးပေးခြင်း၊ သင်ကြားပို့ချ လေ့ကျင့် ပေးခြင်း တာဝန်များကို ထမ်းဆောင်သည့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူကိုဆိုသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) ကျောင်းပညာရေးဆိုသည်မှာ အခြေခံပညာရေးအဆင့်တွင် သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်

စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးသော မူကြိုပညာရေး၊ သူငယ်တန်းပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးဆိုင်ရာ အခြေခံတို့ အကျုံးဝင်သည့် ပညာရေးကိုဆိုသည်။

(ဇ) အပိုဒ် ၂ အပိုဒ်(ဈ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) တစ်သက်တာပညာရေး ဆိုသည်မှာ အမျိုးမျိုးသော သင်ယူမှုအစီအစဉ်များဖြင့် တစ်သက်တာလေ့လာသင်ယူနိုင်သော ပညာရေးကိုဆိုသည်။

(ဈ) အဆိုပြုပြဋ္ဌာန်းချက်အပိုဒ် ၂ အပိုဒ်ခွဲ(ည)နှင့်(ဋ)တို့ကို ပယ်ဖျက်ပါသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)ကို အပိုဒ်ခွဲ(ဍ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ သင်ယူသူများကိုယ်တိုင် သင်ယူမှုဖြစ်ထွန်းစေရန်အတွက်ဆိုသည့် စကားရပ်ကို သင်ယူသူများကိုယ်တိုင် သင်ယူမှု ဖြစ်ထွန်းစေရန်ဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၂ အပိုဒ်ခွဲ(ဒ)ကို အပိုဒ်ခွဲ(တ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(တ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းဆိုသည်မှာ သက်ဆိုင်ရာဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်၍ခွင့်ပြုချက်ရရှိထားသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းကို ဆိုသည်။

(ဌ) အပိုဒ် ၂ အပိုဒ်ခွဲ(ထ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ထ) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆိုသည်မှာ ဘုန်းတော်ကြီးသင်ပညာရေး ကြီးကြပ်မှုဗဟိုအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခြေခံပညာရေးအဆင့်တိုင်းအတွက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားပေးရန် ဘုန်းတော်ကြီးများနှင့် သီလရှင်များက တည်ထောင်ဖွင့်လှစ်ထားသည့် ကျောင်းကို ဆိုသည်။

(ဍ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ရှိ အသိဉာဏ်ရှိ၍ဆိုသည့် စကားရပ်ကို အသိဉာဏ်ရှိပြီးဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ရှိ စည်းကမ်းပြည့်ဝ၍ ဥပဒေကို

လေးစားလိုက်နာတတ်သည့် ဆိုသည့်စကားရပ်ကို ဥပဒေကို လေးစားလိုက်နာတတ်သည့်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ဎ) အပိုဒ် ၃ အပိုဒ်ခွဲ(စ)ရှိ အသိပညာကိုဆိုသည့်စကားရပ်ကို အသိပညာ၊ အတတ်ပညာကိုဟု ပြင်ဆင်ပါသည်။

(ဏ) အပိုဒ် ၃ အပိုဒ်ခွဲ(ဈ)နှင့်(ည)တို့ကို အပိုဒ်ခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဈ) နည်းပညာနှင့်သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိရန်၊

(တ) အပိုဒ် ၃ အပိုဒ်ခွဲ(ဋ)ကို အပိုဒ်ခွဲ(ည)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လက်တွေ့ကျင့်သုံးနေထိုင်တတ်သည့် ကမ္ဘာ့နိုင်ငံသားများဖြစ်ရန် ဆိုသည့်စကားရပ်ကို လက်တွေ့ကျင့်သုံးနေထိုင်တတ်သည့် လူသားကောင်းများဖြစ်ရန်ဟု ပြင်ဆင်ပါသည်။

(ထ) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အားလုံးပညာ သင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို အခြေခံပညာရေးအဆင့်တိုင်းတွင် လူတိုင်းအကျုံးဝင် ပညာရေးအစီအစဉ်၊ အထူးပညာရေးအစီအစဉ်၊ တစ်သက်တာပညာရေးနှင့် ပညာရေး အထူးဝန်ဆောင်မှုအစီအစဉ်များအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပပညာရေးတစ်ခုခုတွင် အခြေခံပညာရေးကို သင်ယူနိုင်ခွင့်ရရှိရေး၊

(ဒ) အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)ရှိ စာကြည့်တိုက်များနှင့် သင်ကြားသင်ယူမှုစာသင်ခန်းများ ပါဝင်သည့်ဆိုသည့်စကားရပ်ကို စာကြည့်တိုက်၊ သင်ကြားသင်ယူမှု စာသင်ခန်းများ ပါဝင်သည့်ဟု ပြင်ဆင်ပါသည်။

(ဓ) အပိုဒ် ၄ အပိုဒ်ခွဲ(ဌ)ရှိ ကျောင်းသားမိဘများနှင့် ရပ်ရွာအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ ဆိုသည့်စကားရပ်ကို ကျောင်းသားမိဘ သို့မဟုတ် အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုက ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊ ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဍ)ရှိ ပြည်သူလူထုကသိရှိစေရန် ဆိုသည့်စကားရပ်ကို ပြည်သူလူထုသိရှိစေရန်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(န) အပိုဒ် ၄ အပိုဒ်ခွဲ(ဏ)နှင့်(တ)တို့ရှိ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဆိုသည့်စကားရပ်ကို ကျောင်းပြင်ပပညာရေးဟုလည်းကောင်း၊ အပိုဒ်ခွဲ(တ)ရှိ ကူးပြောင်းသင်ယူနိုင်ရန်အတွက် ဆိုသည့်စကားရပ်ကို ကူးပြောင်းသင်ယူနိုင်ရန်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ပ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄ အပိုဒ်ခွဲ(ဓ)ကို ပယ်ဖျက်ပါသည်။

(ဖ) အခန်း(၄) အပိုဒ် ၆ ခြေဆင်းကို အခြေခံပညာကျောင်းများကို အောက်ပါအတိုင်း သတ်မှတ်သည်ဟု ပြင်ဆင်ပါသည်။

(ဗ) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)နှင့်(ဂ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) သူငယ်တန်း၊ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အတန်းများပါရှိသည့် အခြေခံပညာအလယ်တန်းကျောင်း သို့မဟုတ် အလယ်တန်းအဆင့် အတန်းများသာပါရှိသည့် အခြေခံပညာအလယ်တန်းကျောင်း၊

(ဂ) သူငယ်တန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတန်းများပါရှိသော အခြေခံပညာ အထက်တန်းကျောင်း သို့မဟုတ် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတန်းများပါရှိသော အခြေခံပညာ အထက်တန်းကျောင်း သို့မဟုတ် အထက်တန်း အဆင့်အတန်းများသာပါရှိသည့် အခြေခံပညာအထက်တန်းကျောင်း၊

(ဘ) အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဃ) လိုအပ်ချက်အရ အခါအားလျော်စွာ သတ်မှတ်ထားသည့်ကျောင်း။

(မ) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၇ ပါ အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် အခြေခံပညာရေးကောင်စီ၏ သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ရမည်။

(ယ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၉ နှင့် ၁၀ တို့ကို ပယ်ဖျက်ပါသည်။

(ရ) အခန်း(၅)ခေါင်းစဉ်ကို အခြေခံပညာရေးကောင်စီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၉ အပိုဒ်ခွဲ(က)ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ (က) အစိုးရအဖွဲ့သည်-

(၁) ကောင်စီကို ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အခြေခံပညာဆရာများ၏ ကိုယ်စားလှယ်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များက ကောင်စီဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်စေလျက် ဖွဲ့စည်းရမည်။

(ဝ) အပိုဒ် ၉ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၂)ကို ပုဒ်မခွဲငယ်(၁)အရ ဖွဲ့စည်းသည့်ကောင်စီကို လိုအပ်ပါကပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(သ) အပိုဒ် ၉ အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) ကောင်စီ၏သက်တမ်းသည် သာမန်အားဖြင့် ငါးနှစ် ဖြစ်သည်။

(ဟ) အပိုဒ် ၉ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို အစိုးရအဖွဲ့က သတ်မှတ်ပေးရမည်။

(ဠ) အပိုဒ် ၁၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၁) အခြေခံပညာရေးကို နည်းပညာနှင့် သက်မွေးပညာရေး၊ ဆရာ အတတ်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် ကျောင်းပြင်ပပညာရေးအစရှိသော ကဏ္ဍအသီးသီးတို့နှင့် ဆက်စပ်မှုရှိရေး၊

(အ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ကျောင်းများ၏အရည်အသွေး စံသတ်မှတ်ချက်များကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ချမှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခြင်း၊

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ကျောင်းများတွင်ခန့်ထားမည့် ဆရာများ၏ ပညာအရည်အချင်းကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ပေးခြင်း၊

( - ) အပိုဒ် ၁၁ အပိုဒ်ခွဲ(စ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(စ) ဝန်ကြီးဌာနက သတ်မှတ်ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းအား ကြပ်မတ်ခြင်း၊

( - ) အပိုဒ် ၁၂ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၁၁ အပိုဒ်ခွဲ(ဆ)နှင့်(ဇ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် သင်ရိုးညွှန်းတမ်းအဖွဲ့များ ဖွဲ့စည်းခြင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာပြီးမြောက်ရေး၊ ကျောင်းနေမြဲရေးနှင့် ကျောင်းထွက်နှုန်းလျှော့ချရေးအပါအဝင် ပညာရေး ဆိုင်ရာလုပ်ငန်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ များနှင့် လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ခြင်း။

( - ) အပိုဒ် ၁၃ ခြေဆင်းကို အပိုဒ် ၁၂ ခြေဆင်းအဖြစ်ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ပုဒ်မ ၁၂ ပါ ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၁ ပါဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၆) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အစိုးရအဖွဲ့နှင့် ညှိနှိုင်းသတ်မှတ်ပေးရမည် ဆိုသည့်စကားရပ်ကို အစိုးရအဖွဲ့သို့တင်ပြ၍ သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

(က) အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်းဆိုင်ရာမူများ၊ စံများ၊ သတ်မှတ်ချက် များနှင့်အညီ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ၊ သင်ရိုးမာတိကာများ အသေးစိတ်ရေးဆွဲခြင်း၊ သုံးသပ်ခြင်းနှင့် ပြုပြင်ခြင်းများကို အမျိုးသား သင်ရိုးညွှန်းတမ်း ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

( - ) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)တို့ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ နည်းစနစ်များကို အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ် ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနသို့တင်ပြရမည်။

**မူကြမ်း**

(ဃ) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သည့်အဖွဲ့ငယ်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၆ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁)နှင့်(၂)တို့ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၁၇ ခေါင်းစဉ်ကို အပိုဒ် ၁၆ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီသည် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်ရေးဆွဲရာတွင် အောက်ပါအချက်များ ပါရှိစေရန် စီစဉ်ဆောင်ရွက်ရမည်-

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ဇ)နှင့်(ဈ)တို့အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(ဇ) အခြေခံပညာအဆင့်တွင် လိုအပ်ပါက တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ စာသင်ခန်းသုံး ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုရေး၊

(ဈ) အထက်တန်းအဆင့် ပညာရေးတွင် မြန်မာစာနှင့် အင်္ဂလိပ်စာတို့ကို သင်ကြားသင်ယူမှု ဘာသာစကားအဖြစ် အသုံးပြုရေး၊

( - ) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဈ)ကို အပိုဒ် ၁၆ အပိုဒ်ခွဲ(ည)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ နည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးပညာရပ်များဆိုသည့် စကားရပ်ကို နည်းပညာနှင့် သက်မွေးပညာရေးနှင့် ပညာရပ်များဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၁၈ ခေါင်းစဉ်ကို အပိုဒ် ၁၇ ခေါင်းစဉ်အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အခြေခံပညာရေးအဆင့်အလိုက် လေ့လာသင်ယူမှုနယ်ပယ်များကို သတ်မှတ်ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

( - ) အပိုဒ် ၁၉ ခြေဆင်းကို အပိုဒ် ၁၈ ခြေဆင်းအဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ အခြေခံပညာသင်ရိုး ညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် သင်ကြားသင်ယူမှု နည်းလမ်းများကို ရွေးချယ်ရာတွင် အောက်ပါအချက်တို့ကို အခြေခံရမည်-

( - ) အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ်ခွဲ(က) (ခ) နှင့်(ဂ)တို့ကို အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ်ခွဲ (က) (ခ)နှင့်(ဂ)တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ် ကော်မတီသည် သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်နည်းများ သတ်မှတ်ရာတွင် အောက်ပါအချက်တို့ကို အခြေခံရမည်-

(က) သင်ယူတတ်မြောက်မှု စစ်ဆေးခြင်းများသည် သင်ရိုးညွှန်းတမ်းကို အခြေခံ၍ သင်ယူမှုရလဒ်များ ပေါက်မြောက်အောင်မြင်မှု အခြေအနေကို စစ်ဆေးသည့် တတ်ကျွမ်းမှုအခြေပြု အကဲဖြတ်နည်းစနစ်ကို ကျင့်သုံးရေး၊

(ခ) သင်ယူတတ်မြောက်မှု စစ်ဆေးခြင်းများနှင့် အတန်းကူးပြောင်းမှု စစ်ဆေးခြင်းများကို စစ်ဆေးမှုဆိုင်ရာ နည်းပညာများနှင့်အညီ စနစ်တကျစစ်ဆေးရေး၊

(ဂ) အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပြီးဆုံးချိန်တွင် အဆင့်အလိုက် သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း နည်းစနစ်များနှင့်အညီ ဆောင်ရွက်ရေး၊

**မူကြမ်း**

( - ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၀ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၀။ အခြေခံပညာ အထက်တန်းအဆင့်ပြီးဆုံးပါက အမျိုးသားအဆင့် ပညာရည်စစ်ဆေးအကဲဖြတ်မှုဝါဒအရ သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် ပြီးဆုံးကြောင်းလက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ ပေးအပ်ရမည်။

( - ) အခန်း(၇) အပိုဒ် ၂၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၁။ ကောင်စီသည် ကော်မရှင်က ချမှတ်ထားသော မူဝါဒများနှင့်အညီ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ် ကော်မတီနှင့်ညှိနှိုင်းလျက် အခြေခံပညာအဆင့်အားလုံး၏ အရည်အသွေး အာမခံမှုအတွက် အတွင်းအရည်အသွေးအာမခံမှု စနစ်တစ်ရပ်ကို ထူထောင် ရမည်။

( - ) အပိုဒ် ၂၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ် ကော်မတီသည် အခြေခံပညာကျောင်းများ၏ ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်ခြင်းကို ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းတစ်ခုအား ဖွဲ့စည်း၍ တာဝန် ပေးအပ်ရမည်။

( - ) အပိုဒ် ၂၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။(က) အခြေခံပညာကျောင်းများသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ ပြင်ပအရည်အသွေး အာမခံမှုအကဲဖြတ်ခြင်းကို ခံယူရမည်။

(ခ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသည် အကဲဖြတ်ရလဒ်များကို ဝန်ကြီးဌာနသို့ ကော်မရှင်မှတစ်ဆင့် ပေးပို့ရမည့်အပြင် အများပြည်သူ သိရှိနိုင်ရန် လည်း စီစဉ်ထားရမည်။

**မူကြမ်း**

( - ) အပိုဒ် ၂၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၄။ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေးအာမခံမှုကို အကဲဖြတ်ရာတွင် အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) မိမိတို့ကျောင်းအလိုက် အကဲဖြတ်သုံးသပ်ခြင်း၊

(ခ) အခြေခံပညာရေးအဆင့်အလိုက် အကဲဖြတ်သုံးသပ်ခြင်း၊

(ဂ) သက်ဆိုင်ရာဦးစီးဌာနများက တာဝန်ပေးအပ်သော ကျောင်းအရည်အသွေးအာမခံမှုအဖွဲ့များက အကဲဖြတ်သုံးသပ်ခြင်း။

( - ) အပိုဒ် ၂၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၅။ အခြေခံပညာကျောင်းများ၏ အတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှုလုပ်ငန်းစဉ်များတွင် လိုအပ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူများနှင့် ရပ်ရွာလူထုတို့ ပူးပေါင်းပါဝင်နိုင်ခွင့်ရှိသည်။

( - ) အပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ)ရှိ အခြေခံပညာကျောင်းများတွင် ဆိုသည့်စကားရပ်ကို အခြေခံပညာကျောင်းများ၏ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၆ အပိုဒ်ခွဲ(စ)ရှိ အထောက်အကူဖြစ်စေရန်အတွက် ဆိုသည့်စကားရပ်ကို အထောက်အကူဖြစ်စေရန်နှင့် ပညာရေးအရည်အသွေး ပိုမိုမြင့်မားလာစေရန်ဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၈) အပိုဒ် ၂၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၈။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခြေခံပညာရေးကဏ္ဍ၏စီမံခန့်ခွဲမှုကို ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ကျောင်းများတွင် အဆင့်အလိုက် တာဝန်ယူဆုံးဖြတ် လုပ်ဆောင်ခွင့်ရရှိစေရန်ဆောင်ရွက်ပြီး လုပ်ပိုင်ခွင့်နှင့်တာဝန်များကို သတ်မှတ်ပေးရမည်။

( - ) အပိုဒ် ၂၉ ရှိ နိုင်ငံတော်ကသတ်မှတ်သည့် ဆိုသည့်စကားရပ်ကို ဝန်ကြီးဌာနသည် နိုင်ငံတော်က သတ်မှတ်သည့်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( - ) အပိုဒ် ၃၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၀။ အခြေခံပညာကျောင်းအသီးသီးသည် ကျောင်းအရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များပေးရန်၊ ပံ့ပိုးဆောင်ရွက်ရန်နှင့် လေ့လာကြီးကြပ်ရန် ကျောင်းစီမံခန့်ခွဲမှုကော်မတီကို ဆရာ၊ မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်ရပ်ရွာလူထုပါဝင်မှုဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

( - ) အပိုဒ် ၃၂ အပိုဒ်ခွဲ(က) (ခ) (ဂ) (ဃ)နှင့်(င)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) သတ်မှတ်ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်းကို အခြေခံပညာကျောင်းအားလုံးတွင် ထိရောက်စွာအကောင်အထည်ဖော်ရေးအတွက် လေ့လာကြီးကြပ်ခြင်း၊

(ခ) အခြေခံပညာ ကျောင်းများတွင် ကျောင်းအရည်အသွေးဆိုင်ရာစံသတ်မှတ်ချက် အညွှန်းဘောင်နှင့်ကိုက်ညီသော အဆောက်အအုံ၊ အသုံးအဆောင်များနှင့် လုံခြုံမှုရှိသည့် သင်ကြားသင်ယူမှုဝန်းကျင်ဖြစ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) အခြေခံပညာရေးကဏ္ဍနှင့် သက်ဆိုင်သည့်ဝန်ထမ်းများ၏ လုပ်ငန်းအလိုက်ရာထူးအဆင့်များနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ရေး၊ ခန့်ထားရေး၊ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ရေး၊ ရာထူးအဆင့်အလိုက် လိုအပ်သောတာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးနှင့် စဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းညွှန်သတ်မှတ်ပေးခြင်း၊ အဆင့်အလိုက်လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဗဟိုချုပ်ကိုင်မှု လျှော့ချ၍ သတ်မှတ်ပေးခြင်းနှင့် စီမံခန့်ခွဲမှုဆောင်ရွက်ခြင်း၊

(ဃ) အခြေခံပညာရေးအဆင့်အလိုက် အကောင်အထည်ဖော်မှုကို ပညာရေးအညွှန်းကိန်းများဖြင့် လေ့လာကြီးကြပ်အကဲဖြတ်ခြင်း၊

(င) ပညာရေး စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ် အကောင်အထည်ဖော်ရန်အတွက် ကျောင်းအဆင့်မှစ၍ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်နှင့် ဦးစီးဌာနအဆင့်တို့တွင် စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုဖြင့် တိကျမှန်ကန်သော စာရင်းအင်းများကို ကောက်ယူခြင်း၊ အဆင့်အဆင့်တင်ပြခြင်းနှင့် သတ်မှတ်ကာလများတွင် လိုအပ်သော စာရင်းချုပ်များနှင့် အစီရင်ခံစာများကို ထုတ်ပြန်ကြေညာခြင်း၊

( - ) အပိုဒ် ၃၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၃။ ဦးစီးဌာနသည် အခြေခံပညာကျောင်းများနှင့်စပ်လျဉ်းသည့် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အခြေခံပညာကျောင်းများသို့ ကျောင်းသုံးစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများအပါအဝင် ကျောင်းအသုံးအဆောင်နှင့် အထောက်အပံ့များကို ဖြည့်ဆည်းပေးခြင်း၊

(ခ) သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို အမျိုးသားအဆင့်ပညာရည်စစ်ဆေးအကဲဖြတ်ခြင်း မူဝါဒနှင့်အညီဆောင်ရွက်ခြင်း၊

(ဂ) အခြေခံပညာရေးအဆင့်အလိုက် ပြီးမြောက်ကြောင်းကို သင်ယူတတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်း နည်းစနစ်များနှင့်အညီ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အတွင်းအရည်အသွေး အကဲဖြတ်မှုများနှင့် ပြင်ပအရည်အသွေး အကဲဖြတ်မှု အစီရင်ခံစာများအရ ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

( - ) အပိုဒ် ၃၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၅။ အခြေခံပညာရေးကဏ္ဍရှိ စီမံခန့်ခွဲသူအားလုံးသည် စီမံခန့်ခွဲမှုအားလုံးကို တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ပြည်သူလူထုအကျိုး ရှေးရှုမှုဟူသော အခြေခံမူများဖြင့် ဆောင်ရွက်ရမည်။

**မူကြမ်း**

( - ) အပိုဒ် ၃၆ ရှိ အခြေခံပညာရေးကို သင်ကြားပေးလျက်ရှိသော ဆိုသည့်စကားရပ်ကို အခြေခံပညာရေးကို အကောင်အထည်ဖော် သင်ကြားပေးလျက်ရှိသောဟု ပြင်ဆင်ပါသည်။

( - ) အခန်း(၉)ခေါင်းစဉ်ကို အခြေခံပညာဆရာများ၏ အခွင့်အရေး၊ တာဝန်၊ အရည်အချင်းနှင့် စွမ်းဆောင်ရည်များဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၃၉ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(င) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများသို့ လွတ်လပ်စွာလျှောက်ထားပိုင်ခွင့်။

( - ) အပိုဒ် ၄၀ အပိုဒ်ခွဲ(ခ)ရှိ ကျွမ်းကျင်မှုများရရှိစေရန်အတွက် သင်ကြားပေးရေး ဆိုသည့်စကားရပ်ကို ကျွမ်းကျင်မှုများ ရရှိစေရန်နှင့် သင်ယူတတ်မြောက်မှုစံနှင့်အညီ သင်ကြားပေးရေးဟု ပြင်ဆင်ပါသည်။

( -) အပိုဒ် ၄၀ အပိုဒ်ခွဲ(ဂ) (ဃ)နှင့်(င)တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဂ) ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်းလျော့ပါးရေးနှင့် အတန်းအလိုက် ကျောင်းပြီးဆုံးနှုန်း မြင့်မားစေရန် ပူးပေါင်းဆောင်ရွက်ရေး၊

(ဃ) နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သောအမြင်ရှိပြီး ဒီမိုကရေစီအလေ့အကျင့်ကိုမြတ်နိုး၍ ကာကွယ်စောင့်ရှောက်ပေးရေး၊

(င) ပညာသင်ကြားရာတွင် အပြုသဘောဆောင်သော ဆရာကျောင်းသားဆက်ဆံရေးဖြင့် ကျောင်းသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိစေဘဲ သင်ကြားပေးရေး၊

( - ) အပိုဒ် ၄၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄၁။ ဝန်ကြီးဌာနသည် အစိုးရကျောင်းများရှိ ဆရာများအား ယင်းတို့တာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့်အတွင်း အရည်အချင်း၊ အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့် ထူးချွန်မှုအလိုက် ရာထူးအဆင့် တိုးမြှင့်ခြင်း၊ ချီးမြှင့်ခြင်းနှင့် နေရာပြောင်းရွှေ့ခြင်းတို့ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်လိုက် ခွဲဝေတာဝန်ပေး၍ စီမံဆောင်ရွက်ရမည်။

( - ) အခန်း(၁၀) အပိုဒ် ၄၄ အပိုဒ်ခွဲ(ခ)နှင့်(ဂ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) သက်ဆိုင်ရာအဆင့်အလိုက် တက်ရောက်နိုင်သော နည်းပညာနှင့် သက်မွေးပညာရေးကျောင်းများသို့ ကူးပြောင်းတက်ရောက်လိုက ကူးပြောင်းတက်ရောက်ခွင့်၊

(ဂ) ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများကို သတ်မှတ်ချက်များနှင့်အညီ လူမျိုး၊ ဘာသာ၊ အမျိုးသား၊ အမျိုးသမီးစသည့် မည်သည့်ခွဲခြားမှုမျှ မရှိဘဲ ခံစားခွင့်၊

( - ) အပိုဒ် ၄၆ အပိုဒ်ခွဲ(ခ)နှင့်(ဂ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် ကျောင်းအရည်အသွေးမြင့်မားရေးတို့အတွက် ကျောင်းနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဂ) ကျောင်းသားများကို တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ စူးစမ်းရှာဖွေလေ့လာလိုသောစိတ်နှင့် အမြင်ကျယ်မှုရှိသော လူသားကောင်းများဖြစ်စေရေးနှင့် ကျောင်းဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် မိဘဆရာအသင်း၏ လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်။

( - ) အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မိမိတို့ကလေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းများရှိစေရန်နှင့် သင်ယူမှုဝန်းကျင်ကောင်း ဖန်တီးပေးရေး

အတွက် ကျောင်းစီမံခန့်ခွဲမှု ကော်မတီ၊ ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့၊ သက်ဆိုင်သူများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

( - ) အပိုဒ် ၄၉ ခြေဆင်းရှိ ထမ်းဆောင်ရမည်ဆိုသည့်စကားရပ်ကို ထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၄၉ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) မိမိရပ်ရွာဒေသတွင် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးရေး၊

( - ) အခန်း(၁၂) အပိုဒ် ၅၄ အပိုဒ်ခွဲ(က)နှင့်(ခ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီ၊ ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာ ဦးစီးဌာနများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ အခြေခံပညာရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**မူကြမ်း**

## ပညာရေးဝန်ကြီးဌာနက တင်သွင်းသည့် အခြေခံပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၁-၃-၂၀၁၉ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်။။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန်ခွင့်ပြုခဲ့သော စီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့် မညီညွတ်ပါက ခွင့်ပြုချက်ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သောအရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက်အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များအတွက် အမှန်တကယ် အကျိုးရှိလာစေရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ (၇-၂-၂၀၁၉ ရက်နေ့)တွင်တင်သွင်းသွားတဲ့ နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အဦများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ခွင့်ပြုခဲ့သောစီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့်မညီညွတ်ပါက ခွင့်ပြုချက်ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သောအရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အကျိုးရှိသော စီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များအတွက် အမှန်တကယ် အကျိုးရှိလာစေရေးစီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ကိုယ်စားလှယ် ၁၉ ဦး ရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထူးမြင့်(အောင်လံမဲဆန္ဒနယ်)။** ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ ပုလဲမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့်အောင်လံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်ဖြစ်ပါတယ်။ အဆိုရှင်က အဆိုမှာ နိုင်ငံပိုင်မြေယာအဆောက်အဦလုပ်ငန်းများကို နိုင်ငံတော်က အရင်းအနှီးပြုပြီး ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို လုပ်ဆောင်ဖို့ခွင့်ပြုခဲ့ပါတယ်။ အဲဒီလိုခွင့်ပြုတဲ့ လုပ်ငန်းများကို ဆောင်ရွက်

ကြရာမှာ ကုမ္ပဏီတွေနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များက မူလကတိကဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်ပြီး ဆောင်ရွက်နေတဲ့ကိစ္စရပ်တွေအပေါ်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများက အချိန်နှင့် တပြေးညီ ဖော်ထုတ်စိစစ်အရေးယူဆောင်ရွက် ကြပ်မတ်ကြရမဲ့ကိစ္စများမှာ အားနည်းနေတဲ့အတွက် ဒီအဆိုကို တင်သွင်းရတဲ့သဘောဖြစ်ပါတယ်။

ပထမဦးဆုံး အဆိုရှင်တင်ပြတဲ့ နိုင်ငံပိုင်လယ်ယာမြေကိစ္စတွေကို လေ့လာကြည့်လိုက်တော့ ၇-၁၂-၂၀၁၈ ရက်နေ့က လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးမေးတဲ့ အနှစ်(၃၀) အငှားချထားပေးတဲ့ မြေလွတ်၊ မြေရိုင်းများနှင့် ပတ်သက်ပြီးတော့ မေးမြန်းလို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနက ဖြေကြားရာမှာ နိုင်ငံပိုင်မြေယာများကို ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့က ခွင့်ပြုထားတဲ့ ၂.၂၂ သန်း အပါအဝင် စုစုပေါင်း ၂.၃ သန်းကျော်ရှိပြီး ၁.၃၇ သန်း ပြန်လည်သိမ်းပြီး ကျန်ဧကများကို အထူးလုပ်ငန်းအဖွဲ့များနှင့် ဆက်လက်စိစစ်နေတယ်လို့ ဆိုပါတယ်။ ပြီးအောင်မဆောင်ရွက်ရသေးတဲ့ သဘောပါ။ ဒါမြေယာနဲ့ ပတ်သက်လို့ပါ။ သစ်တောလည်း ထို့အတူပါပဲ။ သစ်တောထူထောင်ဖို့ ယူပြီးတော့ မူလသစ်တောသာ အပြောင်ရှင်းသွားတယ်။ ကတိနဲ့အညီ ပြန်မစိုက်တာတွေရှိပါတယ်။ ဒါတွေနဲ့ပတ်သက်လို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေနဲ့ ပြည်ထောင်စုလွှတ်တော်မှာ မေးခွန်းနဲ့အဆိုတွေအများကြီး မေးခဲ့ကြပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ အဆောက်အဦလုပ်ငန်းများနဲ့ ပတ်သက်လို့ ဝန်ကြီးဌာနအများအပြားမှာ ရှိတဲ့အနက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ စက်မှုဝန်ကြီးဌာနများနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြပါ့မယ်။ မြန်မာနိုင်ငံမှာ စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ ဝါဝယ်ယူကြိတ်ခွဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းတွေကို ကိုလိုနီခေတ်ကတည်းက ပုဂ္ဂလိကကုမ္ပဏီများက စတင်ပြီး သမဝါယမ၊ စက်မှု(၁)၊ လယ်/ဆည်ဝန်ကြီးဌာန အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာမှာ လယ်/ဆည် စက်မှုကုန်ကြမ်းသီးနှံဌာနက ဆောင်ရွက်နေပြီး ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး လေးခုမှာ စက်ရုံပေါင်း ၃၉ ရုံ ရှိခဲ့ပါတယ်။ ၂၀၀၅ ခုနှစ် လောက်မှာ စက်မှု(၁)က ၁၄ ရုံလွှဲယူလို့ လက်ရှိစက်မှုအောက်မှာ ၁၄ ရုံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာ ၂၅ ရုံရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား Powerpoint ဖြင့် တင်ပြခွင့်ပြုပါ။ တချို့စက်ရုံတွေမှာ ၂၀၁၂ ခုနှစ်မှာ အနှစ်(၃၀) အငှားချပါတယ်။ ကုမ္ပဏီတွေက ငှားပြီးတော့ တစ်နှစ်၊ တစ်နှစ်ခွဲနေတာ‌ေ ပြန်အပ်ပါတယ်။

**မှုကြမ်း**

အဲ့ဒီထဲကမှ ၆-၁၁-၂၀၁၂ ရက်နေ့မှာ YIG ကုမ္ပဏီကို ငှားပြီး ၂၃-၉-၂၀၁၄ ရက်နေ့မှာ ဌာနကို ပြန်အပ်တဲ့ အောင်လံက ဝါလုပ်ငန်းစက်ရုံရဲ့ အခြေအနေတော့ Powerpoint မှာ တင်ပြထားတဲ့ အတိုင်း ပျက်စီးယိုယွင်းနေပါတယ်။ ကျန်စက်ရုံအများစုကလည်း ၎င်းအတိုင်းပဲ ဖြစ်ပါတယ်။ ဒီအတိုင်း ကျန်စက်ရုံအများစုကလည်း ဒီအတိုင်းဖြစ်ပါတယ်။ ဒီအတိုင်းထားသင့်ပါသလား။ ဖြစ်သင့်ပါသလား ခင်ဗျား။ နိုင်ငံတော်ပိုင်ပစ္စည်းတွေ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက် နေ့မှာ ဒေါက်တာအားကာမိုးရဲ့ နိုင်ငံတော်သားငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်ဆိုသော MICA(Myanmar International Corporation Agency)သည် နိုင်ငံတော်နဲ့ နိုင်ငံသားများ၏ အကျိုးပြုမှုမရှိဘဲ လူတစ်စု လက်ဝါးကြီးအုပ် အုပ်ချုပ်ခြယ် လှယ်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့အား ဖျက်သိမ်းပြီး ပြည်ထောင်စုအစိုးရ တရားဝင်ခွင့်ပြု မိန့်မရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသောစက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိသည့်ငွေကြေးစီမံခန့်ခွဲမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ရန်တိုက်တွန်းကြောင်း အဆို တင်သွင်းပြီးတော့ အဲဒီအဆိုအောင်မြင်လို့ လွှတ်တော်က ထိန်းကျောင်းပြီး ဆောင်ရွက်ရတဲ့ဖြစ်စဉ် တစ်ရပ်ဖြစ်ပါတယ်။

အဲဒီ MICA ကို ကျွန်တော်တို့ လွှဲပြောင်းပေးခဲ့ရတာကတော့ မွေးမြူရေးဌာနပိုင် ကြက်ခြံနဲ့ စက်ရုံ ၄၈ ရုံ စက်မှုဝန်ကြီးဌာနပိုင် ဒညင်းကုန်းအုတ်စက်ရုံတစ်ရုံ၊ ငါးလုပ်ငန်းဦးစီးဌာနပိုင်လုပ်ငန်းများ ကိုးခုဖြစ်ပါတယ်။ ဒီနှစ်ဆိုလျှင် ကျွန်တော်တို့ ကွန်ဒိုမီနီယံတွေနဲ့ပတ်သက်လို့ ဘီဒိုပုံစံနဲ့ ကျွန်တော်တို့ သွားနေတဲ့ကိစ္စရပ်တွေမှာ နောင်အရှုပ်အရှင်းမဖြစ်အောင် ကိစ္စရပ်ကိုတော့ ဒီကနေ့ ကျွန်တော်တို့ လွှတ်တော်မှာ တင်ပြခွင့်၊ ဆွေးနွေးခွင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခွင့်ရတဲ့အတွက် နောင်မှာအရှုပ် အရှင်းမဖြစ်တော့မှာဖြစ်ပေမဲ့ MICA ကိစ္စများကတော့ ထိုစတင်ဆောင်ရွက်စဉ်တုန်းက အဲဒီလိုတွေ မဖြစ်ခဲ့တဲ့အတွက် ခုတော့ဖြင့် အရှုပ်များကို ကျွန်တော်တို့ ရှင်းနေရတဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ အမျိုးသားလွှတ်တော်ရဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

နိုင်ငံသားရင်းနှီးမြှုပ်နှံမှုများကို များစွာဆွဲဆောင်နိုင်စွမ်းရှိတဲ့ လုပ်ငန်းများကို ဌာနက စီမံခန့်ခွဲ တာနဲ့ပတ်သက်လို့ နိုင်ငံအကျိုးပြုမှုနည်းတယ်လို့ သုံးသပ်ချက်တွေ ထွက်ပေါ်ပါတယ်။ ဥက္ကဋ္ဌကြီး

ခင်ဗျား။ တင်ပြပါဖြစ်ရပ်များအရ အဆိုရှင် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုမှာ ဖော်ပြချက်တွေက မှန်ကန်ကြောင်း ထင်ရှားခဲ့ပြီးဖြစ်ပါတယ်။ အဆိုရှင်က ဘာဖြစ်ချင်လဲ။ တင်ပြစဉ်က ဆွေးနွေးချက်ထဲမှာ ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့ လွှတ်တော်ကြီးက ဆုံးဖြတ်ချက် (Resolution) ချမှတ်ပေးဖို့ တိုက်တွန်းခြင်းအပါအဝင် အဆိုတစ်ရပ်လုံးကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော့အနေနဲ့ ဒီနေ့မှာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တင်သွင်းတဲ့ အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ လွှတ်တော်နဲ့အစိုးရ အပြန်အလှန်ထိန်းကျောင်းမှုနဲ့ စပ်လျဉ်းတဲ့သဘောတရားကိုသာ အဓိကထားတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား အစိုးရတစ်ရပ်ရဲ့ ကောင်းမွေဆိုးမွေကို နောက်ဖြစ်ထွန်းပေါ်ပေါက်လာတဲ့အစိုးရက ဆက်ခံရမယ်ဆိုတာ အငြင်းပွားစရာ မလိုတဲ့အချက်ဖြစ်သလို ရှောင်လွှဲလို့မရတဲ့တာဝန်တစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ အဆိုရှင်တင်ပြသွားတဲ့ နိုင်ငံပိုင်မြေတွေ အဆောက်အအုံတွေလုပ်ငန်းတွေဆိုတာ လူပုဂ္ဂိုလ်တစ်ဦးအဖွဲ့အစည်းတစ်ခုတည်းနဲ့သာ သက်ဆိုင်တာမဟုတ်ဘဲ ဒီမြေဒီနေရာမှာ မှီတင်းနေထိုင်ကျတဲ့ နိုင်ငံသူ နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တဲ့ တစ်နည်းအားဖြင့် ပြည်သူအားလုံးပိုင်ဆိုင်တဲ့ အရင်းအမြစ် အမွေအနှစ်တွေဖြစ်ပါတယ်။ ဒီအရင်းအမြစ်တွေကို ပြည်သူ့ကိုယ်စား စီမံခန့်ခွဲခွင့်ရတဲ့အစိုးရများအနေနဲ့ နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို လျစ်လျူရှုပြီး ထင်သလိုစီမံခန့်ခွဲပိုင်ခွင့်မရှိသလို၊ မိမိတို့ရဲ့ဆောင်ရွက်ချက်တွေဟာ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ရှေးရှုဦးတည်တဲ့ ဆောင်ရွက်ချက်တွေဖြစ်ဖို့ အထူးပဲလိုအပ်လှပါတယ်။ အဲဒီလိုမဟုတ်ဘဲ အစိုးရတစ်ရပ်ဟာ ပြည်သူက ယုံကြည်စွာအပ်နှင်းထားတဲ့ စီမံခန့်ခွဲပိုင်ခွင့်အခွင့်အာဏာကို အလွဲသုံးစားလုပ်ပြီး ပြည်သူလူထုရဲ့အကျိုးစီးပွားကို မျက်ကွယ်ပြုကာ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက် အဖွဲ့အစည်းတစ်ခုရဲ့ အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ ရှေးရှုဆောင်ရွက်ခဲ့ရင် ကျွန်တော်တို့ လွှတ်တော်များအနေနဲ့ သက်ဆိုင်ရာအစိုးရတွေကို မှားနေတာတွေကို မှန်အောင်ပြင်ဖို့၊ တိမ်းစောင်းနေတာတွေတည့်မတ်ဖို့၊ အားနည်းချက်တွေကို ကုစားပြုပြင်ဖို့ စတာတွေကို ပြည်သူ့ကိုယ်စား တိုက်တွန်းလုပ်ဆောင်စေရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အဆိုရှင်က နိုင်ငံပိုင်အရင်းအမြစ်တွေကို အခြေပြုပြီး ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ခွင့်ပြုခဲ့တဲ့ လုပ်ငန်းစီမံကိန်းတွေကို ကတိကဝတ်နဲ့

ညီ/မညီ ပြန်လည်သုံးသပ်စစ်ဆေးဖို့ ကတိကဝတ်တိုင်း ဆောင်ရွက်ရန် ပျက်ကွက်တဲ့ လုပ်ငန်းစီမံကိန်းတွေကို ထိုက်သင့်တဲ့အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်ဖို့ တိုက်တွန်းနေတာလို့ ကျွန်တော့်အနေနဲ့ နားလည်သဘောပေါက်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ အရေးကြီးအဆိုတစ်ခုကို ကျွန်တော့်အနေနဲ့ ဒီနေရာမှာ အလျဉ်းသင့်သလို ပြန်ပြောင်းအောက်မေ့ တင်ပြဆွေးနွေးလိုပါတယ်။ အဲဒီတုန်းကလည်း အခုအဆိုရှင်ဖြစ်တဲ့ ဒေါ်ခင်စန်းလှိုင်က နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံတွေ၊ နိုင်ငံပိုင်စီပွားရေးလုပ်ငန်းတွေကို အလျဉ်စလို ငှားရမ်းရောင်းချလွှဲပြောင်းနေတာတွေ စီမံကိန်းတွေကိုစနစ်တကျမစီမံဘဲ အဆောတလျင် ခွင့်ပြုနေတာတွေ၊ ပုဂ္ဂလိကပိုင်ပြုလုပ်နေတာတွေကို နိုင်ငံတော်နဲ့နိုင်ငံသားတို့အကျိုးအတွက် အသေးစိတ်ဟန့်တားထိန်းကျောင်းတည့်မတ်ပေးဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းခဲ့ဖူးပါတယ်။ အဲဒီအဆိုဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးက အတည်ပြုပေးခဲ့လို့ ယခုထိ အသက်ဝင်ရှင်သန်ဆဲ ကတိကဝတ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက အဆိုကို ဆွေးနွေးအတည်ပြုတဲ့ ပထမပုံမှန် အစည်းအဝေး(၁၃)ရက်မြောက်နေ့မှာ တာဝန်ရှိတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တစ်ယောက်မှ လွှတ်တော်ကို တာဝန်ခံတင်ပြခဲ့ခြင်းမပြုခဲ့တာဘဲ ဖြစ်ပါတယ်။ ဒါထက်ပိုဆိုးတာက ကျွန်တော်တို့ ဒုတိယအကြိမ် လွှတ်တော်ကို ပထမသက်တမ်းအစိုးရက တာဝန်ခံရမှာလား၊ တာဝန်မခံရဘူးလားဆိုတာ ဥပဒေကြောင်းအရကိုက မရှင်းလင်းနေဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ လွှတ်တော်ရဲ့ ကတိကဝတ်ကို အသိအမှတ်မပြုဘဲ လျစ်လျူရှုခဲ့သလို အစိုးရတာဝန် မလွှဲပြောင်းခင် လပိုင်း၊ ရက်ပိုင်းအလိုမှာ နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်အဆောက်အဦ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းစတဲ့ နိုင်ငံပိုင်အရင်းအမြစ်တွေကို အလျင်စလို ငှားရမ်းလွှဲပြောင်းရောင်းချခြင်းတွေ လုပ်ဆောင်ခဲ့ကျပါတယ်။ ဒီလိုကိစ္စတွေ အများကြီးရှိတဲ့အထဲက ထင်ရှားစေမယ့် သာဓကအချို့ကို Power Point ဖြင့်တင်ပြခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Pointမှာတင်ပြထားတာကတော့ အခုကျွန်တော်တို့အားလုံးနဲ့ နားသိပ်မစိမ်းတဲ့ ရန်ကုန်-မန္တလေး အမြန်လမ်း အမှတ်(၃) လမ်းဆုံလမ်း Eco Green City စီမံကိန်းနဲ့ စပ်လျဉ်းတဲ့စာချုပ်ဖြစ်ပါတယ်။ ဒီစီမံကိန်းကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုထံ လုပ်ပိုင်ခွင့်ပေးခဲ့တဲ့ ရက်စွဲကို စာချုပ်မှာကြည့်ရင် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ဆိုတာ တွေ့ရပါလိမ့်မယ်။ ပြည်သူ့လွှတ်တော်မှာ ဒီလိုကိစ္စရပ်တွေကို စိစစ်ဟန့်တားပေးဖို့ တိုက်တွန်းတဲ့အဆိုဖြစ်ပြီး တစ်လခန့်ကြာတဲ့အချိန် အစိုးရတာဝန်လွှဲပြောင်းမလုပ်ခင် ရက်ပိုင်းလောက်ပဲလိုတဲ့အချိန်မှာ ဆောင်ရွက်သွားတဲ့ စီမံကိန်းတစ်ခု

ဖြစ်ပါတယ်။ စာချုပ်ပါနိုင်ငံတော်က ရရှိမယ့်အကျိုးအမြတ်တွေကို လေ့လာကြည့်တဲ့ အခါမှာလည်း မည်မည်ရရမတွေ့ရဘဲ နောင်မှသာ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူသွားမယ်လို့သာ ရေးသား ချုပ်ဆိုထားခဲ့တဲ့အပြင် စာချုပ်ချုပ်ဆိုပြီးခြောက်လအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုမရှိရင် စာချုပ်ပျက်ပြယ်စေရမယ်လို့ ဆိုထားပြန်တဲ့အတွက် လက်ရှိအစိုးရအနေနဲ့ ယခုအဆိုရှင် တိုက်တွန်းသလို စာချုပ်ပါကတိကဝတ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး ထိုက်သင့်တဲ့ အရေးယူဆောင်ရွက်မှုတွေ လိုအပ်နေပြီးဆိုတာ အထူးထင်ရှားပါတယ်။ နောက် Power Pointမှာ မြင်ရမှာတော့ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ ချုပ်ဆိုခဲ့တဲ့ စာချုပ်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မှာရှိတဲ့ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းကို ထူးထူးခြားခြားဆိုသလို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို လုပ်ပိုင်ခွင့်ပေးထားရာမှာ ၂၀၁၈ ခုနှစ်အထိ လုပ်ပိုင်ခွင့်သက်တမ်း ရှိနေပါလျက်နှင့် ၂၀၃၃ အထိ အစိုးရအသစ်တာဝန်မယူခင် နှစ်ရက်အလိုမှာ အရေးတစ်ကြီးထပ်မံ သက်တမ်းတိုးမြှင့်ပေးခဲ့တာကိုလည်း အံ့သြစရာတွေ့ရသလို စိတ်ဝင်စားစရာလည်း သိပ်ကောင်းပါတယ်။

လေးစားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်မှာ အစိုးရအပြောင်းအလဲမှာ ငါးနှစ်တစ်ကြိမ် ပေါ်ပေါက်နေမှာဖြစ်သလို လွှတ်တော်အသစ်နဲ့ အစိုးရဟောင်းကြုံကြိုက်မယ့် စပ်ကူးမတ်ကူး ကာလတစ်ခုဆိုတာလဲ အမြဲရှိနေမှာဖြစ်ပါတယ်။ အဲဒီကာလလေးမှာ လွှတ်တော်အသစ်မို့လို့ အစိုးရဟောင်းက တာဝန်ခံစရာမလိုဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ တက်လာတဲ့အစိုးရတိုင်းက အထိန်းအကွပ်မဲ့ ဆောင်ရွက်နေကြမယ်ဆိုရင် မဲဆန္ဒရှင်ပြည်သူတွေကို မထီမဲ့မြင်ပြုရာကြသလို အစိုးရနဲ့လွှတ်တော် အပြန်အလှန် ထိန်းကျောင်းရေးဆိုတဲ့ အနှစ်သာရကိုလည်း ခြေမွဖျက်ဆီးပြစ်ရာကြပါတယ်။ နိဂုံးချုပ် အနေနဲ့ ရှေ့အစိုးရပဲဖြစ်ဖြစ် လက်ရှိအစိုးရပဲဖြစ်ဖြစ် နောက်အစိုးရပဲဖြစ်ဖြစ် ဘယ်အစိုးရမဆို ပြည်သူက ယုံကြည်စွာအပ်နှင်းထားတဲ့ အခွင့်အာဏာကိုကျင့်သုံးပြီး နိုင်ငံပိုင်အရင်းအမြစ်တွေကို စီမံခန့်ခွဲရာမှာ နိုင်ငံတော်နဲ့နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုသာ ဦးထိပ်ပန်ဆင်ပြီး စနစ်တကျ ဆောင်ရွက်ခဲ့မယ်ဆိုရင် ဒီလိုမှားယွင်းမှုတွေ တိမ်းစောင်းမှုတွေ အားနည်းချက်တွေ ဖြစ်ပေါ်လာမှာ မဟုတ်သလို အခုလို ကျွန်တော်တို့လွှတ်တော်ကြီးကလည်း အဆိုတစ်ရပ်တင်သွင်းပြီး အစိုးရကို တကူးတက တိုက်တွန်းနေစရာလိုအပ်မယ်မထင်ပါကြောင်း ပြောကြားရင်းနဲ့ပဲ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျာ။အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးဖြစ်ပြီး ကျွန်တော့်အနေနဲ့ ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင်တင်သွင်းသွားတဲ့အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင် အဆောက်အအုံ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ စတဲ့နိုင်ငံပိုင်အရင်းအမြစ်တွေနဲ့စပ်လျဉ်းတဲ့ အစိုးရ ရဲ့စီမံခန့်ခွဲမှုတွေကို နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှုထောင့်ကနေ ချဉ်းကပ်သုံးသပ်လေ့လာပြီး ကတိကဝတ်နဲ့မညီတဲ့ စီမံကိန်းဆောင်ရွက်ချက်တွေကို ကတိကဝတ် ပျက်ကွက်တဲ့ထိုက်သင့်တဲ့အရေးယူမှုတွေ ဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင်ရဲ့တိုက်တွန်းချက်ကို နမူနာစီမံကိန်းတချို့နှင့် တင်ပြဆွေး နွေးသွားပါမယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ပထမဆုံးအနေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကုမ္ပဏီများနှင့် အကျိုးတူဆောင်ရွက်ခဲ့မှုအခြေအနေကို ကောက်နုတ်ရှင်းလင်းတင်ပြချင်ပါတယ်။ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းပေါ်က ရှစ်ထပ်ခွဲ အခန်း(၆၆)ခန်းပါ ဟိုတယ်တစ်ခုရဲ့ စုစုပေါင်းစတုရန်းပေ ၁၃၀၀၀၀ ကျော်ကို ကျွန်တော်တို့ ရွေးကောက်ပွဲမတိုင်ခင်ရက်ပိုင်းအလိုမှာ အကျိုးတူစာချုပ်ချုပ်ခဲ့ပါ တယ်။ ဌာနကရရမှာ တစ်ဝက်ဖြစ်တဲ့အတွက် စတုန်းပေ ၆၀၀၀၀ ကျော်ကို ကုမ္ပဏီကို တစ်လလျှင် ကျပ်သိန်း ၅၀ ဖြင့်ငှားရမ်းခဲ့ပါတယ်။ အဲဒီတော့ တစ်စတုရန်းပေ ၇၇ ကျပ်ဖြစ်ပြီး ပြင်ပပေါက်ဈေးက တော့ ၉၀၀ ကျပ်ဖြစ်နေတဲ့အတွက် တစ်စတုရန်းပေကို ၈၂၃ ကျပ်နစ်နာခဲ့ပါတယ်။ အဲဒီအတွက် တစ်နှစ်ကို သန်း ၆၅၀ နစ်နာနေခဲ့တာဖြစ်ပါတယ်။ ဒီလိုပါပဲ ဆက်လက်ပြီး Power Point မှာကြည့်ရှု နိုင်ပါတယ်။ ကမာရွတ်မြို့နယ်၊ ကျွန်းတော၊ နာနတ်တောလမ်းနှင့် ဟံသာဝတီလမ်းကြား မြေ ကိုးဧက လောက်မှာ ဟံသာဝတီ Complex ကိုကုမ္ပဏီတစ်ခုနှင့် ၂၀၁၄ ခုနှစ် မေလမှာ အကျိုးတူစာချုပ်ချုပ် ဆိုခဲ့ပါတယ်။ ငှားရမ်းခကို ကြည့်လိုက်တဲ့အခါမှာ တစ်နှစ်ကို ၆၆၅ သန်းမို့ တစ်စတုရန်းပေကို ၁၁၂ ကျပ်သာရရှိခဲ့ပါတယ်။ အပြင်မှာ အလားတူ တစ်စတုရန်းပေကို ၇၅၀ လောက်ရနိုင်တာမို့ တစ်လကို ကျပ်သန်း ၃၀၀ ကျော် နစ်နာနေကြောင်း တွေ့မြင်နေရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောက် Slide တစ်ခုမှာတော့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းနှင့် ဦးအောင်မြတ်လမ်းထောင့်က သိမ်ဖြူယာဉ်မောင်းကွင်း တစ်စိတ်တစ်ပိုင်း ၃.၅၃

ဧက ကန်သာယာ Consortium Tower ကို ၂၀၁၃ ခုနှစ် မေလမှာ ငှားရမ်းတာတွေ့နိုင်ပါတယ်။ အဲဒီလူတွေ တိုက်ခန်းငှားရမ်းခက တစ်ပေကို ၁၀၀၀ ကျပ်ရနိုင်သောနေရာအား ၅၇ ကျပ်လောက်နှင့် ငှားရမ်းခဲ့တာ ဖြစ်ပါတယ်။ ဒီမှာလည်း တစ်စတုရန်းပေကို ၉၅၀ လောက်နစ်နာနေတာဖြစ်ပါတယ်။ စုစုပေါင်း စတုရန်းပေ ၇၇၀၀၀၀ ကျော်တဲ့အတွက် တစ်နှစ်ကို ကျပ်သန်းပေါင်း ၉၀၀၀ လောက် နိုင်ငံတော်အတွက် နစ်နာနေတာကို တွေ့နေရပါတယ်။ ကိုယ်စားလှယ်များခင်ဗျား။ နောက်တစ်ခုကို ကြည့်ရအောင်ပါ။ ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာစီမံကိန်း မိုးကောင်းလမ်းနှင့် အောင်ဇေယျာလမ်း ထောင့်ကပါ။ အချိန်ကိုငဲ့ကွက်တဲ့အနေနဲ့ ကိုယ်စားလှယ်များကို Power Point မှာပဲ ကြည့်ရှုစေချင်ပါတယ်။ ဒီအချက်အလက်တွေကို ကြည့်မယ်ဆိုရင် ပြည်ထောင်စုအစိုးရရဲ့အဖွဲ့အစည်းဝင်တွေအနေနဲ့ လက်ခံရယူစဉ်းစားကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

နောက်တစ်ခုကို တင်ပြရရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က သာကေတမြို့နယ် မင်းနန္ဒာနှင့် သုမဂၤလမ်းထောင့် အမှိုက်ပုံဟောင်း မြေ ၁၅.၇၆၂ ဧကအပေါ်မှာ Fortune Plaza စီမံကိန်းအတွက် ကျပ်သန်း ၁၅၀၀၀၀၀ ကျော် နစ်နာနေရပြန်တာကို Slide မှာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလိုကိစ္စမျိုးတွေထဲမှာ အများကြီးထဲကနေ တချို့ပဲ ကောက်နုတ်တင်ပြတာဖြစ်ပါတယ်။ အခုလည်း သမဝါယမရဲ့ငှားရမ်းထားတဲ့အချက်အလက်တွေက တချို့ကို အချိန်အခက်အခဲအရ အားလုံးမြင်သာရုံလေးပဲ တင်ပြချင်ပါတယ်။ တိုင်းပြည်ရဲ့မြေတွေ အဆောက်အဦတွေ ဖြစ်နေပုံကတော့ တကယ်အံ့မခန်းပါပဲ။ ကိုယ်စားလှယ်ကြီးများစဉ်းစားဖို့ လျှပ်တစ်ပြက်ပဲတင်ပြပေးနိုင်တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ထပ်မံတင်ပြခဲ့တဲ့ နိုင်ငံရဲ့အရင်းအမြစ်တွေကို လွယ်လွယ်ပေါပေါ အရှုံးခံငှားရမ်းထားတာတွေ တွေ့ပြီးတဲ့အခါမှာ အလဟဿဖြစ်တာတွေ များစွာထဲကတစ်ခုကိုလည်း ဖော်ပြချင်ပါတယ်။ Power Point မှာကြည့်ရှုနိုင်ပါတယ်။ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဖန်ချပ်စက်ရုံလမ်းမှာ မြေ ၃.၃၅၅ ဧက ဆန်စပါးဂိုဒေါင်လေးလုံးရှိပါတယ်။ စီးပွားကူးသန်းဝန်ကြီးဌာန ပိုင်တယ်လို့လည်း သိရပါတယ်။ ဒီနေ့အထိ တရားဝင်ငှားရမ်းချထားတာ မရှိပါဘူး။ ပုံမှာတွေ့တဲ့ အတိုင်း ပျက်စီးယိုယွင်းနေပြီး မြေတစ်ပေချင်း တစ်ဧကချင်းတန်ဖိုးကြီးတဲ့ဒီနေရာတွေဟာ နှစ်နဲ့ချီပြီး အလကားဖြစ်နေတာတွေကို ဒီနေ့ဆွေးနွေးချက်မှာ တင်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ရှုထောင့်တစ်ခုကိုပါ ထပ်ပြောချင်ပါတယ်။ အခုလိုဖြစ်နေကြတဲ့ အချိန်မှာ ကျွန်တော်တို့မျက်စိအောက်မှာ တချို့သောလုပ်ငန်းရှင်တွေဟာ နိုင်ငံပိုင်မြေကွက်တွေမှာ မိမိ

အတွက်ကော၊ နိုင်ငံအတွက်ကော၊ အလုပ်အကိုင်အခွင့်အလမ်းအတွက်ကော အလုပ်လုပ်နေကြသူတွေလည်းရှိပါတယ်။ နမူနာတစ်ခုအနေနဲ့ ပြောရရင် ကျွန်တော့်ရဲ့အင်းစိန်မြို့နယ်ဟာ ဆိုရှယ်လစ်ခေတ်က စက်ရုံ၊ အလုပ်ရုံတွေ အင်မတန်ပေါ်များတဲ့ နေရာဖြစ်ပါတယ်။ ဒီထဲမှာ စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းက ငှားရမ်းလုပ်ကိုင်နေပြီး အမှန်တကယ်ကို အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုမှန်ကန်တဲ့လုပ်ငန်းတစ်ခုကိုဆိုလို့ရှိရင် သူရဲ့လုပ်ငန်းတိုးချဲ့ဖို့အတွက် ဝန်ကြီးဌာနကို ခွင့်ပြုချက်တင်တဲ့အခါမှာ ၃ နှစ်သာကြာသွားတယ် အခုအချိန်အထိ ဘာမှမဖြစ်လာတာကို စိတ်ပျက်ဖွယ်တွေ့ရှိနေရပါတယ်။ အခု ကျွန်တော်တို့ တင်ပြခဲ့တာကတော့ ကျွန်တော်တို့အစိုးရမတိုင်ခင် ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းအခြေအနေကို အချိန်အခက်အခဲအရ အနည်းအကျဉ်းသာ တင်ပြခဲ့တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ မြို့နယ်တိုင်းမှာ ဒီလိုအခြေအနေတွေရှိနေပါတယ်။ ဒီလိုကိစ္စဟာ အဆိုရှင်တင်ပြထားတဲ့ရည်ရွယ်ချက်နဲ့ တိုက်ရိုက်ချိတ်ဆက်နေပါတယ်။ နိုင်ငံပိုင်မြေတွေ၊ အဆောက်အဦတွေ ဈေးပေါပေါနဲ့ငှားရမ်းပြီး အလုပ်က သိသိသာသာမဖြစ်တာ ဘာမှအသုံးမချဘဲ ဒီအတိုင်းပစ်ထားတာတွေဟာ တကယ့်တကယ်တော့ နိုင်ငံအတွက် အကျိုးရှိမယ့်ရင်းနှီးမြှုပ်နှံမှုတွေကျတော့ အလုပ်လုပ်ဖို့အတွက် အခက်အခဲဖြစ်နေပါတယ်။

ဒါကိုစိစစ်ဖို့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ကျွန်တော်တို့ အစိုးရခေတ်မှာ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးအဖွဲ့တွေလို အစိုးရဌာနများနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပြီးတော့ ပြန်လည်စိစစ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အဖွဲ့အစည်းတစ်ခုက သိမ်းဆည်းသွားသလို၊ အလွှာတစ်ခုကသိမ်းဆည်းသွားသလိုဖြစ်ခဲ့တဲ့မြေတွေကို ပြန်လည်ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ပြည်သူတွေရဲ့ အရင်းအနှီးတွေ၊ အနာဂတ်မှာ ကျွန်တော်တို့သားသမီးတွေရဲ့ အမွေအနှစ်တွေဟာ အားလုံးအတွက် အကောင်းဆုံးအခြေအနေကို ဖန်တီးနိုင်ကြမယ်လို့ ယုံကြည်ပါတယ်။ ဒီအတွက် ဒီနေ့ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို အတည်ပြုထောက်ခံကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်(သာယာဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာယာဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပြီး ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို သာယာဝတီမြို့နယ်ရဲ့ ပကတိဖြစ်စဉ်တွေကို ဥပမာပေးပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

၁၉၈၀ ခုနှစ်ဝန်းကျင်က သာယာဝတီပန်းကန်စက်နှင့် သာယာဝတီလျှော်ရွေးလျှော်ထိုးစက်ရုံနှစ်ခုကို တည်ဆောက်လည်ပတ်ခဲ့ပါတယ်။ ပန်းကန်စက်ဟာ မြေဧက ၁၉၅ ဧကပေါ်မှာ တည်ဆောက်ထားတာဖြစ်ပြီးတော့ လျှော်ရွေးလျှော်ထိုးစက်ရုံကတော့ မြေဧက ၂၃ ဧကပေါ်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်အနည်းငယ်ကနေ စတင်ပြီး စက်ရုံနှစ်ခုစလုံး ရပ်နားထားလိုက်ရပါတယ်။ ပြည်တွင်းလုပ်ငန်းစဉ်တချို့၊ ပြည်ပလုပ်ငန်းစဉ်တချို့နှင့် အငှားစာချုပ်တွေ ချုပ်ဆိုခဲ့ကြပေမယ့် စက်ရုံနှစ်ခုစလုံးကတော့ ယခုအချိန်အထိ ဒီအတိုင်းပါပဲ။ ဒါကြောင့် ဒီစက်ရုံနှစ်ခုကို ဘယ်လိုသဘောတူစာချုပ်တွေနဲ့ ချုပ်ဆိုထားပါသလဲ။ တကယ်ကော ဆောင်ရွက်နေရဲ့လား။ မြေနေရာဦးထားရုံသက်သက်ပဲလား။ ပြည်သူတွေအတွက်ကော တကယ်အကျိုးရှိနိုင်မှာလား။ အကျိုးမရှိနိုင်ရင်ဘာဆက်လုပ်မယ်ဆိုတာတွေကိုလည်း သာယာဝတီမြို့နယ် ပြည်သူလူထုကြီးရဲ့ကိုယ်စား သိခွင့်ရရင်သိချင်ပါတယ်ခင်ဗျ။ နောက်တစ်ခုက သာယာဝတီနှင့် သုံးဆယ်ကြားက မြေဧက ၁၀.၇၈၆ ဧကပေါ်မှာ တည်ဆောက်ထားတဲ့ ဆန်စပါးသိုလှောင်ရုံများကိစ္စဖြစ်ပါတယ်။ တပ်မတော်စားနပ်ရိက္ခာအတွက် ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၉၃၁) ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးတပ်ကို ၂-၉-၂၀၀၅ ခုနှစ်မှာ လွှဲပြောင်းပေးအပ်ထားတယ်လို့ သိရပါတယ်။ ယခုဆိုရင် ဂိုဒေါင်ကြီးများဟာ ဟောင်းနွမ်းဆွေးမြည့်နေပြီဖြစ်ပြီး သိုလှောင်ရန် မသင့်လျော်တဲ့အနေအထားကို ရောက်ရှိနေပါပြီ။ သင့်လျော်တဲ့ အခြားတစ်နေရာမှာ ဂိုဒေါင်အသစ်များကို တည်ဆောက်ပေးသင့်ပြီး ယခုနေရာမှာတော့ တက္ကသိုလ်၊ ကောလိပ်တစ်ခုခုဖွင့်နိုင်ရေးအတွက် စဉ်းစားပေးသင့်ပါတယ်။ နောက်တစ်ခုကတော့ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့မှာရှိတဲ့ ရှင် ရုပ်ရှင်ရုံကိစ္စပါ။ အခုတော့ ရတနာဝင်းအမည်ပြောင်းလဲထားပြီး ရုပ်ရှင်မပြသခဲ့တာလည်း နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ဒီရုပ်ရှင်ရုံကိစ္စကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်မူမူခင်မှ မေးမြန်းခဲ့သော်လည်း တိကျသေချာရေရာတဲ့ အဖြေမရရှိခဲ့ဘူးလို့ သိရပါတယ်။ ဒါကြောင့် ဒီကိစ္စကိုလည်း ပြည်ထောင်စုအစိုးရအနေနဲ့ ပြည်သူတွေအတွက် ပြန်လည်စိစစ် ဆောင်ရွက်ပေးသင့်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အလျဉ်းသင့်လို့ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်ရဲ့အကြောင်းကို တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာ ခရိုင်လေးခုရှိပါတယ်။ ပဲခူးခရိုင် ပဲခူးမြို့၊ တောင်ငူခရိုင် တောင်ငူမြို့၊ ပြည်ခရိုင် ပြည်မြို့နှင့် သာယာဝတီခရိုင် သာယာဝတီမြို့တို့ ဖြစ်ကြပါတယ်။ အခြားခရိုင်မြို့သုံးခုမှာတော့ သုံးခုထက်စာရင် သာယာဝတီခရိုင် သာယာဝတီမြို့နယ်ဟာ ဖွံ့ဖြိုးမှုနောက်အကျဆုံးနေရာဖြစ်ပါတယ်။ အဲဒီတော့ ဘာကြောင့်

နောက်ကျရတာလဲ။ ကျွန်တော်တို့မြို့နယ်မှာ ဘာတွေများ ချို့ယွင်းချက်များရှိလို့လဲ။ ဒါကြောင့်မို့လို့ သာယာဝတီမြို့နယ်ရဲ့ အနေအထားကိုကြည့်မယ်ဆိုလို့ရှိရင် ဗုဒ္ဓဘာသာ သာသနာဘက်မှာ နေလို၊ လလို ထင်ရှားခဲ့တဲ့ဆရာတော်များ ထင်ထင်ရှားရှားရှိခဲ့ပါတယ်။ သာယာဝတီ ဥုးဝဏ္ဏိတဆရာတော် ဘုရားကြီး၊ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတမောင်းထောင်ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတမဟာထူပါရုံဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ မဟာထူပါရုံဆရာတော်ဘဒ္ဒန္တပညောဘာသ ယခုလာမယ့် ၆-၄-၂၀၁၉ ရက်နေ့မှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပပြုလုပ်မယ့် ဗုဒ္ဓဘာသာဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးဆုကို တက်ရောက်ယူရမယ့် ဒေါက်တာဘွဲ့ငါးဘွဲ့ရ မဟာသဒ္ဓမ္မဇောတိကဓရ သာယာဝတီမင်းကျောင်းတိုက် ဆရာတော်ဦးဉာဏိဿရတို့လည်းရှိနေတဲ့ မြို့နယ်ကြီးတစ်ခု ဖြစ်ပါတယ်။ စာပေအရာမှာလည်း သုံးဆယ်မြို့မှ ဆရာကြီးပီမိုးနင်း၊ သာယာဝတီစိန်စိန်၊ စန်းစန်း(၂)သာယာဝတီတို့ ပေါ်ထွန်းခဲ့ပါတယ်။

လွတ်လပ်ရေးကြိုးပမ်းပြီး သမိုင်းမှာလည်း သာယာဝတီဦးကောင်းကြီး၊ သာယာဝတီသခင် ခင်အောင်၊ ပန်းစွဲအသင်းကျောင်းဆရာတော်ဦးဝိလာသ၊ ဝိဒူရသခင်ချစ်မောင်နှင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ကျော်ဇောနှင့် ဗိုလ်စိန်မှန်တို့ ပေါ်ထွက်ခဲ့ပါတယ်။ အထင်အရှားဆုံးနှင့် ပေးဆပ်မှုအများ ဆုံးကတော့ ဆရာစံတောင်သူလယ်သမား လက်နက်ကိုင်တော်လှန်ရေးကြီးဖြစ်ပါတယ်။ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ သာယာဝတီမြို့ အလံတောင်ကို ဌာနချုပ်ပြုလုပ်ပြီး တောင်သူ လယ်သမားလက်နက်ကိုင်တော်လှန်ရေးကြီးကို စတင်ဆင်နွှဲပြီး တစ်နိုင်ငံလုံးနီးပါး ပျံ့နှံ့ခဲ့ပါတယ်။ ဆရာစံအပါအဝင် ကြိုးပေးခံရသူ ၃၀၂ ယောက်၊ တစ်သက်တစ်ကျွန်းအပို့ခံရသူ ၈၉၀ ယောက်၊ ထိခိုက်ကျဆုံးသူနဲ့ ထောင်ဒဏ်အပြစ်ပေးခံရသူ ၉၉၈၃ ယောက်အထိရှိခဲ့ပါတယ်။ သာယာဝတီ ထောင်တစ်ခုတည်းမှာပဲ တောင်သူလယ်သမား ၁၀၀ ခန့် ကြိုးပေးသတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ သာယာဝတီဟာလည်း မြန်မာနိုင်ငံရဲ့ အခြားမြို့နယ်များနည်းတူ မြန်မာနိုင်ငံရဲ့သမိုင်းဖြစ်စဉ်တွေမှာ တက်ကြွစွာပါဝင်လှုပ်ရှားနေတာ ဖြစ်ပါတယ်။ အဲဒီတော့ သာယာဝတီမှာ သာယာဝတီထောင်ဆိုတဲ့ နာမည်ဆိုးကြီးနဲ့ ကျော်ကြားတဲ့ သာယာဝတီထောင်ဆိုတာ တစ်ခုတည်း လက်ဆောင်မပေးဘဲနဲ့ သာယာဝတီမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာယာဝတီခရိုင် အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း ကျွန်တော်တို့ သာယာဝတီ မြို့နယ်ကြီးကို တစ်ချက်လောက်ငဲ့ကြည့်ပါလို့ ပြောကြားရင်းနဲ့ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို လေးလေး နက်နက် ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မှုကြမ်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး နှစ်လုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုကို ဆန်းစစ်ကြည့်ရှုတဲ့အခါမှာ အပိုင်းလေးပိုင်းတွေ့ရှိရပါတယ်။

(၁) နိုင်ငံတော်သည် မိမိတိုင်းပြည်လူထုဖွံ့ဖြိုးတိုးတက်ရေးအတွက် (က) မြေယာများ၊ (ခ)အဆောက်အအုံများ၊ (ဂ) လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရန်ခွင့်ပြုခဲ့ကြောင်း၊ (၂) ခွင့်ပြုခဲ့သည့်ရည်ရွယ်ချက်၊ ရည်မှန်းချက် ပေါက်မြောက်အောင် မြင်အောင် အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသလား သို့မဟုတ် အကောင်အထည် ဖော်မဆောင်ရွက်ဘဲ အချည်းနှီးအလဟဿဖြစ်နေသလားဆိုသည်ကို နိုင်ငံတော်က ပြန်လည်သုံးသပ် ဆန်းစစ်သင့်ကြောင်း။ (၃) ထိုကဲ့သို့ စစ်ဆေးသည့်အခါ ခွင့်ပြုသည့် နိုင်ငံတော်နှင့်ပြုလုပ်ထားသော ကတိကဝတ်များနှင့် မညီညွတ်ကြောင်း တွေ့ရှိပါက (က) ခွင့်ပြုချက်ရုပ်သိမ်းခြင်း၊ (ခ) ထိုက်သင့် သလောက်အရေးယူမှုပြုခြင်း၊ (ဂ) နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အကျိုးရှိသော စီမံကိန်းအသစ်များကို အကောင်အထည်ဖော်ခြင်းတို့ကို လိုအပ်သလို ပြုလုပ်ပေးရန် လိုအပ်ကြောင်း။ (၄) ထိုကဲ့သို့ နိုင်ငံတော်က ပြန်လည်သုံးသပ်စိစစ် စီမံဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ပိုင်အရင်းအမြစ်များအတွက် အမှန်တကယ် အကျိုးရှိလာစေမည်ဖြစ်ကြောင်း စသည်ဖြင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွက်လပ်လှစ်ဟာနေတဲ့ ကွက်လပ်ကြီးကို ဖာထေးပြုပြင် ဖို့တင်ပြထားတဲ့အဆိုဖြစ်တာကို တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီအဆိုကို ဒါအပြည့်အဝ ထောက်ခံဆွေးနွေးရခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရွှေပြည်သာမြို့နယ်ဟာဆိုလို့ရှိရင် အပိုင်းနှစ်ပိုင်းရှိပါတယ်။ (၁) မြို့ပြ၊ အိမ်ရာများထူထောင်ထားတဲ့ မြေများနှင့် (၂) စက်မှုဇုန် များဖြစ်ပါတယ်။ စက်မှုဇုန်မှာဆိုလို့ ရှိရင်လည်း စက်မှုဇုန်(၁)၊ (၂)၊ (၃)၊ (၄)၊ သာဓုကန်စက်မှုဇုန်၊ ဝါးတစ်ရာစက်မှုဇုန်နှင့် သစ်အခြေခံ စက်မှုဇုန် စုစုပေါင်းဇုန်ခုနစ်ဇုန်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်တာဝန်ကနေ တာဝန်ပေးချက်

အရ လယ်ယာမြေနှင့်အခြားမြေများ ပြန်လည်စိစစ်ရေးကောမတီ ဒါမြို့နယ်အဆင့်မှာ ကျွန်တော်ပါဝင်ဆောင်ရွက်တဲ့အခါမှာ ဒီစက်မှုဇုန်မြေတွေနဲ့သိမ်းဆည်းခံ လယ်မြေတွေကို တာဝန်အရ သွားရောက်ကြည့်ရှုစစ်ဆေးတဲ့အခါမှာဆိုလို့ရှိရင် စက်မှုဇုန်မြေကွက်များစွာဟာ စက်ရုံတွေမတည်ဆောက်ဘဲနဲ့ ကွက်လပ်တွေဖြစ်နေတာ၊ ခြံစည်းရိုးကာထားသော်လည်း အထဲမှာ စက်ရုံတွေမတည်ဆောက်ဘဲနဲ့ ဖြစ်နေတာတွေ့ရတယ်။ သိမ်းဆည်းခံလယ်မြေတွေကိုလည်း တချို့ကဧက ၁၃၀ လောက်ထိ ဝယ်ထားပြီးတော့ ဘာမှမလုပ်ဘဲ ပြစ်ထားတာတွေတွေ့ရပါတယ်။ တွေ့ရတဲ့အခါမှာ ကျွန်တော့်စိတ်ထဲမှာ ပေါက်ပေါက်လာတယ်။ ဒီကိစ္စတွေကို သေသေချာချာဆန်းစစ်ပြီးတဲ့အခါကျတော့ ဒါလွှတ်တော်ကြီးမှ တစ်ဆင့် နိုင်ငံတော်အကြီးအကဲများသိရှိနိုင်အောင် လုပ်နိုင်မယ်ဆိုလို့ရှိရင်တော့ တိုင်းပြည်စီးပွားတိုးတက်ရာတိုးတက်ကြောင်း အကျိုးရှိမယ်ဆိုပြီးတော့ ဒါကျွန်တော်အချင်းချင်းဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြို့နယ်မှာ ကျေးရွာမူလ ၁၅ ရွာမှာ လယ်ယာမြေတွေအားလုံးကို သိမ်းဆည်းပြီးတော့ ဒီစက်မှုဇုန်နဲ့ လူနေရပ်ကွက်တို့ကို ဖော်ဆောင်ထားတဲ့အတွက်ကြောင့်မို့လို့ ဒါကျွန်တော့်အနေနဲ့ ဒီလယ်ယာမြေတွေထဲမှာပဲ နစ်မြုပ်ပြီးတော့ ဒီဟာကို အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။

ဒီလိုအချိန်မျိုးမှာ ဒေါ်ခင်စန်းလှိုင်ရဲ့အဆို အခုလိုပေါ်ပေါက်လာတဲ့အချိန်မှာ ကျွန်တော်ရေငတ်တုန်းရေတွင်းထဲကျဆိုသလိုပဲ ကျွန်တော့်အနေနဲ့ ဝမ်းသာပြီးတော့ ဒီကိစ္စကို ပါဝင်ဆွေးနွေးခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော့်အနေနဲ့ အကျဉ်းချုပ်ပြီးတော့ ဒီကိစ္စကို တင်ပြသွားပါမယ်။ ကျွန်တော်တို့ ရွှေပြည်သာစက်မှုဇုန် ခုနကပြောသလို ခုနစ်ဇုန်ထဲမှာ ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ဇုန်(၁)ကို ၁၉၉၀ ခုနှစ်၊ သာခုကန်စက်မှုဇုန် ၂၀၀၁ ခုနှစ်၊ ဝါးတစ်ရာစက်မှုဇုန် ၂၀၀၄ ခုနှစ်မှာ ထမ်းဆောင်ခဲ့ပါတယ်။ ဇုန်(၁)က ၃၃၆ ဧကရှိလို့ စက်မှုဇုန်မြေကွက် ၄၁၅ ကွက်၊ သာခုကန်စက်မှုဇုန်က ၄၈၁.၀၆၉ ဧကရှိပြီးတော့ ၁၈၃ ကွက်၊ ဝါးတစ်ရာစက်မှုဇုန်က ၁၀၉၉.၆၄ ဧကရှိပြီးတော့ ၄၂၄ ကွက် အသီးသီးကျယ်ဝန်းပြီးတော့ စုစုပေါင်း ၁၉၁၅.၆၄ ဧကရှိပါတယ်။ ဒါပေမဲ့ ဇုန်(၁)မှာဆိုလို့ရှိရင် ကျွန်တော်တို့ ၃၁၇ ရုံပဲ တည်ဆောက်ပြီးတော့ ၇၈ ရုံ လုံးဝမတည်ဆောက်နိုင်ပါဘူး။ ထို့အတူပဲ သာခုကန်စက်မှုဇုန်မှာ ၁၀၆ ရုံပဲ တည်ဆောက်ပြီးတော့ ခုနက ၇၇ ရုံဆောက်ဖို့ကျန်ပါတယ်။ ဝါးတစ်ရာစက်မှုဇုန်ဟာဆိုမှာဆိုလို့ရှိရင် ၁၁၉ ရုံဆောက်ပြီးတော့ ၃၀၅ ရုံ ကျွန်တော်တို့ မဆောက်ဘဲနဲ့ မြေကွက်လပ်တွေကျန်ရှိနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စုစုပေါင်းကျန်နေတဲ့ ၂၉၄ ကွက်မှာဆိုလို့ရှိရင် တချို့က ဂိုထောင်တွေ ၇၃ ခုဆောက်ထားတယ်။ ဒါဟာ ပြန်လည်သုံးသပ်ဆန်းစစ်မှသာလျှင် ဒါမှန်/မမှန် ကျွန်တော်တို့ကသိတယ်။ ဒါကြောင့်မို့လို့ ဒီလိုကွက်လပ်ဖြစ်နေတဲ့ဟာ

တွေကို ကျွန်တော်တို့လုပ်ငန်းရှင်တွေကို သင့်တင့်လျောက်ပတ်တဲ့ လုံလောက်တဲ့အချိန်ပေးပြီးတော့ ဒီနေ့ ကျွန်တော်တို့အစိုးရကနေပြီးတော့ သင့်တင့်လျှောက်ပတ်တဲ့ အချိန်ပေးပြီတော့ လုပ်ငန်း အကောင်အထည်ဖော်ခိုင်းမယ်ဆိုလို့ရှိရင် အလုပ်လက်မဲ့တွေလည်းနည်းသွားမယ်။ တိုင်းပြည်ရဲ့ GDP ဟာလည်းပဲတက်လာမယ်။ တကယ်လို့ အဲဒီလို နိုင်ငံတော်ကလည်း ထူးခြားတဲ့စီမံကိန်းတွ မလုပ် နိုင်ဘူးဆိုလို့ရှိရင် သက်ဆိုင်ရာလယ်သမားတွေကို ပြန်ပေးလိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က လယ်ယာထွက်ကုန်ကိုအနည်းဆုံးထွက်အုံးမှာပါ။ ဒါကျွန်တော်တို့ GDP မှာ အထိုက်အလျောက် တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအနေအထား ဖြစ်ပျက်နေတဲ့ကိစ္စတွေနဲ့ ပတ်သက် ပြီးတော့ စက်မှုဇုန်တွေပဲဖြစ်ဖြစ်၊ လယ်ယာမြေကိုဝယ်ထားပြီးတော့ အကြီးအကျယ် ဝယ်ထားတာကိုပဲ ဖြစ်ဖြစ်၊ သေသေချာချာ ကျွန်တော်တို့ဆန်းစစ်ပြီးတဲ့အခါကတော့မှ ဒါတွေကို ကျွန်တော်တို့က ရပ်ဆိုင်း ခြင်း၊ အရေးယူခြင်းတွေကို ကျွန်တော်တို့ ပြုလုပ်သင့်ပါတယ်။ ဒါဆိုလို့ရှိရင် ဒီတိုင်းပြည်ရဲ့ လစ်ကွက် ဟာကွက်ကြီးဟာဆိုလို့ရှိရင် ကျွန်တော်တို့က ပပျောက်သွားပြီးတော့ တိုင်းပြည်ရဲ့ကုန်ထုတ်စွမ်းအားစု တွေကို တိုးတက်လာမှာအမှန်ပါပဲလို့ ပြောကြားရင်းနဲ့ ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို လေးလေးနက်နက်နှင့် အပြည့်အဝထောက်ခံကြောင်းတင်ပြ ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနှင့်ပတ်သက်၍ ကျွန်တော်တို့မြို့နယ်မှာ ပကတိဖြစ်ပျက် နေတဲ့ ဖြစ်ရပ်နှစ်ခုရှိပါတယ်။ ကျေးဇူးပြု၍ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ပထမတစ်ခုကတော့ ချမ်းမြသာစည်ရပ်ကွက်၊ ကျောက်ကာလမ်း မီးပွိုင့်သံလမ်းအရှေ့ဘက် မှာရှိတဲ့ မုံရွာဝါကြိတ်စက်ရုံဖြစ်ပါတယ်။ စက်ရုံရဲ့အကျယ်အဝန်းဟာ ၉.၇၈ ဧကရှိပြီး အဆောက်အဦး ၃၄ လုံးတောင်ပါရှိပါတယ်။ ဒီစက်ရုံကို စာချုပ်အမှတ်(၃/၂၀၁၂) နဲ့ ၄-၇-၂၀၁၂ ခုနှစ် ကချုပ်ဆို ငှားရမ်းခဲ့ခြင်းဖြစ်ပါတယ်။ ၁၀-၁၂-၂၀၁၅ ခုနှစ်မှာ စာချုပ်ပြင်ဆင်ချုပ်ဆိုခဲ့ပါတယ်။ တစ်လကျော် ကြာပြီး ၁၅-၁-၂၀၁၆ ခုနှစ်မှာပြန်ပြီး စာချုပ်ပြင်ဆင်ချုပ်ဆိုပြန်ပါတယ်။ နောက်နှစ်လနီးပါးလောက်

ရှိတဲ့ ၂၉-၃-၂၀၁၆ ခုနှစ်မှာ ပြင်ဆင်ပြီးတစ်ခါ စာချုပ်ချုပ်ဆိုပြန်ပါတယ်။ စာချုပ်တွေ အကြိမ်ကြိမ် စိတ်ကြိုက်ချုပ်ဆိုခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ဒီစာချုပ်တွေအကြိမ်ကြိမ်ချုပ်ဆိုခဲ့တော့ မီဒီယာတွေကလည်း ဈေးချိုချို ဝါသယ်ဝင်းလို့ ပြောစမှတ်ပြုခဲ့ပါတယ်။ စာချုပ်ပါကတိကဝတ်တွေကိုတော့ မလုပ်တဲ့အတွက် မုံရွာမြို့နယ် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ စာချုပ်ဖျက်သိမ်းပြီး ဌာနရမ်းခြင်းရပ်စဲရန်အဆိုကို ၂၂-၂-၂၀၁၇ ရက်နေ့မှာ အဆိုတင်သွင်းခဲ့ပါတယ်။ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှ ထောက်ခံဆွေးနွေးခဲ့ပါတယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အများစုရဲ့ မဲဆန္ဒနယ်အဆိုကို ၁၄-၃-၂၀၁၇ ရက်နေ့မှာ အတည်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လို့ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကုမ္ပဏီကိုဆက်လုပ်ရန် စာထုတ်ပြန်ပေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ ဝါလုပ်ငန်းလုပ်ကိုင်ခြင်းမရှိ၍ ၁၄-၃-၂၀၁၇ ရက်နေ့ တိုင်းဒေသကြီးလွှတ်တော် အဆိုကို အတည်ပြုခဲ့တဲ့အတိုင်း စာချုပ်ဖြတ်သိမ်း၍ ဌာနရမ်းခြင်းရပ်စဲရန် အစီအစဉ်ရှိ/မရှိမေးခွန်း မေးမြန်းခဲ့ပါတယ်။ ဆက်စပ်မေးခွန်းမှာတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်ပြီး ဌာနဆိုင်ရာ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုန်စည်ဒိုင်၊ ဒေသအသင်းအဖွဲ့ ပါဝင်သင့်ပါဝင်ထိုက်သူများပါဝင်ပြီး ကွင်းဆင်းစစ်ဆေးရန် ဖြေကြားသွားခဲ့ပါတယ်။ ယနေ့အထိတော့ ဘာမှလုပ်ဆောင်ခြင်းမရှိသေးပါဘူး။

ဒုတိယဖြစ်ရပ်ကတော့ မုံရွာ-ရေဦး B.O.T လမ်းပိုင်းကိစ္စဖြစ်ပါတယ်။ B.O.T လမ်းပိုင်း အနေနဲ့ပတ်သက်ပြီးတော့ ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဆိုတင်သွင်းခဲ့ပြီး ၆-၈-၂၀၁၈ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဆွေးနွေးပြီးတော့ အတည်ပြုပြီး ဖြစ်ပါတယ်။ ၂၇-၁၁-၂၀၁၈ ရက်နေ့မှာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီရုံးခန်းမှာ B.O.T ကုမ္ပဏီတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၂-၁၂-၂၀၁၈ ရက်နေ့မှာတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ ရေဦး-မုံရွာလမ်းပိုင်းကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ တွေ့ရှိချက်တွေကိုလည်း အစီရင်ခံပြီးဖြစ်ပါတယ်။ မုံရွာဝါကြိတ်စက်ကိစ္စမှာရော၊ B.O.T လမ်းပိုင်းကိစ္စမှာရော ပြည်သူ့ကိုယ်စားလှယ်များက အဆိုတင်သွင်းအတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အကောင်အထည်ဖော်မှုမတွေ့မြင်ရသေးပါဘူး။ ယခုအဆိုမှာလည်း အဆိုရှင်က လုပ်ငန်းရှင် ရင်းနှီးမြှုပ်နှံသူတွေကို ဒုက္ခတွေ့စေလို၍မဟုတ်ဘဲ နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများနှင့် နိုင်ငံတော်အကျိုးငှာ တင်သွင်းခြင်းဖြစ်တယ်လို့ ယူဆပါတယ်။ ကတိကဝတ်နဲ့ မညီညွတ်မှ လုပ်ပိုင်ခွင့်ရပ်စဲရမှာဖြစ်ပါတယ်။ ကတိကဝတ်နဲ့ ညီညွတ်တယ်ဆိုလို့ရှိရင်

အားပေးကူညီရမှာဖြစ်ပါတယ်လို့ ကျွန်တော်နားလည်ပါတယ်။ ဒါကြောင့်မို့ ဒီအဆိုဟာဆိုလို့ရှိရင် နိုင်ငံသူနိုင်ငံသားတွေ၊ ဒေသခံတွေရဲ့ အကျိုး၊ နိုင်ငံတော်ရဲ့ အရင်းအမြစ်တွေအကျိုးအတွက် အဆို တင်သွင်းခြင်းဖြစ်တဲ့အတွက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးပါရန် လေးလေးနက်နက် တိုက်တွန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေရှင်။ ပုလဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို သထုံမဲဆန္ဒနယ်က ကျွန်မဒေါ်မာမာခိုင်က ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုဟာ နိုင်ငံနှင့်ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်တဲ့ လိုအပ်ချက် တွေကို မီးမောင်းထိုးပြလိုက်တဲ့ ကောင်းမွန်တဲ့အဆိုတစ်ခုဖြစ်တယ်ဆိုတာ ဦးစွာပြောကြားလိုပါတယ်။ အဆိုရှင်တင်ပြသလို ကတိကဝတ်တွေ၊ စာချုပ်တွေချုပ်ဆိုခြင်း၊ အကျိုးတူပူးပေါင်းခြင်းစတာတွေနဲ့ နိုင်ငံပိုင်အရင်းအမြစ်တွေကို လုပ်ငန်းရှင်တွေက လွှဲပြောင်းရယူခဲ့ကြပေမဲ့ အမှန်တကယ်ကတိအတိုင်း အကောင်အထည်ဖော်သလားလို့မေးရင် ကျွန်မတို့မြို့နယ်က ပြည်သူတွေကိုယ်စား ကျွန်မက NO ပါလို့ပဲ ဖြေပါမယ်ရှင်။ ဒီလို မဆောင်ရွက်နိုင်တဲ့အတွက် နိုင်ငံအတွက် လက်ငင်းအကျိုးရလဒ်ဖြစ်စေ တဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ထိခိုက်စေသလို စာချုပ်ပါအတိုင်း မလုပ်ဆောင်နိုင်မှုတွေ ကိုလည်း တွန်းအားပေးအရေးယူမှုတွေ မလုပ်ခဲ့တဲ့အတွက် အချိန်နှင့်အမျှ တိုင်းပြည်ရဲ့စီးပွားရေးမှာ ဆုံးရှုံးနစ်နာမှုတွေဖြစ်နေပါတယ်။ ဒါ့အပြင် စီမံကိန်းဆောင်ရွက်ဖို့မြေနေရာတွေသာ ယူထားပြီးတော့ ဘာမှမလုပ်တဲ့အတွက် ဒေသခံပြည်သူတွေက ဝင်ရောက်စိုက်ပျိုးတဲ့အခါမှာလည်း မလိုလားအပ်တဲ့ ရုန်းရင်းဆန်ခတ်မှုတွေဖြစ်ပြီးတော့ တရားဥပဒေစိုးမိုးမှုကိုပါ ထိခိုက်စေပါတယ်။ ကျွန်မတို့မြို့နယ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က နှစ်ရှည်သီးနှံတွေစိုက်ပျိုးမယ်ဆိုပြီးတော့ အနန်းပင်ကျေးရွာ အုပ်စု၊ စခန်းကြီးကျေးရွာအုပ်စုတွေမှာ ဒေသခံတွေရဲ့စိုက်ပျိုးမြေအပါအဝင် မြေတော်တော်များများကို သိမ်းယူထားပါတယ်။ အဲဒီကနေတစ်ဆင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့ပေမဲ့လည်း အရှုံးပေါ်လို့ စိုက်ပျိုးထားတဲ့ရာဘာတွေအပါအဝင် ကျန်မြေနေရာတွေကို အကျိုးတူလုပ်ဖို့ဆိုပြီးတော့ ၂၀၁၄ ခုနှစ်မှာ စီစဉ်ခဲ့ပါတယ်။ ဒေသခံတွေက မိမိတို့လည်း ဒီမှာနိုင်သလောက် အုပ်စုလေးဖွဲ့ပြီး လုပ်ဖို့ လျှောက်ထားပေမဲ့လည်း အစိုးရဌာန၊ ဝန်ကြီးဌာနကနေပြီးတော့ ဒေသခံတွေမလုပ်နိုင်တဲ့

ဈေးနှုန်းတွေနဲ့ တင်ဒါတွေပေးခဲ့တဲ့ ဒေသခံတွေ လက်လျှော့ခဲ့ရပါတယ်။ တင်ဒါအောင်သွားတဲ့ MCM ကုမ္ပဏီကလည်း လက်တွေ့မှာ မလုပ်နိုင်လို့ ပြန်အပ်တဲ့အတွက် Jade King and Queen Gem and Jewelry ကုမ္ပဏီနဲ့ ၂၆-၁၂-၂၀၁၇ ရက်နေ့မှာ အကျိုးတူစာချုပ်ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်အရ ဝန်ထမ်းလစာနှင့် လစာစရိတ်တွေ၊ ထုတ်လုပ်မှုကုန်ကျစရိတ်တွေကိုတော့ လက်ရှိအစေးခြစ်လို့ရတဲ့ ရာဘာပင်တွေက အစေးတွေကို ကုမ္ပဏီက ထုတ်ယူပြီးတော့ပေးနေပေမဲ့ ဒီစာချုပ်ပါအတိုင်းပေးရမယ့် လုပ်ငန်းအာမခံကြေးတွေကိုတော့ မပေးဘဲနဲ့ အကြိမ်ကြိမ်ပျက်ကွက်နေတဲ့အတွက် ဝန်ကြီးဌာနက ၇-၂-၂၀၁၉ ရက်နေ့မှာထပ်မံအကြောင်းကြားစာပေးပို့ခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် စာချုပ်မှာပါတဲ့ အတိုင်း မြေလွတ်တွေမှာလည်း သူတို့စိုက်ပျိုးရပေမဲ့ မစိုက်ပျိုးတဲ့အတွက် ဒီအတိုင်းပဲထားတယ်လို့ ဒေသခံတွေက ပြောပါတယ်။ သူတို့မစိုက်တော့ စိုက်ပျိုးရေးကို လုပ်ကိုင်လိုတဲ့ ဒေသခံတွေက ဝင်ရောက်စိုက်ပျိုးတဲ့အခါမှာ အမှုအခင်းပြဿနာတွေဖြစ်လို့ ရွာခံတွေလည်း အချုပ်ထဲရောက်၊ ဝန်ထမ်းတွေလည်း စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပါတယ်။

နောက်တစ်ခုကတော့ သထုံမြို့နယ်၊ နန်းခက်ရပ်ကွက်မှာရှိတဲ့ မြို့နယ်စည်ပင်ပိုင် မြကျွန်းသာ ပန်းခြံနေရာကို ကလေးကစားကွင်း၊ စကိတ်ကွင်း၊ စားသောက်ဆိုင်စတဲ့ လူထုအပန်းဖြေလုပ်ငန်းတွေ လုပ်ဖို့ဆိုပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ်လောက်မှာ လုပ်ငန်းရှင်တွေကို တစ်လကို သုံးသိန်းနှုန်းနဲ့ နှစ် ၃၀ စာချုပ်ချုပ်ဆိုငှားရမ်းခဲ့ပါတယ်။ ဒါပေမဲ့ စာချုပ်ပါအတိုင်းဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက် ယနေ့တိုင် ခြုံနွယ်မြက်ရိုင်းတွေသာရှိနေပြီးတော့ လုပ်ငန်းရှင်အနေနဲ့ကတော့ ပုဂ္ဂလိကရုပ်ရှင်ရုံ လုပ်ငန်း၊ ရုပ်ရှင်ရုံတစ်နေရာစာကို ခြောက်သိန်းနဲ့ ပြန်လည်ငှားရမ်းခဲ့တဲ့အတွက် အဲဒီတစ်နေရာတစ်ခု ပဲ အကောင်းရှိပါတယ်။ မူလမြို့နယ်စည်ပင်ရဲ့ရည်ရွယ်ချက်ကတော့ မြို့လှပသာယာရေး၊ မြို့လူထု အပန်းဖြေရေးနဲ့ စည်ပင်ဝင်ငွေရရှိရေးအတွက် ဆောင်ရွက်ခဲ့ပေမဲ့လည်း လက်တွေ့မှာတော့ ရုပ်ရှင်ရုံ ငှားရမ်းခထဲက စည်ပင်ခသုံးသိန်းနဲ့ လုပ်ငန်းရှင်က သုံးသိန်းရပြီးတော့ မြို့လူထုအတွက်ကတော့ အပန်းဖြေနေရာ၊ ကလေးကစားစရာကွင်းမဟုတ်ဘဲ မြွေမွေးမြူရေးစခန်းအသွင်သာ ဖြစ်နေတဲ့အတွက် အဆင်မပြေပါဘူးရှင်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ စောစောက ကျွန်မတင်ပြခဲ့တဲ့ ကတိအတိုင်းမစိုက်ပျိုးဘဲနဲ့ ပစ်ထားတဲ့မြေနေရာတွေပါ။ ဒါကတော့ မြကျွန်းသာပန်းခြံနေရာပါ။ ဒါကတော့ ထူးခြားလှတဲ့သဘာဝအလှအပတွေ၊ ရှားပါးတဲ့သဘာဝအရင်းအမြစ်တွေနဲ့ အပြည့်ရှိနေတဲ့ ဝင်းဘုန်းတောင်နှင့် ဂူပါ။ ဒီနေရာနဲ့ မင်းလွင်တောင်နေရာကိုလည်း ၂၀၁၄ ခုနှစ်လောက်ကနေစပြီး

တော့ ဘိလပ်မြေစက်ရုံထူထောင်ဖို့ စီစဉ်နေပါတယ်။ ဒေသခံတွေ သဘောမတူသလို ကျွန်မတို့ ကိုယ်စားလှယ်တွေကလည်း ပြည်သူနဲ့အတူ ရပ်တည်သွားမှာ ဖြစ်ပါတယ်။ ခတ်ပုံပိုင်ရှင်တွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဟာ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့ အတွက် အမှန်တကယ်ဖြစ်ပျက်နေတာကို ပြည်သူနဲ့ ပြည်သူနစ်နာနေတာတွေကို ချစ်ခြင်း၊ မုန်းခြင်း ကင်းစွာနဲ့ ပြတ်ပြတ်သားသားတင်ပြရပ်တည်ဆွေးနွေးနေခြင်းသာ ဖြစ်ပါတယ်ရှင်။ ဒီလိုပါပဲ ပြည်ထောင်စုအစိုးရအနေနဲ့လည်း အဆိုရှင်နှင့်တကွ ပြည်သူ့ကိုယ်စားလှယ်တွေ တင်ပြသွားခြင်း အပေါ်မှာ အလေးအနက်ထားသုံးသပ်ဆောင်ရွက်ပေးပါလို့ တိုက်တွန်းရင်းနဲ့ ဒေါ်ခင်စန်းလှိုင်ရဲ့အဆို ကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ကိုကိုဦးဖြစ်ပြီးတော့ ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံတကာနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု အသစ်တွေကို ဖိတ်ခေါ်နေတဲ့ ယခုလိုအချိန်အခါမျိုးမှာ နိုင်ငံပိုင်အရင်းအမြစ်တွေဖြစ်တဲ့ မြေ၊ အဆောက်အဦနှင့် လုပ်ငန်းတွေအပေါ်မှာ ရင်းနှီးမြှုပ်နှံဖို့ ခွင့်ပြုချက်ရယူပြီးတော့ ကတိအတိုင်း ဆောင်ရွက်ခြင်းမရှိတဲ့စီမံကိန်းတွေကို ပြန်လည်သုံးသပ်ပြီးတော့ ခွင့်ပြုချက်ရပ်ဆိုင်းဖို့နဲ့ ထိုက်သင့်တဲ့ အရေးယူမှု ပြုလုပ်ဖို့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆိုဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ကျွန်တော်တို့ အခု စီမံကိန်းတွေဆောင်ရွက် တဲ့နေရာမှာ ခွင့်ပြုချက်တွေပေးတဲ့အဆင့်တိုင်းမှာ ဥပဒေတွေကို လေးစားလိုက်နာဖို့လိုသလို မိမိတို့ရဲ့ လုပ်ပိုင်ခွင့်နှင့်တာဝန်ကိုလေးစားပြီး နိုင်ငံတော်အရင်းအမြစ်တွေကို လက်ဝါးကြီးအုပ်ခြင်း၊ စီမံကိန်း အကောင်အထည်မပေါ်ဘဲ လက်ဦးမှုယူထားခြင်းမဖြစ်စေဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံသား တွေအခက်အခဲမဖြစ်စေဖို့ ဦးတည်ချက်ထားကာ အမြော်အမြင်ရှိရှိ ခွင့်ပြုပေးကြဖို့ဆိုတာ အင်မတန် အရေးကြီးပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ခွင့်ပြုပေးတဲ့အခါကျရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကနေပြီးတော့ ခွင့်ပြုချက်ရပြီးဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ ဝန်ကြီးဌာနတွေက နေပြီးတော့ စီမံခန့်ခွဲတာ ဖြစ်ပါတယ်။ ဒီနေရာမှာ စီမံခန့်ခွဲတဲ့သူတွေအနေနဲ့ နိုင်ငံတော်နှင့် နိုင်ငံသား

တွေရဲ့အကျိုးစီးပွားကို ရှေးရှုပြီးတော့ နိုင်ငံတော်အနေနဲ့ ရသင့်ရထိုက်တာတွေရဖို့နဲ့ မပေးသင့်တဲ့ အခွင့်အရေးတွေကို ခွင့်မပြုပေးဖို့လိုပါတယ်။ ဒါကတော့ စီမံခန့်ခွဲသူတွေရဲ့အမြော်အမြင်ရှိမှု၊ ကြိုးစားမှု၊ ရိုးသားမှုတွေနဲ့ အဓိကသက်ဆိုင်ပြီးတော့ အဂတိကင်းဖို့လည်းအရေးကြီးပါတယ်။ လုပ်ငန်းရှင်တွေအပေါ်မှာ ဖိနှိပ်လိုစိတ်ကင်းရမှာဖြစ်သလို လုပ်ငန်းအကောင်အထည်ဖော်ရာမှာ အဆင်ပြေလွယ်ကူစေရန်အတွက် ကူညီဖေးမဖို့လည်း လိုပါတယ်။ တစ်ချိန်တည်းမှာ စည်းမျဉ်းစည်းကမ်းနဲ့မညီရင်လည်း ခွင့်ပြုချက်ရုပ်ဆိုင်းဖို့၊ အရေးယူဖို့လိုပါတယ်။ အရေးယူခွင့်ရှိသူက စည်းကမ်းချိုးဖောက်သူကို အရေးမယူဘဲ မသိကျိုးကျွန်ပြုခြင်းဟာ ၎င်းစည်းကမ်းချိုးဖောက်သူကို အခွင့်အရေးပေး၊ ကူညီတာလို့ ထင်မှတ်ယူဆစရာဖြစ်နေပါတယ်။ နိုင်ငံတော်နှင့် လုပ်ငန်းရှင်တွေအတွက် ဘယ်လိုပဲအကျိုးရှိသော်လည်း ဒေသခံပြည်သူရဲ့လူမှုစီးပွားဘဝကို များစွာမထိခိုက်ဖို့လိုပါမယ်။ အလုပ်အကိုင်၊ အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးနိုင်ဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်တစ်ခုလုပ်ဖို့အတွက် အခြေခံအားဖြင့် မြေနေရာအရင်းအနှီးလုပ်အားတွေ လိုအပ်ပါတယ်။ အလုပ်သေးသေးလုပ်ရင် နည်းနည်းလိုပြီးတော့၊ ကြီးကြီးလုပ်ရင်တော့ များများလိုမှာဖြစ်ပါတယ်။ စီမံကိန်းတစ်ခုမှာ မြေနေရာ ကျယ်ကျယ်၊ အရင်းနှီးများများရင်းထားပြီး စီမံကိန်းအကောင်အထည်မဖော်ဘဲ ဒီအတိုင်းရပ်ထားဖို့ကို ဘယ်သူမှ မလိုလားပါဘူး။ အဲဒီစီမံကိန်းမျိုးကို အကောင်အထည်မဖော်ဘဲ လိုလိုလားလားဖက်တွယ်ထားပြီဆိုရင်တော့ အလွယ်တကူမမြင်နိုင်တဲ့ အကျိုးစီးပွားတွေရှိနေကြပါပြီ။ အဲဒီအကျိုးစီးပွားတွေရဲ့ အကြောင်းရင်းတွေကို ပြန်လည်ဆန်းစစ်သုံးသပ်ဖို့ လိုပါမယ်။ လက်ရှိအကျိုးမရှိတဲ့စီမံကိန်းကို ဘာကြောင့်ဖက်တွယ်ထားကြတာလဲ။ နောင်ကြာလေအကျိုးရှိလေမို့ လက်ဦးမှုရယူထားခြင်းလား။ လက်ဦးမှုယူထားနိုင်ခြင်း၊ လက်ဝါးအုပ်ခွင့်ရှိခြင်းတို့ဟာ စီမံကိန်းကိုခွင့်ပြုစဉ်က အမြော်အမြင်နည်းခဲ့တာလား။ လက်ရှိစီမံခန့်ခွဲသူတွေရဲ့အားနည်းချက်လားဆိုတာကို ပြန်ဆန်းစစ်ပြီး နိုင်ငံတော်နှင့် ဒေသခံပြည်သူတွေ မနစ်နာအောင် စီမံခန့်ခွဲဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအဆိုဟာ အကောင်အထည်မဖော်နိုင်တဲ့စီမံကိန်းတွေကို ခွင့်ပြုချက်နဲ့ ရုပ်ဆိုင်းခြင်း၊ ထိုက်သင့်တဲ့အရေးယူခြင်းတို့ကို ပြုလုပ်ပြီး အမှန်တကယ်လုပ်ငန်းအကောင်အထည်ဖော်မယ့် လုပ်ငန်းရှင်တွေကို လုပ်ကိုင်နိုင်အောင် စီမံခန့်ခွဲပေးဖို့ကို တိုက်တွန်းထားတဲ့အဆိုလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ အမှတ်(၂၇)စက်မှုကုန်ကြမ်းဌာနနှင့် High Fate GB Trading Co.,Ltd တို့ချုပ်ဆိုထားတဲ့ စာချုပ်ပါ။ အမှန်တကယ် ကုန်ကျ

စရိတ်ကျခံစိုက်ပျိုးနေကြတာကတော့ ဒေသခံတွေဖြစ်ပါတယ်။ မြေဧရိယာ ၇၆၇ ဧကကျော်ရှိပြီးတော့ တစ်ချိန်မှာ ပိုင်ဆိုင်မှုအငြင်းပွားလာနိုင်တဲ့ကိစ္စဖြစ်ပါတယ်။ နောက်တစ်ခုက ရာဘာမစိုက်ဘဲနဲ့ ယခု အခါမှာ နှစ်ရှည်သီးနှံပင်တွေကို စိုက်ပျိုးနေတာတွေ့ရပါတယ်။ ဒါကလည်း စည်းကမ်းချက်ချိုးဖောက် တာဖြစ်ပါတယ်။ မြေတစ်ဧကကို တစ်နှစ်ငှားရမ်းခနှုန်းအတွက် နှစ်ရှည်သီးနှံအတွက်ကို ကျပ် ၃၀၀၀၀ နဲ့ ညှိနှိုင်းကြတယ်လို့ သိရပါတယ်။ မြေတွေကပဲ တန်ဖိုးမရှိတာလား။ တန်ဖိုးမသိတာလားဆိုတာ ပြန်လည်စဉ်းစားဖို့လိုပါတယ်။ ဒီငှားရမ်းတဲ့မြေမှာပဲ ဒေသခံပြည်သူတွေရဲ့မြေကို အသိမ်းခံထားရလို့ သက်သေအထောက်အထားခိုင်ခိုင်မာမာနဲ့ ပြန်တောင်းဆိုနေကြတဲ့မြေနေရာတချို့လည်း ရှိနေပါသေး တယ်။ ဒါကတော့ B.O.T စနစ်နဲ့ဆောင်ရွက်မယ့် MoU ထိုးပြီး ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီးတော့ ဘီးလင်းမှာ Htoo Construction Development Group က ဖြစ်မြောက်နိုင်စွမ်းလေ့လာနေတယ် လို့ သိရပါတယ်။ စာချုပ်ကိုကတော့ အခုအချိန်အထိမမြင်ဖူးသေးပါဘူး။ မွန်ပြည်နယ်အနေနဲ့ ဘိလပ်မြေစက်ရုံနဲ့ပတ်သက်ပြီးတော့ ကျိုက်မရောမြို့နယ်မှာ အကောင်အထည်ဖော်ခြင်းမရှိဘဲ စာချုပ်ချုပ်ထားတာတချို့ကို လက်လှမ်းမီသိထားသလောက် စီမံကိန်းတချို့ကို တင်ပြလိုပါတယ်။ ဇေကမ္ဘာကုမ္ပဏီက နှီးဒုံးတောင်ထုံးကျောက်သိုက်ဧရိယာ ၂၀၀ ကျော်ကို ၂၀၁၂ ခုနှစ်ကနေစပြီးတော့ သတ္တုတွင်းဝန်ကြီးဌာနကနေပြီးတော့ မြေငှားရမ်းခွင့်ရခဲ့ပါတယ်။ မြေလွတ်၊ မြေလပ် ၁၄၈ ဧက ကို အစိုးရခွင့်ပြုတဲ့၊ ဥပဒေနဲ့ညီညွတ်တဲ့ အခြားလုပ်ငန်းအတွက် လုပ်ပိုင်ခွင့်နှင့်လယ်ယာမြေကို အခြား နည်းနဲ့အသုံးပြုခွင့်တွေကို ၂၀၁၅ ခုနှစ်ကတည်းက ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ဘိလပ်မြေစက်ရုံကတော့ ဒီကနေ့အထိ အကောင်အထည်မဖော်သေးပါဘူး။ ဒီလိုပါပဲ။ Farmer Phoyarzar Mining Co,. Ltd ကလည်း အတ္ထရံတောင်မြေဧက ၂၁၀ ကို ၂၀၁၁ ခုနှစ်ကနေပြီးတော့ ရရှိခဲ့ပြီးတော တစ်စတုရန်း ကီလိုမီတာအတွက် တစ်နှစ်ကို ၂၀၀၀ ကျပ်နှုန်းနဲ့ ထုတ်လုပ်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ နောက်ဆုံး June Cement Industry Limited ကလည်း ပျားတောင်မြောက်ပိုင်းက မြေ ၃၆၅ ဧကကို ၂၀၁၁ ခုနှစ်က ဓာတ်သတ္တုအကြီးစားထုတ်လုပ်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီလိုစီမံကိန်းတွေ ဘာကြောင့် အခု အချိန်အထိအစမပြုနိုင်သေးတာလဲဆိုတာ ပြန်လည်စစ်ဆေးသုံးသပ်ဖို့လိုအပ်နေပါပြီလို့ အဆိုရှင်က ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်တွန်းအဆိုအား ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူ များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်

ဦးမောင်မြင့်ဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို ဝေဖန်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဘယ်နိုင်ငံမှာမှ အစိုးရအဆက်ဆက် ဟာ သံမဏိရှည်ကြာအာဏာရခဲ့တယ်ဆိုတာ မရှိပါဘူး။ ခြွင်းချက်နိုင်ငံအချို့တော့ ရှိနိုင်ပါတယ်။ အဲဒီထဲမှာ ရှေ့ကအစိုးရတွေလုပ်ခဲ့တာ အားလုံးကောင်းတယ်လို့ မဆိုလိုချင်ပေမဲ့ အာဃာတတွေနဲ့ လုပ်မယ်ဆိုရင်တော့ နိုင်ငံအတွက် ဘာအကျိုးမှ မရရှိနိုင်ပါဘူး။ လုပ်ငန်းရှင်ကြီးတွေဆိုတာ တကယ်တော့ ပြည့်ဝမ်းဗိုက်တွေပါ။ နိုင်ငံကြီးပွားဖွံ့ဖြိုးတိုးတက်ချင်ရင် ပြည့်ဝမ်းဗိုက်ကို မဖောက်ရာ ဆိုတဲ့စကားကိုရော ကြားဖူးကြပါရဲ့လားလို့ မေးချင်ပါတယ်။ တပ်မတော်အစိုးရလက်ထက်က နိုင်ငံတကာ Sanction တွေ ကြုံတွေ့ခဲ့ရပါတယ်။ ပြည်တွင်းပုစိန်ရိုးတွေ မိမိတို့နိုင်ငံအပေါ် Sanction ချမှတ်ပေးဖို့ တစာစာအော်ခဲ့ကြတာကိုလည်း ကိုယ်တိုင်လုပ်ခဲ့သူရော၊ ဝန်းရံကြသူတွေရော မှတ်မိကြ အုံးမှာပါ။ ကျွန်တော်တို့ အခုချိန်အထိ Sanction ရဲ့ဒဏ်ကနေ အကင်းမသေသေးပါဘူး။ Sanction ကို ကျော်လွှားနိုင်ဖို့အတွက် အစိုးရရော၊ လုပ်ငန်းရှင်တွေပါ တော်တော်လေးကြိုးစားပြီးတော့မှ ရုန်းကန်ခဲ့ကြတာဖြစ်ပါတယ်။ အစိုးရအနေနဲ့ နိုင်ငံခြားငွေကုန်ကျမှုသက်သာအောင် Import Substitution အနေနဲ့ ပြည်တွင်းမှာ စက်ရုံတွေတည်ဆောက်ပေးခဲ့ပါတယ်။ အစိုးရက လူထုသက်သာ အောင် Subsidize လုပ်ပေးခဲ့ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ကာလကျမှ အဲဒီအစိုးရက Subsidize လုပ်ထားတဲ့ စက်ရုံတွေကို ပုဂ္ဂလိကကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ လုပ်ကိုင်ခွင့်ရခဲ့တဲ့သူတွေဟာ တစ်ချိန်က အတိုက်အခံတွေအနေနဲ့ ခရိုနီလို့အနွတ္တည၊ပြုခေါ်ဝေါ်ကြတဲ့ လုပ်ငန်းရှင်ကြီးတွေပါပဲ။ အခုခေတ်ကျတော့လည်း အဲဒီ ခရိုနီဆိုသူတွေကို တိုင်ကွန်းလို့ပြောင်းပြီး ခေါ်မယ်လို့ပြောကြတော့ ကျွန်တော် တရားမျှားတောင်ကျမိပါတယ်။ ကျွန်တော် ဘယ်တုန်းကမှ ခရိုနီလို့မခေါ်ခဲ့ပါဘူး။ ပြောနေကြတဲ့ တိုင်ကွန်းလို့လည်း မခေါ်နိုင်ပါဘူး။ လုပ်ငန်းရှင်လို့ပဲ ခေါ်ပါ တယ်။ လုပ်ငန်းရှင်ဆိုတာ ဦးနှောက်ရှိပါတယ်။ ကြံရည်ဖန်ရည်ရှိတယ်။ အတတ်ပညာနဲ့ အရင်းအနှီး တချို့ရှိတယ်။ ဒါပေမဲ့ အချို့လုပ်ငန်းကြီးတွေမှာ သူတို့ချည်းလုပ်လို့မရပါဘူး။ FDI နဲ့ပေါင်းပြီးလုပ်မှ ရတဲ့ဟာမျိုးဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အတတ်ပညာနဲ့ အရင်းအနှီး မလုံလောက်လို့ပါ။ ဒီတော့ နိုင်ငံတကာကိုလွှတ်ပြီးတော့မှ Investor ရှာဖွေရပါတယ်။ ကျွန်တော့်မှ Data အတိအကျ ရှိပေမဲ့ ပုဂ္ဂလိဓိဋ္ဌာန်ဆန်မှာဆိုးလို့ Company ရဲ့နာမည်ကိုတော့ မပြောလိုပါဘူး။ Company က ဝန်ကြီးဌာနဆီကနေပြီး စက်ရုံနဲ့မြေကို ငှားရမ်းခဲ့ပါတယ်။ FDI လိုက်ရှာတယ်။ FDI ကိုချိတ်မိတဲ့ အချိန်က ၂၀၁၅ ခုနှစ်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ရွေးကောက်ပွဲနိုင်တဲ့ပါတီကနေပြီးတော့မှ လွှတ်တော်

မှာအဆိုတင်သွင်းပြီးတော့မှ လုပ်ငန်းတွေဆက်မလုပ်ကြဖို့ အစိုးရကိုကန့်ကွက်တယ်။ သမ္မတကြီး ဦးသိန်းစိန်က ဒါကိုအလေးပေးစဉ်းစားပြီးတော့မှ အဲဒီလုပ်ငန်းကို ရပ်ပေးခဲ့ပါတယ်။ အစိုးရသစ်ကာလမှာ လုပ်ငန်းရှင်က Investment Plan တင်တဲ့အခါကျတော့ ငှားရမ်းထားတဲ့ကာလပြည့်သွားပြီလို့ပြောပါတယ်။ ခင်ဗျားတို့အဲဒါကြားဖူးလား။ ဒီကြားထဲကာလမှာ လုပ်ငန်းရှင်က ကျပ် ဘီလီယံချီပြီးတော့မှ ဆုံးရှုံးသွားပါတယ်။ တကယ်တော့ သူ့ကို ငှားရမ်းသက်တမ်းတိုးပေးပြီးတော့မှ လုပ်ငန်းလုပ်ပိုင်ခွင့်ပေးလို့ရှိရင် အစိုးရရော၊ လုပ်ငန်းရှင်ရော၊ Investor ရော၊ ဒေသခံတွေပါ အားလုံးအကျိုးရှိမယ်။ ဝမ်းသာကြမယ်ဆိုတာ မလွဲပါဘူး။ အားလုံးသိကြဖို့ကတော့ Investor တွေဟာ ကျောက်ခဲ၊ သဲလဲနဲ့လာပြီးတော့မှ ရင်းနှီးမြှုပ်နှံရတာမဟုတ်ပါဘူး။ လုပ်ငန်းကလည်း ကွမ်းယာဆိုင်ထောင်သလောက်အရင်းအနှီးမသေးဘူးဆိုတာကို အားလုံးသိစေချင်ပါတယ်။ စီးပွားရေးကိစ္စတွေကို စီးပွားရေးကော်မတီနဲ့ Cabinet ကကိုင်တွယ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်သမ္မတကြီးနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံတို့က ဆောင်ရွက်နေတာဖြစ်ပြီးတော့မှ လွှတ်တော်က Check and Balance လုပ်ခွင့်ရှိတယ်ဆိုပေမဲ့ ဘုန်းကြီးရှေ့ကကြွဆိုပြီးတော့မှ လမ်းညွှန်တာမျိုးဖြစ်နေမလားဆိုတာကို စဉ်းစားဖို့လိုပါတယ်။ Macro Management ကို ဝင်ရောက်စွက်ဖက်သလိုဖြစ်နေပြီလားလို့လည်း သုံးသပ်စေချင်ပါတယ်။ ဒါကြောင့် Macro Economy, Macro Management ကိုကိုင်တွယ်တဲ့အခါမှာ ကွမ်းယာဆိုင် Management Plan မျိုးနဲ့ ထင်သလိုလုပ်ရင်တော့ စီးပွားရေးက Derail ဖြစ်ရုံတင်မက Collapse ဖြစ်သွားနိုင်ပါတယ်။ ပြီးတော့ International Trust ကိုပြန်ရဖို့မလွယ်ဘူးဆိုတာကိုလည်း တင်ပြလိုပါတယ်။ အကောင်းဆုံးဥပမာကတော့ ၂၀၁၆ ခုနှစ် နှစ်ဆန်းကရန်ကုန်မှာ အထပ်မြင့်အဆောက်အဦတွေကို ကိုင်တွယ်လိုက်တဲ့အကျိုးဆက်အနေနဲ့ အခုအချိန်အထိ Real Estate Sector ဟာ ဖရိုဖရဲဖြစ်ပြီး ဈေးကွက်ပျက်နေတုန်းပါပဲ။ ဒါကြောင့် စီးပွားရေးကိစ္စတွေကို စီးပွားရေးကိစ္စအလို့ငှာပဲ ဝေဖန်ကြ၊ သုံးသပ်ကြ၊ ကိုင်တွယ်ကြရင်ကောင်းပါတယ်။ စီးပွားရေးကိစ္စတွေကို နိုင်ငံရေးကိစ္စအလို့ငှာ တလွဲအသုံးချမယ်ဆိုရင် နိုင်ငံရေးအမြတ်ရမယ်မရမယ်ဆိုတာ မသေချာပေမဲ့ သေချာတာကတော့ စီးပွားရေးကို Discourage ဖြစ်စေမယ်ဆိုတာ အဆိုရှင်အနေနဲ့ ခေါင်းကြီးကြီးစဉ်းစားဖို့ကောင်းကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ တကယ်တော့ ဒီကိစ္စမျိုးဟာ Case by Case Basis သွားရမှာဖြစ်ပါတယ်။ ဝါးလုံးသိမ်းလုပ်ရင်တော့ လုပ်ငန်းရှင်တွေကို ထိခိုက်နစ်နာစေသလို သူတို့နစ်နာရင် သူတို့ကိုမှီခိုနေတဲ့အလုပ်သမားတွေက ထိခိုက်နစ်နာစေပါတယ်။ ကျွန်တော် ဒီလိုတင်ပြနေတာက လုပ်ငန်းရှင်တွေကို တစ်ဖက်သတ်ကာကွယ်ပေးဖို့မဟုတ်ဘဲ

နိုင်ငံတော်အပေါ်မှာ စေတနာအမှန်နဲ့ အမျှော်အမြင်ရှိရှိ ရေရှည်ကြည့်ပြီးတော့မှ တင်ပြရခြင်းဖြစ်ပါတယ်။ လွှတ်တော်မှာ ဒီကိစ္စဆွေးနွေးနေတာကို ကြည့်ရှုနားဆင်နေကြတဲ့ ပြည်သူတွေကလည်း တစ်ဖက်နားကိုသာ လက်ခုပ်တီးအားပေးနေကြမယ်ဆိုရင် အဲဒီလုပ်ခုပ်သံတွေဟာ မိမိကိုယ်ကိုလောင်မြိုက်စေနိုင်တယ်လို့ တည့်တည့်ပဲပြောချင်ပါတယ်။ လုပ်ငန်းရှင်များအနေနဲ့ နိုင်ငံတော်ကချမှတ်ပေးတဲ့ စည်းကမ်း၊ နည်းလမ်းများအတွင်း၊ ဘောင်အတွင်းကနေပြီး မိမိတို့ရဲ့လုပ်ငန်းအောင်မြင်အောင် ကြိုးပမ်းနိုင်ကြပါစေ။ နိုင်ငံရေးရဲ့သားကောင်ဘဝနဲ့ လွှတ်ကင်းနိုင်ပါစေလို့ဆုတောင်းပေးလိုက်ပါတယ်။ နိဂုံးချုပ်အနေနဲ့ အဆိုရှင်ရဲ့အဆိုကို စေတနာမှန်ရဲ့လား။ နိုင်ငံရေးသွတ်သွင်းထားသလားဆိုတာ ပြန်လည်ဆန်းစစ်ဖို့လိုပြီးတော့မှ ဒီကိစ္စဟာ အဆိုအနေနဲ့မဟုတ်ဘဲနဲ့ Case by Case Basis သာ ဆောင်ရွက်သင့်ပါကြောင်း၊ အဆိုအနေနဲ့တော့ မထောက်ခံပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပါ။ အဆိုရှင်က နိုင်ငံတော်ပိုင် မြေယာများ၊ အဆောက်အဦများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ခွင့်ပြုခဲ့တဲ့ စီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့်မညီညွတ်ပါက ခွင့်ပြုချက်ရုပ်သိမ်းခြင်း၊ ထိုက်သင့်သော အရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အမှန်တကယ်အကျိုးရှိသော စီမံကိန်းအသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များ၊ အမှန်တကယ်အကျိုးရှိလာစေရေး ဆောင်ရွက်ပေးပါရန်လို့ ဆိုထားပါတယ်။ မှန်ပါတယ်ခင်ဗျား။ နိုင်ငံတော်နှင့် နိုင်ငံသားတွေ ပိုင်ဆိုင်တဲ့ နိုင်ငံ့အရင်းအမြစ်တွေဟာ နိုင်ငံတော်နှင့်နိုင်ငံသားတွေအကျိုးအတွက်ဖြစ်ရပါမယ်။ လူတစ်ဦးတစ်ယောက်အကျိုး၊ လူတစ်စုတစ်ဖွဲ့ရဲ့အကျိုးငှာ မဖြစ်အပ်ပါဘူး။ ကျွန်တော်တို့ရဲ့လွတ်လပ်ရေးဖခင်ကြီးတွေ အမြော်အမြင်ကြီးမားစွာရေးဆွဲချမှတ်ခဲ့တဲ့ လွတ်လပ်ရေးကြေညာစာတမ်းကြီးမှာ ငါတို့နိုင်ငံတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်း၏အမွေအနှစ်မဟုတ်။ မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်း၏ ပုဂ္ဂလိကအပိုင်ပစ္စည်းမဟုတ်။ မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်းက ချုပ်ကိုင်အနိုင်သိမ်းယူ

အကျိုးခံစားအပ်သော နိုင်ငံမဟုတ်။ အတိတ်ကာလကလည်းကောင်း၊ ယခုမျက်မှောက်တွင်လည်းကောင်း၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌လည်းကောင်း ငါတို့ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြသော ကြီးငယ်၊ ဝေးနီး၊ ကျားမ မခြား သစ္စာတော်ခံ နိုင်ငံသားဟူသရွေ့တို့၏ အမွေအနှစ်၊ အပိုင်ပစ္စည်း အကျိုးခံစားရာဖြစ်သည်လို့ အတိအလင်းဖော်ပြထားပါတယ်။ အဆိုရှင်က ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့ အစိုးရဟောင်းမဆင်းခင် ၁၄ ရက်အလိုမှာ မြန်မာနိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းကြေညာခဲ့တဲ့ အမိန့်ကြော်ငြာစာအရ ငှားရမ်းမှုအချို့မှာ စိုက်ပျိုးရေးဦးစီးဌာနမှ မြေဧက ၄၃၃၆.၇၄၈ ဧကနှင့် အဆောက်အဦ ၄၅၉ လုံး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေ ၁၉၅၃၄.၇၇၄ ဧကနှင့် အဆောက်အဦ ၁၈၅၂ လုံး၊ စက်မှုလယ်ယာဦးစီးဌာနမှ မြေ ၆၀.၁၅ ဧကနှင့် အဆောက်အဦ ၁၀၂ လုံး စုစုပေါင်းမြေဧက ၂၃၉၃၁.၀၀၆ ဧကနှင့် အဆောက်အဦ ၂၄၁၄ လုံးကို အချိန်တိုအတွင်း တက်သုတ်ရိုက်ပြီးတော့ အပြေးအလွှားငှားပေးသွားကြတယ်လို့ ဆိုပါတယ်။ ခြံစိုက်ကွင်းတွေကို တစ်ဧက ၈၀၀ ကျပ်နှုန်းနဲ့ နှစ် ၇၀ ငှားခဲ့တယ်ဆိုတာ အရပ်ရပ်နေပြည်တော်ကြားလို့မှမလျော်၊ အမြင်မတော် ဆင်တော်နဲ့ခလောက် ဆိုသလိုများ ဖြစ်နေမလားလို့ ကျွန်တော့်အနေနဲ့ တွေးမိပါတယ်။ အဆိုရှင်က ဆက်လက်ပြီးတော့ လုပ်ပိုင်ခွင့်တွေယူပြီးတော့ ဘာမှဖြစ်မလာတဲ့စီမံကိန်းတွေ၊ တစ်ချိန်ချိန်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေဝင်လာမှ Joint Business လုပ်ဖို့ နေရာကြိုဦးထားတာတွေဟာ ဟိုတယ်တွေ၊ စက်ရုံ၊ အလုပ်ရုံတွေ၊ သမဝါယမပိုင်မြေတွေ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနပိုင်မြေတွေ၊ ဘိလပ်မြေထုတ်ရန် ထုံးကျောက်တောင်တွေ၊ သစ်တောစိုက်ခင်းတွေ၊ ရွှေလုပ်ကွက်တွေ၊ သတ္တုလုပ်ကွက်တွေ၊ ကျောက်မျက်သယံဇာတလုပ်ကွက်တွေများစွာလို့ ဆိုထားပါတယ်။ B.O.T လမ်းတွေဆိုရင် နိုင်ငံတော်က ဖောက်ထားတဲ့လမ်းတွေအပေါ်မှာ ဖာထေးပြီးမှ အခွန်ကောက်ခံနေတာအထိ ပါဝင်နေတယ်လို့ဆိုသွားပါတယ်ခင်ဗျား။ အစိုးရသစ်မတက်ခင်ရက်ပိုင်းအလိုမှာတင် ကျောက်စိမ်းလုပ်ကွက်ပေါင်း သောင်းချီချထားခဲ့သလို ရွှေလုပ်ကွက်ဧကထောင်ချီချထားခဲ့ရမှာ နိုင်ငံတော်ကိုပေးသွင်းရမယ့် ရွှေပိဿာချိန်ထောင်ချီပြီးတော့ အကြွေးကျန်နေလို့ နိုင်ငံတော်အစိုးရက အကြိမ်ကြိမ်သတိပေးညှိနှိုင်းကာ ယခုတော့ ရပ်ဆိုင်းထားရတဲ့အနေအထားပါ။ တောင်လိုက်ဖြိုတူးနေတဲ့ ကမ္ဘာ့အကောင်းဆုံးအရည်အသွေးရှိတဲ့ ဖားကန့်ကျောက်စိမ်းတွေ တစ်ဖက်နိုင်ငံကအလုံးအရင်းခိုးထုတ်နေတာ၊ ဆော့လော်မဲဆန္ဒနယ်မှ မြန်မာ့သတ္တုရိုင်းတွေ နေ့စဉ်ကားအစီးရေထောင်ချီပြီးတော့ ခိုးထုတ်နေတာတွေဟာ နိုင်ငံတော်နှင့် နိုင်ငံသားတွေပိုင်တဲ့ သယံဇာတတွေ၊ ဘယ်လောက်နစ်နာဆုံးရှုံးနေရပြီလဲဆိုတာ ရင်နင့်စရာပုဒ်စာပါ။

**မှုကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးမြန်မာမင်းများလက်ထက်မှသည် ၁၉၈၈ ခုနှစ်လောက်အထိ ထိန်းသိမ်းခဲ့တဲ့ မြန်မာ့အဖိုးတန်ကျွန်းသစ်တောတွေနဲ့ သစ်မာတောတွေဟာ မကြာလှပေးတဲ့ကာလတစ်ခုမှာ အဂတိတရားတွေနဲ့ အပြောင်ရှင်း၊ အပြတ်ဖြိုလှဲခဲ့ကြလို့ ပြုတ်ပြုတ်ပြုန်းပြီးတော့ ကွင်းခေါင်ခေါင်ဖြစ်သွားချိန်မှာ လူတစ်ခုကတော့ ကမ္ဘာ့အဆင့်မီ ဘီလီယံနာကြီးတွေ နေ့ချင်း၊ ညချင်းဖြစ်ခဲ့တယ်။ ပြည်သူတွေကတော့ ရာသီဥတုဖောက်ပြန်တဲ့ဒဏ်၊ မိုးခေါင်တဲ့ဒဏ်၊ ရေကြီးရေလျှံတဲ့ဒဏ် ဆိုးကျိုးတွေကို လည်စင်းခံကြရတာပါ။ နိုင်ငံတော်မှာတော့ ခွက်ခွက်လန်အောင်အရှုံးပေါ်နေတဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ အလုပ်မရှိဘဲ လစာပေးထားရတဲ့ ရာထောင်ချီတဲ့ဝန်ထမ်းစရိတ်တွေ၊ ဘယ်ဈေးကွက်မှမဝင်တော့တဲ့ စက်ရုံတွေရဲ့လည်ပတ်ထိန်းသိမ်းစရိတ်တွေ၊ ခေတ်အဆက်ဆက်တင်ရှိနေတဲ့ ကြွေးမြီဝန်ထုပ်တွေကိုထမ်းပိုးရင်းနဲ့ နှစ်ပေါင်းများစွာ နိမ့်ပါးကျန်ရစ်တဲ့ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးရေး၊ လူမှုဖူလုံရေးတွေကို ဘတ်ဂျက်တွေ တိုးမြှင့်ဖော်ဆောင်နေရတာပါ။ နိုင်ငံရဲ့ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာတွေ၊ သယံဇာတအကျိုးအမြတ်တွေမရလို့ ဆင်းရဲမွဲတေပြီးတော့ ပညာသင်ရမယ့်အရွယ်မှာ မသင်နိုင်ဘဲနဲ့ စားသောက်ဆိုင်တကာမှာ၊ လမ်းပေါ်မှာဝမ်းစာရှာနေရတဲ့ အရွယ်နဲ့မမျှအောင်မိသားစုဝမ်းရေးကို ထမ်းပေးနေရတဲ့ အနာဂတ်သားကောင်းရတနာလေးတွေ၊ ပြည်တွင်းမှာ ရပ်တည်လုပ်ကိုင်စရာမရှိလို့ နိုင်ငံခြားထွက်ပြီးတော့ အမှိုက်ပုံမှာ၊ သင်္ချိုင်းမှာ ဖြစ်သလိုနေ၊ ဖြစ်သလိုလုပ်ကိုင်စားရင်းနဲ့ အဖမ်းဆီးခံကြရ။ အသက်ပါပေးလိုက်ရတဲ့နိုင်ငံသားတွေ။ ရောဂါဖြစ်လို့မှ ဆေးမကုနိုင်တဲ့အဆုံး ရင်သွေးငယ်နဲ့အတူ တံတားပေါ်က ခုန်ဆင်းလို့ဘဝကို အရှုံးပေးသွားခဲ့တဲ့အပြစ်မဲ့ပြည်သူတွေ စတဲ့၊ စတဲ့ လူ့ငရဲပမာ ဆင်းရဲမွဲတေမှုအဆိုးသံသရာစက်ဝိုင်းထဲမှာ ဒုက္ခပင်လယ်ဝေကြရရှာတဲ့အဖြစ်ဆိုးတွေ ရပ်တန့်ကရပ်သင့်ပါပြီ။ ဒါကြောင့်နိုင်ငံတော်နှင့်နိုင်ငံသားတွေပိုင်တဲ့ နိုင်ငံ့အရင်းအမြစ်တွေကို လူတစ်စု၊ လူတစ်ဖွဲ့အကျိုးငှာမဟုတ်ဘဲနဲ့ နိုင်ငံသားပြည်သူတွေ သုံးဆောင်ခံစားနိုင်ဖို့အထိ ဒီအဆိုကို လေးလေးနက်နက်ထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်ဆွေးနွေးလိုတာကတော့ ပုလဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အချက်များစွာအပေါ်မှာမူတည်လျက်ရှိပါတယ်။ အခြေခံအဆောက်အဦတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်တွေ လိုအပ်သလို နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဟာလည်း ချန်ထားလို့မရပါဘူး။ ဒီအချက်တွေပြည့်စုံမှသာ ကုန်ထုတ်လုပ်မှုတွေ တိုးတက်လာပါမယ်။ ပြည်တွင်းထုတ်ကုန်တိုးလာပြီး တင်ပို့နိုင်မှု တိုးတက်များပြားလာမှ သွင်းကုန်တန်ဖိုးလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာပြီး နိုင်ငံသားများ တစ်ဦးချင်းဝင်ငွေတိုးကာ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမှာဖြစ်ပါတယ်။ နိုင်ငံသားတို့ရဲ့ဆင်းရဲမှုနှုန်းကိုလည်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ယနေ့အချိန်မှာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမယ့် စီးပွားရေးလုပ်ငန်းရှင်များ၊ အကူအညီပေးနိုင်မည့် နိုင်ငံတကာအဖွဲ့အစည်းများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိအောင် စိတ်ဝင်စားမှုပိုမိုမြင့်မားလာအောင် လိုအပ်တဲ့ ဥပဒေများပြဋ္ဌာန်းခြင်း၊ အမိန့်ညွှန်ကြားချက်များထုတ်ပြန်ပေးခြင်း၊ ဖြေလျှော့မှုများ၊ လိုက်လျောမှုများကိုလည်း ခွင့်ပြုနိုင်တဲ့အတိုင်းအတာအထိ ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ဌာနဆိုင်ရာဆောင်ရွက်ရမယ့်အဆင့်တွေကို ယခုထက်လျှော့ချပြီး လုပ်ငန်းများမြန်ဆန်စေဖို့ကတော့ အဓိကလိုအပ်ချက်ထဲမှာ ပါဝင်နေပါတယ်။ အရေးကြီးလွန်းလှတဲ့နောက်အချက်တစ်ခုကတော့ ကျွန်တော်တို့ရဲ့မြေဈေးနှုန်းများနှင့် အဆောက်အဦငှားရမ်းခများ ကြီးမြင့်နေခြင်း ဖြစ်ပါတယ်။ ဒီအချက်ဟာ လာရောက်ရင်းနှီးမြှုပ်နှံလိုတဲ့ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြဆွေးနွေးခဲ့သလို ခေတ်အဆက်ဆက်မှာ နည်းအမျိုးမျိုးနဲ့ ရယူထားခဲ့ပြီး အကောင်အထည်မဖော်နိုင်တဲ့ နိုင်ငံပိုင်မြေများ၊ အဆောက်အဦများ၊ လုပ်ငန်းများစွာ ရှိနေပါတယ်။ ဒါ့အပြင် တည်ဆဲဥပဒေအရ သမဝါယမအသင်းများက ပိုင်ဆိုင်နေတဲ့ မြေနဲ့အဆောက်အဦများဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကြည့်မယ်ဆိုရင် အတိုင်းအတာတစ်ခုအထိ ရှိနေပါတယ်။ ဒီမြေတွေနဲ့ အဆောက်အဦများဟာ ရာနှုန်းပြည့်နီးပါး မည်သည့်သမဝါယမလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိတာ ကိုယ်စားလှယ်တော်ကြီးများနှင့် ပြည်သူအားလုံး

အသိပဲ ဖြစ်ပါတယ်။ ဒါဆိုရင် ဒီလိုမြေတွေ၊ အဆောက်အဦတွေကို အစိုးရအနေနဲ့ ထိထိရောက်ရောက် ဘယ်လိုကိုင်တွယ်ဖြေရှင်းမှာလဲ။ ပြည်သူတွေအတွက် အကျိုးရှိတဲ့နေရာဖြစ်ဖို့ ဘယ်လိုစီမံခန့်ခွဲမှာလဲ။ အလွန်ပဲအရေးကြီးလွန်းလှပါတယ်။ အတိတ်ကာလက လုပ်ပိုင်ခွင့်အာဏာရှိသူတွေနဲ့ လက်ဝါးချင်းရိုက်ပြီးရယူထားတဲ့ မြေနှင့်အဆောက်အဦတွေအတွက်က ရှင်းလင်းမှုလွယ်ကူပါတယ်။ ဘယ်မျက်နှာကိုမျှ မထောက်ဘဲ ပြည်သူ့ဘက်ကိုသာမျက်နှာမူလိုက်မယ်ဆိုရင် ချုပ်ဆိုထားခဲ့တဲ့စာချုပ်ပါ လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းတွေများအရ ဆောင်ရွက်ရုံပါပဲ။ တိတိကျကျအကောင်အထည်ဖော်ဖို့သာ လိုအပ်တာဖြစ်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့မျိုးပွားခြံတွေအကြောင်းကို ဦးစွာ ထည့်သွင်းဆွေးနွေးလိုပါတယ်။ စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံမှာ မျိုးပွားခြံပေါင်း ၃၉ ခြံ ရှိတဲ့အနက် အနည်းငယ်ကိုသာ ပုဂ္ဂလိကလုပ်ငန်းများ နှစ်ရှည်စာချုပ်များနှင့် ငှားရမ်းခြင်း၊ အစိုးရ၊ ပုဂ္ဂလိကဖက်စပ်လုပ်ငန်းလုပ်ကိုင်ခြင်းများကို တွေ့ရှိရပါတယ်။ စိုက်ပျိုးရေးရဲ့အခြေခံအဓိကလိုအပ်ချက်ဖြစ်တဲ့ မျိုးလိုအပ်ချက်ကြီးမားနေတဲ့ ကျွန်တော်တို့နိုင်ငံအတွက် ဒီလိုမျိုးပွားခြံတွေကို ရယူထားတဲ့ ကုမ္ပဏီကြီးတွေ၊ ဖက်စပ်လုပ်ငန်းတွေက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ သေသေချာချာစိစစ်ပေးဖို့အထူးလိုအပ်နေပါကြောင်း တိုက်တွန်းအပ်ပါတယ်။ တွေ့ရှိချက်တွေအပေါ်မှာ မူတည်ပြီး စည်းကမ်းချက်တွေနဲ့အညီ အရေးယူဆောင်ရွက်ပေးပါမှ မျိုးအတွက် ယခုအကောင်အထည်ဖော်လျက်ရှိနေတဲ့ Contract Farming စနစ်နဲ့ ဆက်လက်လုပ်ကိုင်ဖို့မြေယာများ ပြန်လည်ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ထပ်ဥပမာတစ်ခုအနေဖြင့် ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေမှာရှိသော စက်မှုဝန်ကြီးဌာနပိုင် ဒိုက်ဦးကော်မှုန့်စက်ရုံ၊ အချိုမှုန့်စက်ရုံ၊ ဆီသွပ်စက်ရုံနှင့် မွေးမြူရေးခြံများဟာ မြေဧကပေါင်း ၃၃၉၅ ဧကကျော်လောက်ရှိပြီး အသုံးမချတာကြာပြီဖြစ်လို့ လူမနေတဲ့အိမ်လို ဖြစ်နေပါတယ်။ ဟိုနေရာကပျက်၊ ဒီနေရာကပေါက် အလုပ်မဖြစ်တော့ အားလုံးချွတ်ခြုံကျနေပါတယ်။ ဒီလောက်မြေဧရိယာအကျယ်ကြီးဟာ အသုံးမချတတ်တော့ နိုင်ငံတော်အတွက် အကျိုးမရှိသလို ဖြစ်နေပါတယ်။ ဒီမြေဧရိယာတွေနဲ့ စက်ရုံတွေကို ပြည်တွင်းပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံလိုတဲ့ စီးပွားရေးလုပ်ငန်းရှင်များအား ငှားရမ်းလုပ်ဆောင်မည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားတွေအတွက် အကျိုးရှိစေပြီး ဒေသခံပြည်သူအများစုကိုလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒါတွေကို အဟောသိကံမဖြစ်ရလေအောင် အမြန်ဆုံးလုပ်ဆောင်ပေးဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။ ဒုတိယဆွေးနွေးလိုတာကတော့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကိစ္စပါ။ ဒီကိစ္စမှာလည်း

အထက်မှာဆွေးနွေးခဲ့သလိုပဲ ခေတ်အဆက်ဆက်က အာဏာရှိသူတွေနဲ့ အင်အားရှိသူတွေပူးပေါင်းကာ နေရာဦးထားတဲ့မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လက်ညှိုးထိုးမလွဲပါဘူး။ ဒါကြောင့် အသစ်ပြင်ဆင်ပြဋ္ဌာန်းလိုက်တဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေအရ စိစစ်ပေးဖို့ တိုက်တွန်းဆွေးနွေးလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ ချေးငွေကိစ္စတစ်ခုတည်းကလွဲရင် ဘာမှထိထိရောက်ရောက် လုပ်ကွက်ပြနိုင်ခြင်းမရှိတဲ့ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့အတွက်သာ အကျိုးရှိနေတဲ့ သမဝါယမအသင်းများကိစ္စပါပဲ။ သမဝါယမအသင်းများပိုင်ဆိုင်ထားတဲ့မြေနှင့် အဆောက်အဦများကိစ္စဟာ မေးခွန်းမေးခြင်း၊ အဆိုတင်ခြင်းများနှင့်ပါ ဖြေရှင်းလို့မရဘဲ ဝေ့လည်လည်ဖြစ်နေတဲ့ကိစ္စဖြစ်လို့ ဥပဒေပြင်ဆင်ပြဋ္ဌာန်းမှသာ ဆက်လက်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကြီးမှ ကူညီဖြေရှင်းပေးပါရန် လိုအပ်ပါကြောင်း ပြောကြားရင်း ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးအောင်နိုင်(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်နိုင်ဖြစ်ပြီး ပုလဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကို လေ့လာကြည့်တဲ့အခါ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်လျက်ရှိပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အကျိုးမဲ့ဖြစ်ကာ နိုင်ငံရဲ့အရင်းအမြစ်များ အချိန်နှင့်အမျှ ဆုံးရှုံးနေမှုကို ပြန်လည်စိစစ်ပြီး အမှန်တကယ်ရင်းနှီးမြှုပ်နှံမယ့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံ၏ မြေယာအဆောက်အအုံနှင့် လုပ်ငန်းအရင်းအမြစ်များအား အမှန်တကယ်အကျိုးရှိစေပြီး နိုင်ငံရေး၊ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်ချက်ကောင်းဖြင့် တင်ပြထားတာကိုတွေ့ရပါတယ်။ ဒီနေရာမှာ လုပ်ငန်းကို စာချုပ်နှင့်အညီ လုပ်ကိုင်နေသူများကို ကြိုဆိုထောက်ခံပါတယ်။ စာချုပ်ပါအချက်များနှင့် မကိုက်ညီတဲ့ တကယ်အလုပ်မဖြစ်တဲ့ လုပ်ငန်းများကိုသာ ရည်ရွယ်ခြင်းဖြစ်ပါတယ်။ လုပ်ငန်းအားလုံးကို ဆိုလိုခြင်းမဟုတ်ဘူးဆိုတာရယ်၊ နိုင်ငံနှင့် နိုင်ငံသူ နိုင်ငံသားများရဲ့အကျိုးအတွက် စေတနာနှင့်ရည်ရွယ်တယ်ဆိုတာကို စဉ်းစားတတ်သူတိုင်း သိနိုင်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဘဏ်ကနေပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တစ်နိုင်ငံချင်း အလိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များဆောင်ရွက်ရန် လွယ်ကူစေမှုအတွက် အချက်(၁၀)ချက်ကို အခြေခံပြီးတော့ အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများကို သုတေသနပြုခဲ့ပါတယ်။ အဲဒီ Perform on the Ease of doing Business in 2017 and 2018 သုတေသနစစ်တမ်းအရ အာရှနှင့်ပစိဖိတ်နိုင်ငံပေါင်း ၁၇၈ နိုင်ငံကို သုတေသနပြုတဲ့အခါမှာ ကျွန်တော်တို့မြန်မာနိုင်ငံက လွယ်ကူမှုအဆင့်(၁၇၁)မှာ ရှိနေတာကို တွေ့ရပါတယ်။ နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုကို နှစ်အလိုက် ပြုပြင်ပြောင်းလဲတိုးတက်မှု ကို အမှတ်ပေးစနစ်နဲ့ အမှတ်စဉ်(၀)ကနေ (၃၀) အထိပေးထားပြီး တွက်ချက်တဲ့အခါမှာလည်း ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၂၀၁၉ ခုနှစ်မှာ ၁၀ မှတ်ဝန်းကျင်မှာပဲ ရှိနေဦးမယ်လို့ တွက်ချက်ရပါ တယ်။ ဒါကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံစံသတ်မှတ်ချက်အမှတ်တွေ၊ အဆင့်တွေများပြားတိုးတက် ပြီး ရင်းနှီးမြှုပ်နှံမှုတွေ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့်လည်း အဆိုရှင်အနေနဲ့ စံသတ်မှတ်ချက်အခြေခံ(၁၀)ချက်ထဲက အဓိကကျတဲ့ မြေယာတွေ၊ အဆောက်အအုံတွေကို အကျိုးမဲ့ဖြစ်နေမယ့်အစား အမှန်တကယ်ရင်းနှီးမြှုပ်နှံမယ့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းဖန်တီးစေလိုတဲ့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ဒီအဆိုကို တင်သွင်းတယ်လို့ ယူဆပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ့်သူများအတွက် လိုအပ်နေတဲ့မြေတွေ၊ အဆောက်အအုံတွေမရှိလို့မဟုတ်ပါဘူး။ ရှိပါ လျက်နှင့် နှစ်တို၊ နှစ်ရှည်စာချုပ်တွေနဲ့ ငှားရမ်းရယူထားပြီး အမှန်တကယ်အလုပ်မဖြစ်တဲ့လုပ်ငန်းတွေ အများကြီးရှိပါတယ်။ နေရာဦးထားရုံသဘောမျိုးရယူထားကြတဲ့အတွက် အမှန်တကယ်ရင်းနှီးမြှုပ်နှံ မယ့်လုပ်ငန်းရှင်များအတွက် လမ်းကြောင်းပိတ်ဆို့ထားသလိုဖြစ်ပြီး နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုကိုတော့ အလုပ်လက်မဲ့ပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများမှာ အနစ်နာဆုံးရှုံးနေကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနှင့်ပတ်သက်တဲ့ ကျွန်တော့်မဲဆန္ဒနယ်မြေရဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုကို တင်ပြလိုပါတယ်။ ကျွန်တော့်အား Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ ဘေထုတ်စက်ရုံခေါ် လျှော်ရွေး လျှော်ထုံး စက်ရုံဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဒီစက်ရုံရဲ့ဝင်ပေါက်ဖြစ်ပါတယ်။ ဒီစက်ရုံရဲ့ လျှော်ကျစ်လျှော်ရွေးစက်ရုံတွေ ဖြစ်ပါတယ်။ ဒါကြိုးကျစ်ရုံဖြစ်ပါတယ်။ မီးသတ်အဆောက်အအုံလည်း ရှိပါတယ်။ ဒါဂိုဒေါင်ရဲ့အောက်ပိုင်းဖြစ်ပါတယ်။ ဒါက ဂိုဒေါင်များကို၊ အဆောက်အအုံများကို တွေ့မြင်နေရခြင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ကမ်းနားဘက်က ဆိပ်ကမ်းဖြစ်ပါတယ်။ ဒါက

ရုံးအဆောက်အအုံဖြစ်ပါတယ်။ အဲဒီတော့ ဒီစက်ရုံမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဂိုဒေါင်နဲ့အဆောက်အအုံပေါင်း အလုံး ၃၀ ရှိပါတယ်။ အဆိုပါစက်ရုံကို ကုမ္ပဏီတစ်ခုကနေ တစ်နှစ်ကို သိန်း ၁၀၀ ကျပ်နှင့် ငှားရမ်းပြီးလုပ်ကိုင်ခဲ့ပါတယ်။ သို့ရာတွင် တွက်ခြေမကိုက်သဖြင့် စက်ရုံကို ပြန်အပ်ခဲ့ပါတယ်။ ဒုတိယမြောက်ကုမ္ပဏီက ၎င်းစက်ရုံကို တစ်နှစ်ကို သိန်း ၃၃၀ ကျပ်ဖြင့် တစ်နှစ်ချင်းငှားရမ်းခပေးချေတဲ့စနစ်နဲ့ ၂၀-၁၁-၂၀၁၇ ရက်နေ့မှာစတင်ပြီး နှစ် ၃၀ ငှားရမ်းလုပ်ကိုင်ခဲ့ပါတယ်။ အဲဒီကုမ္ပဏီနဲ့လုပ်တဲ့ လုပ်ငန်းကတော့ အခုပုံမှာမြင်တွေ့ရတဲ့အတိုင်း ပိန်းရိုးလုပ်ငန်း လုပ်ကိုင်တယ်လို့ သိရှိရပါတယ်။ ဝန်ထမ်းဦးရေ ဟာဆိုလို့ရှိရင် ၁၇ ဦးပဲ ရှိပါတယ်။

ဝန်ထမ်းများကို လုပ်ခလစာတစ်လကို ၉၀၀၀၀ ကျပ်နှင့်ငှားရမ်းပြီး လုပ်ကိုင်ခဲ့ရာ ၁-၅-၂၀၁၈ ရက်နေ့မှစပြီး ယနေ့အချိန်အထိ အလုပ်သမားများကို ကုမ္ပဏီကနေလုပ်အားခမပေးနိုင်တော့ပါဘူး။ ဝန်ထမ်းများဘက်မှ သက်ဆိုင်ရာကိုလည်း တိုင်ကြားထားပြီး ယခုအခါ ဝန်ထမ်းခြောက်ဦးပဲရှိပါတယ်။ ကုမ္ပဏီကို စုံစမ်းသိရှိရစဉ်မှာ ယနေ့အထိ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် စာချုပ်မချုပ်ရသေးဘူးလို့လည်း ကြားသိရပါတယ်။ ဒီအချက်ဟာ ကုမ္ပဏီရဲ့လိုအပ်ချက်လား။ ဝန်ကြီးဌာနရဲ့ အားနည်းချက်လားမသိတော့ပါဘူး။ လူရာပေါင်းများစွာ အလုပ်အကိုင်ဖန်တီးပေးနိုင်တဲ့နေရာကို ဆယ်ဂဏန်းဝန်းကျင်လူဦးရေနှင့် ဂိုဒေါင်တစ်လုံးသာအသုံးချနေခြင်းဟာ တိုင်းပြည်အတွက် များစွာနစ်နာသလို ကျန်ဂိုဒေါင်များ အလုပ်ရုံများမှာလည်း ချုံနွယ်များ ဖုံးလွှမ်းပြီးပျက်စီးရမည့်အနေအထားဖြစ်နေပါတယ်။ အလုပ်သမားများစွာအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မယ့် အထည်ချုပ်စက်ရုံကဲ့သို့သောလုပ်ငန်းနှင့် အခြားလုပ်ငန်းရင်းနှီးမြှုပ်နှံလိုသူများ စိတ်ဝင်စားစွာ လာရောက်လေ့လာကြသော်လည်း တင်ဒါအောင်ပြီးသားကုမ္ပဏီရှိတဲ့အတွက် လက်လျှော့ပြီးပြန်သွားကြရပါတယ်။ ဒေသအတွက် များစွာနစ်နာရပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ပြောချင်တာကတော့ ဝန်ကြီးဌာနတွေအနေနဲ့ ငှားရမ်းစာချုပ်ကို ချုပ်ဆိုတဲ့နေရာမှာ လုပ်ငန်းအောင်မြင်မှုအတွက် လက်တွေ့မဆန်တဲ့အချက်တွေကို ဖြေလျှော့သင့်ပါတယ်။ ဒီဘေထုပ်စက်ရုံရဲ့ငှားရမ်းစာချုပ်မှာပါတဲ့ ဂုန်လျှော်လုပ်ငန်းနှင့် ဆက်စပ်တဲ့လုပ်ငန်းဆောင်ရွက်ရမည်ဆိုတဲ့အချက်ဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် အဟန့်အတားဖြစ်စေပါတယ်။ ဝန်ကြီးဌာနကိုယ်တိုင်က အလုပ်မဖြစ်လို့ရပ်ဆိုင်းထားတဲ့ တကယ်လည်း ခေတ်မရှိတော့တဲ့ ဂုန်လျှော်လုပ်ငန်းကို ဆောင်ရွက်စေတဲ့အချက်ကိုဖြေလျှော့ပြီး အခြားလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်စေသင့်ပါတယ်။ အလားတူစက်ရုံကဲ့သို့ အလုပ်မဖြစ်တဲ့စက်ရုံတွေ၊ မြေနေရာတွေ များစွာရှိနေမယ်လို့ ယူဆရပါတယ်။ ဒါကြောင့်မို့လို့ တကယ်တမ်းနိုင်ငံနှင့် နိုင်ငံသားများအတွက်

အကျိုးရှိစေမယ့် မြန်မာ့စီးပွားရေးကို ပြန်လည်ဦးမော့လာစေမယ့် လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်းရဲ့အဆိုအား အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကြီးမှအတည်ပြုပေးသင့်ပါကြောင်း လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါရှင့်။ ကျွန်မက ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင့်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်သည် အစိုးရမှ မှန်ကန်သည့် ဆုံးဖြတ်ချက်နဲ့အတူ တိကျခိုင်မာသည့် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်စေခြင်းအား ရည်ရွယ်၍ ယင်းအဆိုကို တင်သွင်းသည်လို့ ယူဆမိပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့နိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံကြတဲ့ အချို့သောစီးပွားရေးစီမံကိန်းများသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၄)အပိုဒ် ၇ ပြဋ္ဌာန်းခြင်းအရ ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လုံခြုံရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာသက်ရောက်နိုင်သည် ဖြစ်၍ လုပ်ငန်းကြီးများကို ပြည်ထောင်စုအစိုးရမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်ဟု ပြဋ္ဌာန်းပါရှိသော်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများသည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်မပါရှိသည့်အပြင် အများပြည်သူအကျိုးစီးပွားမပါရှိဘဲ လူတစ်စု သို့မဟုတ် တစ်ဦးတစ်ယောက်၏ လက်ဝါးကြီးအုပ်စီးပွားရေးအတွက်သာ အကျိုးရှိစေသည့်လုပ်ငန်းကြီးများဖြစ်လျှင် လူအများစု၏ အကျိုးစီးပွားများကို ထိခိုက်နစ်နာနေခဲ့ရပါသည်။ MIC ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိသေးဘဲ မြေပြင်အနေအထားအရ လက်ဦးမှုရယူသည့်သဘောဖြင့် အကောင်အထည်မဖော်နိုင်ဘဲ မြေဧရိယာအမြောက်အမြားများကို ရယူပိုင်ဆိုင်ထားပြီး အဆောက်အဦများဆောက်လုပ်ခြင်း၊ လက်ရှိအသုံးပြုနေသူများအား အတင်းအကြပ်နှင်ထုတ်ခြင်း၊ ပိုင်ရှင်ကြီးများသဖွယ် တရားမဝင် ဆိုင်းဘုတ်ကြီးများ စိုက်ထူ၍မကျူးကျော်ရ။ ဥပဒေအရ အရေးယူခြင်းခံရမည်ဟု ယခင်နှစ်ပေါင်းများစွာ သွားလာအသုံးပြုနေကြသည့် ဒေသခံများအား နှင်ထုတ်ခြင်း၊ ယခုအချိန်တွင် ကျွန်းပေါ်တက်ရောက်သူများအား အဖိုးအခကောက်ယူရန် စီစဉ်နေခြင်းများဖြင့် မိမိတို့ကိုယ်တိုင်က ခွင့်ပြုချက်မရှိသေးဘဲ ဒေသခံများအား ခြိမ်းခြောက်အကြပ်ကိုင်လျက် ရှိပါသည်။

**မူကြမ်း**

Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ နှစ်ဖက်လှကျွန်း(ခ)သဲနှစ်တန်းခေါ်တဲ့ ကျွန်းပါ။ MIC ခွင့်ပြုချက်မရှိဘဲနဲ့ ဆောက်လုပ်ထားတဲ့ အဆောက်အဦများဖြစ်ပါတယ်ရှင်။ ဆိုင်းဘုတ်များစိုက်ထူထားပြီးတော့ သတိပေးစာတမ်း ဒီကျွန်းက အရင်က လူတွေက အများအားဖြင့် ကျွန်းသူကျွန်းသားတွေဟာ အမြဲတမ်းသွားလာနေတယ်။ ခရီးသွားလုပ်ငန်းဖြင့် သွားလာနေတယ်။ ဆိုင်းဘုတ်တွေထောင်ထားပြီးတော့ တက်ရောက်ခွင့် တားဆီးထားပါတယ်ရှင်။ ဒါလည်း ဆိုင်းဘုတ်ထောင်ထားခြင်းဖြစ်ပါတယ်ရှင်။ ဒီကျွန်းဟာဆိုရင် ကျွန်းစုမြို့နယ်၊ ရေမြင်းကြီးအုပ်စုမှာရှိတဲ့ နှစ်ဖက်လှကျွန်း(ခ)သဲနှစ်တန်းကျွန်းဖြစ်၍ ကျွန်းစုမြို့မှာရှိသော အချို့သော ပုလဲမွေးမြူရေးလုပ်ငန်းများသည် ပုလဲမွေးမြူရန် ဧကသောင်းကျော်ခန့်နှင့် လုံလောက်သော်လည်း ဧကသိန်းကျော်ရယူထားသည့်အပြင် ကုန်စင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် လှပသည့်ခရီးသွားလုပ်ငန်းအဖြစ် နှစ်ပေါင်းအနည်းငယ်ခန့်ကပင် ဆောင်ရွက်နေသည့် ကျွန်းများကိုပါ အပိုင်စီးရန်ကြံစည်လာကြပါသည်။ MIC ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိသေးဘဲ ကမ်းခြေတွင် အစမ်းမွေးမြူရေးအကြောင်းပြကာအဖြစ် Border Collie ချထားပြီး ခရီးသွားလှေများကို တားမြစ်ခြင်း၊ ကျွန်းပေါ်တွင်အဆောက်အဦများဆောက်လုပ်၍ အစောင့်များချထားခြင်းများကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပြီး သက်ဆိုင်ရာတိုင်းအစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက အကြောင်းကြားခဲ့ပါသည်။ သို့ရာတွင် ဆက်လက်တိုးချဲ့ ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ၎င်းအပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆီအုန်းခြံများသည်လည်း အလားတူပင် ဧကအမြောက်အမြားရယူထားပြီး နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင်အောင် လုံလောက်အောင်အကောင်အထည်မဖော်နိုင်ဘဲ ရှိသမျှသစ်တောများကို အပြောင်ရှင်း၊ တောပြုန်းအောင်ခုတ်ထွင်ပြီးမှ လမ်းဘေးဝဲ/ယာတစ်ဖက်တစ်ချက်တွင် ဟန်ပြသဘော စိုက်ပျိုးလုပ်ကိုင်နေကြရာ လွတ်နေသည့်မြေများတွင် မြေမဲ့၊ ယာမဲ့ဒေသခံများက ဝင်ရောက်စိုက်ပျိုးရာတွင် တရားစွဲဆိုခြင်းနှင့် နိုင်ငံတော်မှပိုလျှံမြေများကို ပြန်လည်သိမ်းဆည်းရန် ကြေညာချက်ထွက်လာမှာ ဒေသခံများနှစ်ပေါင်းများစွာ စိုက်ပျိုးလာသည့် သီးနှံသစ်ပင်တို့ကို Backhoe ဖြင့်ထိုး၍ ဖျက်ဆီးပြီး အရေးပေါ်အစားထိုးစိုက်ပျိုးခြင်းများ အကွက်ရိုက်ရောင်းချခြင်းများကို ပြုလုပ်လာကြသည်ကိုလည်း မြင်တွေ့နေရပါသည်။ ဥပမာအားဖြင့် တနင်္သာရီမြို့နယ်၊ ကော့သောင်းမြို့နယ်ရှိ အချို့သောဆီအုန်းခြံကုမ္ပဏီများ၊ တစ်ဖန် Day Return အဖြစ် အသုံးပြုထားသည့် စမတ်ကျွန်းပေါ်မှာ လုပ်ကိုင်နေတဲ့ မြို့နယ်အတွင်းမှာရှိတဲ့ သဘာဝအရင်းအမြစ်ဖြင့် လှပတဲ့ကမ်းခြေနှင့် တင့်တယ်စွာရှိနေသည့် အရွယ်စုံကျောက်စရစ်ခဲများနှင့် ပြည့်စုံနေသည့်ကျွန်းကိုလည်း Power Point ဖြင့် ပြပါရှင်။ လူတစ်ယောက်၏အကျိုးစီးပွားအတွက် ရည်ရွယ်လျှင် ကျွန်းအမည်ကို တိကျစွာဖော်ပြခြင်း မရှိဘဲ

မြေလွတ်၊ မြေလပ်ဖြင့်လျှောက်ထား၍ MIC ခွင့်ပြုချက်မရှိသေးဘဲ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ သဘာဝအရင်းအမြစ် ကျောက်ခဲများကို ကွန်ကရစ်ဖျော်၍ မတ်တိုင်၊ စလောင်းတိုင်များပြုလုပ်ခြင်း၊ သစ်တော၊ သစ်ပင်များကို ခုတ်လှဲခြင်းများကို ပြုလုပ်လာခဲ့ကြ၍ ဒေသခံများက ဝိုင်းဝန်းကန့်ကွက်လာခဲ့ကြပါသည်။ ဒေသခံတွေက သစ်ပင်တွေခုတ်လှဲထားတဲ့ အခြေအနေဖြစ်ပါတယ်ရှင်။ ယင်းသို့သဘာဝက ပေးအပ်သည့်လက်ဆောင်များကို ဒေသခံများမှ ဝိုင်းဝန်းထိန်းသိမ်းထားရှိသည်ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ ဖျက်ဆီးကာ ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် လျှောက်ထားသည်ကို ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်ရရှိခဲ့သည်ကိုလည်း အလွန်တစ်ရာအံ့ဩဖွယ်ဖြစ်ရပ်ဆန်းတစ်ခုဖြစ်နေခဲ့ပါသည်။ သို့ပါ၍ ယင်းကိစ္စရပ်အား နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ရည်ရွယ်လျက်ပြန်လည်စိစစ်သင့်ပါသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ကျန်ရှိသည့်ဒေသခံနိုင်ငံသားများ၏ အကျိုးဆန္ဒကို မျက်ကွယ်မပြုသင့်ပါ။ ခွင့်ပြုခဲ့သည်စီမံကိန်းများကို ပြန်လည်သုံးသပ်စိစစ်ဆေးကာ ခွင့်ပြုချက်များကို ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သော အခွင့်အရေးယူမှုများနှင့်နိုင်ငံသားများအတွက် အကျိုးရှိသည့် စီမံကိန်းများကို နိုင်ငံပိုင်အရင်းအမြစ်မှ အလဟဿလေလွင့်ဆုံးရှုံးခြင်းမရှိစေရန် ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။ သို့ပါ၍ အဆိုရှင် ဒေါ်ခင်စန်းလှိုင်အဆိုကိုလေးလေးနက်နက်ထောက်ခံကြောင်း တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသက်နိုင်ဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှဒေါ်ခင်စန်းလှိုင် တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သောဥပဒေ၊ မူဘောင် ပြုပြင်ပြောင်းလဲမှု၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ရင်းနှီးမြှုပ်နှံမှုစိစစ်ခွင့်ပြုချက် လွယ်ကူချောမွေ့စေရေးဆောင်ရွက်နေသလို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများကိုပါ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ခဲ့ပြီး တက်ညီလက်ညီကြိုးပမ်းအားထုတ်လုပ်ကိုင်နေကြောင်း ကော်မရှင်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အစီရင်ခံစာအရ သိရှိရပါတယ်။ သို့သော်လည်း

နိုင်ငံတော်ပိုင်မြေများ၊ အဆောက်အဦများ၊ လုပ်ငန်းများအခြေပြု၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့သော စီမံကိန်းလုပ်ငန်းများအနက် တချို့သည် အဆိုရှင်တင်ပြသလို လုံးဝအကောင်အထည် ဖော်မှုမရှိခြင်း၊ တစ်ပိုင်းတစ်စအကောင်အထည်ဖော်ဟန်ပြ၍ ရပ်ဆိုင်းထားခြင်းရှိနေသည်ကို တွေ့ရှိရ ပါတယ်။ များသောအားဖြင့် မြေယာကိုအခြေခံပြီး ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းလုပ်ငန်းများ အများဆုံး ဖြစ်နေသည်ကို တွေ့ရပါတယ်။ ကျွန်တော်တို့တိုင်းဒေသကြီးတွင် အကောင်အထည်ဖော်နေသော စီမံကိန်းလုပ်ငန်းများဟာ သဘာဝအရင်းအမြစ်မြေယာကိုအခြေခံသော ရင်းနှီးမြှုပ်နှံသောလုပ်ငန်း များဖြစ်ပြီး အဓိကနှစ်ရှည်ပင် ဆီအုန်း၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကြီးများကို လုပ်ကိုင်ကြပါတယ်။

လက်ရှိအခြေအနေတွင် တိုင်းဒေသကြီးအတွင်း စီမံကိန်းလုပ်ငန်းများ ပြန်လည်သုံးသပ် စစ်ဆေးနေပြီး လုပ်ငန်းအကောင်အထည်ဖော်မှုမရှိသောမြေများကို ပြန်လည်သိမ်းယူကာ နီးစပ်ရာ ဒေသခံတောင်သူများ တစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်ရန် လျှောက်ထားခွင့်ပြုခြင်း၊ လုပ်ကိုင်ခွင့်များ ချထားပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုသစ်များ ဖိတ်ခေါ်ခြင်းလုပ်ဆောင်လျက်ရှိပါတယ်။ ကျန်ရှိနေသေးသော စီမံကိန်းလုပ်ငန်းများကိုလည်း ပြန်လည်စိစစ်ရန် ကြိုးစားလုပ်ဆောင်နေတယ်လို့ ထပ်ဆင့်ကြားသိနေ ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထူးသဖြင့် ဒေသခံပြည်သူများရဲ့အကျိုးစီးပွားကို အခြေခံပြီး ကျွန်တော်တို့လွှတ်တော်တွင်း မိမိတို့ဒေသအလိုက် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ ဆောက်လုပ်ရန်မြေနေရာ၊ စာသင်ကျောင်း၊ အားကစားကွင်းများ၊ ပန်းခြံများ၊ အများပြည်သူနှင့် ဆက်စပ်သည့်နေရာများ စသည့်ဖြင့် ပြည်သူ့အကျိုးအတွက်စီမံကိန်းများဖော်ဆောင်ပေးရန် မေးခွန်း များမေးမြန်းပြီး တောင်းဆိုကြရာ သက်ဆိုင်ရာဝန်ကြီးမှ မြေနေရာရရှိလျှင် သက်ဆိုင်ရာဘတ်ဂျက်နှစ် တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ကြောင်း၊ မြေနေရာရရှိရေးအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး များမှ ညှိနှိုင်းဆောင်ရွက်ပေးရန် ပြန်လည်ဖြေကြားသည်ကိုတွေ့ရပါတယ်။ သက်ဆိုင်ရာဝန်ကြီးရဲ့ ပြန်လည်ဖြေကြားချက်ကိုသုံးသပ်ကြည့်လျှင် ပြည်သူတို့အတွက် အမှန်တကယ်အကျိုးရှိသော စီမံကိန်း များကို အကောင်အထည်ဖော်ချင်သော်လည်း မြေနေရာလိုအပ်ချက်ကြောင့် အခက်အခဲဖြစ်နေသည် ကို ထင်ရှားစေပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း ဌာနတွင် လက်ရှိ အသုံးမပြုသော၊ အသုံးပြုရန်မလိုအပ်သေးသော၊ ရှေ့ဆက်အသုံးပြုရန်အစီအစဉ်မရှိသော မြေနှင့် အဆောက်အဦများ နိုင်ငံတော်အတွက်အရှုံးပြနေပြီး ဝန်ထုပ်ဝန်ပိုးဖြစ်နေသော စီမံကိန်းလုပ်ငန်းများ တွင် အသုံးပြုနေသောမြေနေရာများကို နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အသုံးပြုရန်မည်ကဲ့သို့ စီမံ

ဆောင်ရွက်မည်ကို အဖြေထုတ်ရန်လိုအပ်နေပြီဖြစ်ကြောင်း ထပ်ဆင့်သုံးသပ်အကြံပြုပါတယ်။ စီမံကိန်းလုပ်ငန်းများနဲ့ပတ်သက်ပြီး တချို့မေးခွန်းများ ဖြေကြားရာတွင်လည်း ပကတိမြေပြင် အနေအထားနှင့် ထပ်တူမကျသည်ကိုတွေ့ရှိရပြီး အဆိုရှင်တင်ပြသလို စီမံကိန်းလုပ်ငန်းများကို ပြန်လည်သုံးသပ်စစ်ဆေးရန် လိုအပ်နေပြီဆိုတာကို ပေါ်လွင်ထင်ရှားစေပါတယ်။

သို့ဖြစ်ပါ၍ စီမံကိန်းလုပ်ငန်းများကို အစိုးရအဖွဲ့အစည်းများနှင့် ထားရှိခဲ့သော ကတိကဝတ်များအတိုင်း ပြန်လည်စိစစ်အရေးယူပြီး နိုင်ငံတော်စီးပွားရေးမူဝါဒနှင့်အညီ ဒေသခံပြည်သူများရဲ့ လက်ခံနိုင်မှုအနေအထား၊ နိုင်ငံတော်လည်းအကျိုးရှိပြီး စီးပွားရေးတိုးတက်ရန် အထောက်အကူပြုနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုလျှင် ပြည်သူများအတွက် ထင်သာမြင်သာရှိစေမည့် အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဟု ယုံကြည်မိပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့လို့လွင်(စဥ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဥ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်ဖြစ်ပြီးတော့ အဆိုရှင်ရဲ့အဆိုကို ကျွန်မရဲ့မဲဆန္ဒနယ်မှာ ဖြစ်ပျက်နေတာတွေနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်တင်ပြသွားသလိုပါပဲ ကျွန်မရဲ့မဲဆန္ဒနယ် စဥ့်ကိုင်မြို့နယ်မှာတည်ရှိတဲ့ အမှတ်(၂)အထည်စက်ရုံ ပလိပ်ကို စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းနဲ့ Pander Textile ကုမ္ပဏီလီမိတက်တို့ဟာ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပြီးတော့ Pander ကုမ္ပဏီကို ငှားရမ်းခဲ့ပါတယ်။ စက်ရုံရဲ့မြေဧရိယာ အကျယ်အဝန်းဟာ ၆၄၁.၇၅ ဧကရှိပြီးတော့ တစ်လလျှင် ကျပ်သန်း ၃၀ ဖြင့် ငှားရမ်းခဲ့ခြင်းဖြစ်ပါတယ်။ ငှားရမ်းကာလမှာ တစ်ဆက်တစ်စပ်တည်း နှစ် ၃၀ နှင့် ၁၀ နှစ်စီနှစ်ကြိမ် သက်တမ်းတိုးခွင့်ပြုထားသဖြင့် ကုမ္ပဏီကဆန္ဒရှိရင် နှစ် ၅၀ လုပ်ကိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်း ၁၄၈၃ ဦးပါတစ်ပါတည်း လွှဲပြောင်းပေးခဲ့တာဖြစ်ပါတယ်။ ဒီဝန်ထမ်းတွေဟာ သိပ်မကြာခင်မှာပဲ လျော်ကြေးပင်စင်ယူခဲ့ရပြီးတော့ ၎င်းတို့ဆန္ဒမပါဘဲနဲ့ ကုမ္ပဏီဝန်ထမ်းအဖြစ် ရောက်ရှိသွားတာမို့လို့ ဒီဝန်ထမ်းအလုပ်သမားတွေရဲ့ခံစားချက်ကို နိုင်ငံ့ဝန်ထမ်းလုပ်ခဲ့ဖူးသူတိုင်း ကိုယ်ချင်းစာနိုင်ပါလိမ့်မယ်။ ဒါတင်

မကပါဘူး။ အစောဆုံးလွှဲပြောင်းခံရတဲ့ စက်ရုံတွေထဲမှာ ပါဝင်ခဲ့တာကြောင့် ဝန်ကြီးဌာနရဲ့မူဝါဒပိုင်း အားနည်းချက်များစွာရှိခဲ့တာမို့ ထိခိုက်နစ်နာမှုအများဆုံးဖြစ်ခဲ့ရတဲ့စက်ရုံတစ်ခုလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီ အမှတ်(၂)အထည်စက်ရုံ ပလိပ်ကို Pander ကုမ္ပဏီသို့ငှားရမ်းခဲ့တာဟာ ခြောက်နှစ်တာကာလထဲ ရောက်ရှိနေပြီဖြစ်ပါတယ်။ စတင်ငှားရမ်းစဉ်ကပင်ဖြစ်နေခဲ့တဲ့ အလုပ်ရှင်၊ အလုပ်သမားပြဿနာကို ယနေ့အထိ အပြီးအပြတ်ပြေလည်အောင် ဘာကြောင့်မဖြေရှင်းနိုင်တာလဲ။ ဖြေရှင်းဖို့ ဘာတွေက အတားအဆီးဖြစ်နေလဲလို့ ဒေသခံကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လေ့လာတဲ့အခါမှာ ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ မူလစာချုပ်ကို ပြင်ဆင်ခဲ့တာကို တွေ့ရှိရပါတယ်။ ပြင်ဆင်စာချုပ်ကို လေ့လာကြည့်မိတဲ့အခါမှာတော့ မူလစာချုပ် အပိုဒ် ၁၃ အပိုဒ်ခွဲ(က)မှာ ဖော်ပြထားတဲ့ အငှားချထားခြင်းခံရသူဟာ အထည်အလိပ်လုပ်ငန်းနဲ့ဆက်စပ်တဲ့လုပ်ငန်းတွေကိုသာ ဆောင်ရွက်ခွင့်ရှိပြီးတော့ ဒီလုပ်ငန်းတွေနဲ့မသက်ဆိုင်တဲ့ အခြားလုပ်ငန်းတွေကို လုပ်ကိုင်ချင်ရင် စက်မှုဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ရမယ်လို့ ပါရှိပေမဲ့ ပြင်ဆင်စာချုပ်မှာတော့ တည်ဆဲဥပဒေနဲ့ညီညွတ်တဲ့ တခြားလုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်လို့ ပြင်ဆင်လိုက်တာ တွေ့ရပါတယ်။ အဲဒါကြောင့် မူလပိုင်ရှင်ဖြစ်တဲ့ စက်မှုဝန်ကြီးဌာနကို အကြောင်းကြားစရာမလို၊ ဌာနရဲ့ ခွင့်ပြုချက်မလိုတော့ဘဲနဲ့ ကုမ္ပဏီရဲ့စိတ်ကြိုက် တခြားစီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ခွင့် ရရှိသွားပါတယ်။ ဒီအချက်တစ်ခုတည်းနှင့်တင် ဒီအထည်စက်ရုံမှာ ဆွေစဉ်မျိုးဆက် နှစ်ပေါင်းများစွာ လုပ်ကိုင်လာကြတဲ့ ဒေသခံဝန်ထမ်းမိသားစုတွေရဲ့ လုပ်ငန်းခွင်အာမခံချက်ကို ထိခိုက်နိုင်တာမို့လို့ ဝန်ထမ်းတွေဟာ ရတက်မအေးသလို ခံစားကြရပါတယ်။ ဒါတင်မကပါဘူး။ မူလစာချုပ်ရဲ့ အပိုဒ် ၂၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၅)ဖြစ်တဲ့ နှစ်ဖက်သဘောတူစာချုပ်ရပ်စဲခြင်းဆိုတဲ့အချက်နဲ့ အပိုဒ်ခွဲ(ခ) စတဲ့မျှတတဲ့အချက်တွေကို ပယ်ဖျက်ပြီးတော့ မည်သို့သောအကြောင်းနှင့်ဖြစ်စေ ငှားရမ်းစာချုပ်အား အငှားချထားခြင်းခံရသူရဲ့ သဘောတူညီချက်မရှိဘဲ ပျက်ပြယ်ခွင့်မရှိလို့ ပြင်ဆင်လိုက်ပါတယ်။ ဘယ်လိုကိစ္စဖြစ်ဖြစ် ကုမ္ပဏီကသဘောမတူရင် စာချုပ်ရပ်စဲလို့မရဘူးလို့ ဆိုလိုတာပါ။ ဒါကြောင့် ဒီစာချုပ်ပြင်ဆင်ချုပ်ဆိုစဉ်က စက်မှုဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံဉာဏ် ရယူခဲ့ပါရဲ့လားလို့တောင် မေးခွန်းထုတ်စရာဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဲဒီလို အငှားချထားခြင်းခံရတဲ့ ကုမ္ပဏီဘက်ကိုလိုက်ပြီးတော့ တစ်ဖက်စောင်းနင်း ပြင်ဆင်ချုပ်ဆိုခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်များကတော့ နိုင်ငံ့ဝန်ထမ်းဟောင်းအလုပ်သမားတွေကို လုပ်ငန်းခွင်မပျော်ပိုက်အောင်၊ ဝန်ထမ်းအိမ်ရာတွေကို ပြင်ဆင်မပေးဘဲ

မြင်မကောင်းအောင်ပစ်ထားခြင်း၊ အခြားနည်းတွေနဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်အောင် ဆောင်ရွက်လာခြင်းပဲဖြစ်ပါတယ်။ အဲဒီလို ကုမ္ပဏီရဲ့စီမံခန့်ခွဲမှုနဲ့ အလုပ်သမားများကြား အထွေထွေ မကျေနပ်မှုတွေ၊ တင်းမာမှုတွေကြောင့် ဝန်ထမ်းဟောင်းအလုပ်သမားတွေဟာ ဆန္ဒပြသပိတ်မှောက် ခြင်း၊ ဆန္ဒဖော်ထုတ်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်လာခဲ့ကြပါတယ်။ အဲဒီအခါမှာလည်း ရေတိုနည်းဖြင့် သာ ဖြေရှင်းခဲ့တာကြောင့် အလုပ်ပြန်ဝင်လိုက်၊ ဆန္ဒဖော်ထုတ်လိုက်နဲ့ မပြီးဆုံးနိုင်သောပြဿနာကြီး အဖြစ် အဆိုးသံသရာလည်နေဆဲဖြစ်ပါတယ်။ ယနေ့အချိန်အထိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွေဖွဲ့ပြီး အကြိမ်ကြိမ်ညှိနှိုင်းပေးနေရဆဲဖြစ်ပြီးတော့ အလုပ် သမား ၂၀၀ ဦးကျော်ဟာ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ခွင့်မရသေးပါဘူး။ ၂၀၁၆ ခုနှစ်တုန်းက လည်း ရက်ရှည်အလုပ်သမားသပိတ်ဖြစ်ခဲ့လို့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ကျွန်မအနေနဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ရပါသေးတယ်။ အဲဒီကတည်းကလည်း ရေရှည်အဆင်ပြေနိုင်မယ့် အဖြေတစ်ခုရဖို့ လိုအပ်နေပြီဖြစ်ကြောင်း ထောက်ပြမေးမြန်းခဲ့ပါတယ်။ သို့ပါသော်လည်း ယနေ့အချိန် အထိ စက်မှုဝန်ကြီးဌာနအနေနဲ့ ပြောင်းလဲပြင်ဆင်ဆောင်ရွက်ပေးခြင်းမရှိတာကို လွန်စွာစိတ်ပျက်မိပါ တယ်။ တစ်ချိန်က ကျွန်မတို့ စဉ့်ကိုင်မြို့နယ်ဒေသခံတွေရဲ့ အလုပ်အကိုင်အတွက် အားကိုးရာဖြစ်ခဲ့ ဖူးတဲ့ ဒီပလိပ်စက်ရုံဟာ အခုအခါမှာတော့ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အမြဲစိတ်ပူနေရတဲ့ နေရာတစ်ခုဖြစ်ခဲ့ပါပြီ။ ဒါကြောင့် ရေတိုနည်းတွေနဲ့ ဖြေရှင်းနေမယ့်အစား အဆိုရှင် တင်ပြသွားသလို မူလပိုင်ရှင် စက်မှုဝန်ကြီးဌာနအနေနဲ့ ကုမ္ပဏီကိုတိကျစွာ ကြပ်မတ်သင့်ပါပြီ။ မှန်ကန်မျှတစွာ ကြပ်မတ်နိုင်ဖို့ ပထမခြေလှမ်းအဖြစ် တစ်ဖက်စောင်းနင်းဖြစ်နေတဲ့ စာချုပ်ကိုပြင်ဆင်ဖို့ လိုအပ် နေတာကြောင့် ဆောလျင်စွာ ဆောင်ရွက်သင့်ပါတယ်။ ထို့အပြင် စာချုပ်ပါစည်းကမ်းတွေကို မလိုက် နာရင် လိုအပ်ပါက ပြန်သိမ်းတာ၊ စာချုပ်ရပ်စဲတာတွေအထိ ဆောင်ရွက်နိုင်ရေး အမြန်ဆုံး ပြင်ဆင် လုပ်ဆောင်ပေးဖို့ လေးနက်စွာ အကြံပြုတိုက်တွန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နောက်တစ်ချက်ဆွေးနွေးလိုတာကတော့ စဉ့်ကိုင်မြို့နယ်အတွင်းရှိ စွန်ရဲစိုက်ကွင်း ဧက ၁၀၀၀ ကို တစ်ဧကလျှင် တစ်လ ၈၀၀ ကျပ်နှုန်းနဲ့ မုဒ္ဒံမောင်မောင်ကုမ္ပဏီကို ၂၀၁၄ ခုနှစ်ကနေပြီးတော့ ၂၀၈၄ ခုနှစ်အထိ နှစ်ပေါင်း ၇၀ ငှားရမ်းထားတဲ့ကိစ္စဖြစ်ပါတယ်။ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဌာနကို ခေါ်ယူတွေ့ဆုံပြီးတော့ ခေတ်ကာလနှင့်မလျော်ညီတဲ့ နိုင်ငံပိုင်ဟိုတယ်တွေရဲ့ ငှားရမ်းခကို သင့်တော် တဲ့ငှားရမ်းခရရှိရေးအကြံပြုခဲ့တဲ့အခါ ဝန်ကြီးဌာနက လပိုင်းအတွင်းကို ပြင်ဆင်ဆောင်ရွက်ခဲ့တာကို

တွေ့ရှိရပါတယ်။ ယခုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ငှားရမ်းထားတာ ငါးနှစ်ကြာတဲ့အထိ စီမံကိန်းအကောင်အထည်မဖော်နိုင်တဲ့ကုမ္ပဏီကို ဘာဆက်လုပ်မှာလဲ။ ဒီလို တစ်ဧက တစ်လ ၈၀၀ ကျပ်လောက်ကတော့ ဒေသခံတောင်သူတွေလည်း ငှားရမ်းနိုင်ပါတယ်။ နိုင်ငံနှင့်ဒေသခံပြည်သူတွေအတွက် အကျိုးရှိမယ့်စီမံကိန်းတွေကို မလုပ်နိုင်မယ့်အတူတူဆိုရင်တော့ ဒေသခံတောင်သူတွေကို စွန့်လွှတ်လုပ်ပိုင်ခွင့်ပေးလိုက်တာမှ ပိုမိုအကျိုးရှိမယ့်အပြင် ပြည်သူတွေရဲ့ ကျေးဇူးတင်ခြင်းကိုလည်း ခံရမှာပါ။ ဒါကြောင့်မို့လို့ ရှေ့အစိုးရဟာ နောက်အစိုးရရဲ့ ကောင်းမွေဆိုးမွေတွေကို လက်ခံကြရတယ်ဆိုတာကို နားလည်ပါတယ်။ ဒါပေမဲ့ အဆိုးနွံထဲက ရုန်းထွက်နိုင်ဖို့ လုပ်ဆောင်သင့်တာတွေ၊ ပြင်ဆင်သင့်တာတွေကို ရဲရင့်ပြတ်သားစွာ ဆောင်ရွက်နိုင်ဖို့ တာဝန်ရှိတာကြောင့်မို့လို့ ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဟန်ထွန်း(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပုလဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏အဆိုကို မိမိမဲဆန္ဒနယ်နှင့်ဆက်စပ်နေတဲ့ စာချုပ်နှစ်ခုကို ဥပမာပြုပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမစာချုပ်ကတော့ မုံရွာ-ဘုတလင်-ဒီပဲယင်း-ရေဦးလမ်း ၄၇ မိုင်ကိုဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဆုထူးပန်ကုမ္ပဏီတို့မှ ၁-၁၂-၂၀၁၉ ရက်နေ့မှာ B.O.T စနစ်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ဒီလမ်းပိုင်းနှင့်ပတ်သက်၍ စာချုပ်ပါစည်းကမ်းချက်များအတိုင်း ပြီးစီးအောင်မဆောင်ရွက်နိုင်ခဲ့ရင် မည်သည့်အချိန်မှာ မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းဆိုပြီးတော့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၂၅-၈-၂၀၁၆ မှာ ကြယ်ပွင့်မပြမေးခွန်းမေးမြန်းခဲ့ပါတယ်။ ဝန်ကြီးဌာနက ကုမ္ပဏီအနေနဲ့ ၂-၆-၂၀၁၈ ရက်နေ့မှာ အပြီးဆောင်ရွက်သွားမယ်။ ဆောင်ရွက်နိုင်ခြင်းမရှိရင် အရေးယူဆောင်ရွက်သွားမယ်လို့ ပြန်လည်ဖြေကြားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်ကုန်သည်အထိ ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့တဲ့အတွက် ၇-၁၂-၂၀၁၈ ရက်နေ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကော်မတီသို့ ပြန်လည်စိစစ်ပေးဖို့ မိမိအနေနဲ့ ပြန်လည်တင်ပြခဲ့ပါတယ်။ ၁၁-၁-၂၀၁၉ ရက်နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၄၇ မိုင်လမ်းပိုင်းကို ၂၁ မိုင် ၃ ဖာလုံ

သာသတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးနှင့် လမ်းအသုံးပြုခကောက်ခံနိုင်ရေး ဂိတ်အား ယာယီပိတ်သိမ်းနိုင်ရေး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ သဘောထားမှတ်ချက် တောင်းခံ၍ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်လို့ ပြန်လည်ဖြေကြားလာခဲ့ပါတယ်။ ယနေ့အချိန်အထိတော့ လမ်းအသုံးပြုနေတဲ့ ပြည်သူများအနေနဲ့ လမ်းအသုံးပြုခပေးနေရဆဲပဲ ရှိပါတယ်။ အရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာ မရှိသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယစာချုပ်တစ်ခုအနေနဲ့ စက်မှုဝန်ကြီးဌာနနဲ့ ဇွန်ဆေးဝါးလီမိတက်တို့ ဖက်စပ်လုပ်ငန်းအဖြစ် ချုပ်ဆိုခဲ့တဲ့စာချုပ်တစ်ခုကို တင်ပြလိုပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၁၃-၃-၂၀၁၃ ရက်နေ့မှာ မြန်မာ့ဆေးဝါးလုပ်ငန်းက ၈၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီဘက်က ၂၀ ရာခိုင်နှုန်းပါဝင်ပြီး ၂၀၁၂ မှ ၂၀၂၂ အထိ ၁၀ နှစ်သက်တမ်းစာချုပ်ချုပ်ဆိုထားတာကို တွေ့ရပါတယ်။ မြန်မာ့ဆေးဝါးမှာ ၈၀ ရာခိုင်နှုန်းထဲမှာ ကျပ်သန်း ၆၇၄၈ သန်းမှာ မြေဧက ၆၆၉ ဧကပေါ်ပါတယ်။ အဲဒီမြေတွေအတွက် မြေပြုပြင်စရိတ်တွေ၊ မြေယာလျော်ကြေးတွေ၊ အဆောက်အဦး၊ ယာဉ်နှင့် စက်ပစ္စည်းတွေပါဝင်ပါတယ်။ အဲဒီပစ္စည်းတွေကို ၃၁-၃-၂၀၁၃ ရက်နေ့ Book Value တန်ဖိုးနဲ့ ထည့်သွင်းတွက်ချက်ခဲ့ပြီးတော့ စက်ပစ္စည်းတွေကိုတော့ နိုင်ငံခြားငွေလဲလှယ်နှုန်း တစ်ဒေါ်လာ ခြောက်ကျပ်နှုန်းဝန်းကျင်နှင့်သာ တွက်ချက်ခဲ့တယ်လို့သိရပါတယ်။ ကာလပေါက်ဈေးအမှန်နဲ့ တွက်ချက်ခဲ့ခြင်းတော့ မရှိပါဘူး။ ဒါကြောင့် နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှု သန်း ၆၀၀၀ ကျော်ကို US ဒေါ်လာနဲ့ ဖော်ပြမယ်ဆိုရင် ၁.၁ ဘီလီယံလောက် ရင်းနှီးမြှုပ်နှံခဲ့တာကို တွေ့ရှိရပါတယ်။ အဲဒီမှာရှိနေတဲ့ အင်းလေးခု ဧက ၅၅၀ ကိုတော့ တစ်နေ့ကျပ် ၁၀ သိန်းနှုန်းနဲ့ပဲ သီးခြားအဖြစ်လည်း စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ ဒါပေမဲ့ ဒီအင်းလေးခုနှင့်ပတ်သက်ပြီးတော့လည်း ရေညှိမထွက်တော့တဲ့အတွက်ဆိုပြီးတော့ တွင်းတော်အင်းငှားခမှာဆိုရင် ၂၀၁၄ ခုနှစ်ကစပြီးတော့ ငွေပေးချေစရာမလိုဘူးလို့လဲ သိရှိရပါတယ်။ ၂၅-၉- ၂၀၁၄ မှာ ရေညှိခြောက်တန်ချိန် ၆၉၀ ကို ၈၁၃ သန်းနှင့် လွှဲပြောင်းရောင်းချခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့အချိန်ထိ ကျပ်သန်း၂၅၀ ကိုသာပေးချေရပြီး ကျန်ရှိနေတဲ့ ငွေကြေးကိုတော့ ၃-၁၂-၂၀၂၀ မှာကြွေးကျန်ကို အကြေဆပ်ရမယ်လို့ စာချုပ်မှာထည့်သွင်းဖော်ပြထားပါတယ်။ ဖက်စပ်လုပ်ငန်းမလုပ်ကိုင်မီက နိုင်ငံပိုင်လက်ထက်မှာ တစ်နှစ်လျှင်ကျပ်သန်း ၁၃၀၀ ကျော်အထိ အမြတ်ရရှိခဲ့ပြီးတော့ ဖက်စပ်လုပ်ငန်းလုပ်ပြီးတဲ့အချိန်မှာတော့ တစ်နေ့ပျမ်းမျှ ၈၅ သန်းနှုန်းသာ နိုင်ငံတော်က အမြတ်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာချုပ်မှာ အင်းငှားခလည်းပေးစရာမလို။ နိုင်ငံတော်ကရရှိတဲ့ အကြွေးလည်းပြန်မဆပ်ရ။ ဒေါ်လာသိန်းချီတန်တဲ့စက်တွေပါတဲ့ဟာကိုလည်း တစ်ဒေါ်လာခြောက်ကျပ်နှုန်းနဲ့ တန်ဖိုးသင့်ခဲ့တဲ့အပြင် နိုင်ငံပိုင်လက်ထက်ကရရှိခဲ့တဲ့ အမြတ်နဲ့စာရင် နှစ်စဉ်နိုင်ငံတော်အတွက်က သန်းထောင်ချီပြီးတော့ အရှုံးပေါ်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့ ဒီနေ့ပိုင်ဆိုင်မှုကို ပြန်ကြည့်မယ်ဆိုရင်တော့ မြန်မာ့ဆေးဝါးဟာ ၄၂.၅၉ ရာခိုင်နှုန်းပဲ ပိုင်ဆိုင်ပြီးတော့ ကုမ္ပဏီဘက်ကတော့ ၅၇.၄၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ပိုင်ဆိုင်နေတာကို တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်ကတည်းက အင်းသုံးခုမှာ ရေညှိမထွက်တော့တဲ့အတွက် အခုလိုနိုင်ငံတော်ဘက်က ပါဝင်လာတဲ့ရာခိုင်နှုန်းတွေ လျော့ကျလာတာဟာ သေချာပြန်လည်စိစစ်ဖို့ လိုအပ်နေပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီတာဝန်ယူစဉ်မှာ ကမ္ဘာ့အဖိုးတန်သယံဇာတ စိမ်းပြာရေပြင်လည်း ပျောက်ကွယ်ခဲ့ပါပြီ။ ဒေသခံတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း မရှိတော့ပါဘူး။ နိုင်ငံတော်အတွက်အခုလိုများစွာ နစ်နာနေတဲ့ စာချုပ်တွေကိုတော့ အမြန်ဆုံးပြန်လည်စိစစ်သင့်ပါပြီ။ ရေကာအင်း၊ တွင်းတောင်အင်း၊ တောင်ပြာအင်း၊ တွင်းမအင်းတို့အတွက် ပြည်တွင်းပြည်ပပညာရှင်များရဲ့ အကြံဉာဏ်ကိုရယူပြီး နိုင်ငံတော်အတွက် အကျိုးရှိမည့်နည်းလမ်းကို အမြန်ဆုံးရှာဖွေသင့်ပါတယ်။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာ နိုင်ငံ့တော်နှင့်နိုင်ငံသားများအတွက်ကိုမကြည့်ဘဲ ရင်းနှီးမြှုပ်နှံသူလူတစ်စုရဲ့အကျိုးဖြစ်ထွန်းမှုကို ရှေးရှုပြီး တကယ့်ကမ္ဘာ့အဖိုးတန်သဘာဝသယံဇာတတွေကို အထိန်းအချုပ်မရှိ စည်းကမ်းမဲ့ထုတ်ခွင့်ပြုထားတဲ့ စာချုပ်တွေကို အချိန်မီအဆုံးသတ်သင့်ပါပြီ။ ဒါကြောင့်မို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို အတည်ပြုသင့်ကြောင်း ထောက်ခံဆွေးနွေးရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှ မိမိတို့မှာရှိတဲ့ ပေါကြွယ်တဲ့အရင်းအမြစ်တွေကို အရင်းပြုပြီးတော့မှ စီးပွားရေးအဆောက်အအုံ တည်ဆောက်ကြပါတယ်။ လုပ်သားပေါများတဲ့ တိုင်းပြည်က အထည်ချုပ်စက်ရုံလို လုပ်သားအရင်းပြုတဲ့ Labour Intensive Economy ကို ကျင့်သုံးတယ်။ ငွေကြေးအရင်းအနှီးပေါကြွယ်တဲ့ နိုင်ငံဘဏ်လုပ်ငန်းလိုမျိုး

Capital Intensive Economy ကို ကျင့်သုံးကြပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာပေါ်ကြွယ်ဝတာကတော့ မြေယာပဲဖြစ်ပါတယ်။ စာရင်းဇယားတွေအရ မဟုတ်ဘဲ မျက်မြင်အရဘဲကြည့်မယ်ဆိုရင် အသုံးမပြု ရသေးတဲ့မြေဧက များစွာရှိနေပါတယ်။ ဒါပေမဲ့ အုပ်ချုပ်သူအစိုးရတွေဟာ အုပ်ချုပ်သူအစိုးရဟာ ဒီမြေတွေကိုစနစ်တကျ စီမံခန့်ခွဲဖို့ရန် အခွင့်မသာဘူးဖြစ်နေပါတယ်။ ကိုယ်ကျိုးစီးပွားနှင့် လက်ဦးမှု ရယူမှုတွေကြောင့် တန်ဖိုးရှိတဲ့အရင်းအမြစ်တွေဟာ တိုင်းပြည်အတွက် ထိရောက်တဲ့ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်ဘူးဖြစ်နေပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖြစ်စဉ်ကိုလေ့လာကြည့်မယ်ဆိုရင် ပါလီမန်ဒီမို ကရေစီခေတ်မှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တဲ့အပြင် အဲဒီတုန်းက ကမ္ဘာ့နိုင်ငံရေးအခြေ အနေမှာ ကိုရီးယားကျွန်းစွယ်စစ်ပွဲကြောင့် ဆန်တန်ချိန်ပေါင်းများစွာ တင်သွင်းခွင့်ရခဲ့တာကြောင့် အဲဒီ ခေတ်ကို မြန်မာနိုင်ငံ ရွှေရောင်လွှမ်းတဲ့ခေတ်လို့ ပြောနိုင်ပြီးအာရှမှာ ထိတ်တန်းနိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ၁၉၆၂ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံး ခဲ့တဲ့အခါ စနစ်ရဲ့ဆိုးကျိုးအပြင် ကိုယ်ကျိုးရှာမှုတွေကြားမှာ စီးပွားရေးချွတ်ခြုံကျပြီး နောက်ဆုံး LDC နိုင်ငံအဖြစ် လျှောက်ထားရတဲ့အခြေအနေဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီးနောက်ပိုင်းမှာ ဆိုရှယ်လစ်အမိန့်ပေးစီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးမယ်လို့ ကြွေးကြော်ပြီး ပြုပြင်ပြောင်းလဲရေးတွေဆောင်ရွက်ဖို့ ကြိုးစားခဲ့တယ်လို့ သိရပါတယ်။

ဒါပေမဲ့ တကယ့်လက်တွေ့မှာတော့ ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးစဉ်က ပြည်သူပိုင် သိမ်းခဲ့တဲ့ မြေယာအဆောက်အအုံတွေကို ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိကကို လွှဲပြောင်းပေး ရာမှာ မိမိနှင့်နီးစပ်ရန် ပုဂ္ဂိုလ်များ၊ မိမိမိသားစုများ အမည်ခံပြီး မဖြစ်စလောက်ဈေးနှုန်းလေးနဲ့ လွှဲပြောင်းပေးခဲ့တာကို တွေ့ရှိရပါတယ်။ ဒီလိုလွှဲပြောင်းရယူထားလို့ ထိထိရောက်ရောက်အသုံးချပြီး နိုင်ငံတော်အတွက် အခွန်ဝင်ငွေနဲ့ နိုင်ငံသူ နိုင်ငံသား၊ ဒေသခံများအတွက် အကျိုးရှိနေတယ်ဆိုရင် အထွေအထူးဝေဖန်ကန့်ကွက်စရာမလိုပါဘူး။ အခုဟာက မဖြစ်စလောက်ငှားရမ်းခအပြင် ဘာထုတ် လုပ်မှုမှလည်းမရှိတဲ့အခါ နိုင်ငံတော်နှင့် ပြည်သူ ပြည်သားများအတွက် များစွာနစ်နာပါတယ်။ ဒီနေရာ မှာ ကျွန်တော် ရင်းနှီးမြှုပ်နှံသူတစ်ယောက်အနေနဲ့ MIC ကို လုပ်ငန်းတင်ပြဖို့ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို ကျွန်တော်တင်ပြလိုပါတယ်။ နောက်ကျွန်တော် Investor တစ်ယောက် Invest လုပ်မယ်ဆိုရင် MIC ကို ပထမဦးစွာ အဆိုပြုလွှာတင်ပြရပါတယ်။ အဆိုပြုလွှာတင်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံလိုသူက မြေငှားစာချုပ် မူကြမ်းကိုအရင်တင်ပြရပါတယ်။

စာချုပ်အကြမ်းနှင့်အတူ EIA, SIA Report ဒါ့အပြင် လုပ်သားအသုံးပြုမှု၊ စက်ပစ္စည်းတင်သွင်းမှု၊ နည်းပညာ ဘာ Brand သုံးမှာလဲ။ ဒါ့အပြင် ငါးနှစ်နေရင် ဘယ်လောက်အကျိုးအမြတ်ရှိတာလဲ ဆိုတာတွေကိုပါ တစ်ခါတည်းတွဲတင်ရပါတယ်။ ပြည့်စုံပြီဆိုမှ MIC က ပါမစ်ချပေးတာပါ။ အဲဒီ နောက်မှာမှ စာချုပ်ကိုတရားဝင်မှတ်ပုံတင်ခွင့်ရရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော် တင်ပြလိုတာက မြေငှားစာချုပ်ရယူထားပြီးမှ Investor ကိုလိုက်ရှာတာဟာ ရင်းနှီးမြှုပ်နှံသူ Investor မဟုတ်ဘဲနဲ့ လာရောက်ရင်းနှီးမြှုပ်နှံမည့် ရင်းနှီးမြှုပ်နှံသူ Investor ကို မြေပြန်လည်ငှားရမ်းဖို့ အတွက် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာစကားပုံမှာ စီးတဲ့ရေဆည်တဲ့ကန်သင်းဆိုတဲ့ စကားလုံးရှိပါတယ်။ အိမ်တစ်အိမ်မှာဝင်ငွေ/ထွက်ငွေမျှတအောင်သုံးစွဲရတဲ့အပြင် အလဟဿ အလေအလွင့်မရှိအောင် ဆောင်ရွက်နိုင်မှ ကြီးပွားတိုးတက်မှာဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေးကို ကျွန်တော်တို့ ရှုမြင်ရာမှာ လည်း ဒီသဘောနဲ့ရှုမြင်ရမှာ ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ ငှားရမ်းရောင်းချပေါင်နှံနှုန်း တားတွေဟာ ဈေးကွက်ပေါက်ဈေးအတိုင်းပဲ ဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ ရသင့်ရထိုက်တဲ့ ငှားရမ်းခများမရရှိတဲ့အတွက် တိုင်းပြည် ရသင့်ရထိုက်တဲ့ အခွန်ငွေတွေကျဆင်းပြီး အသုံးစရိတ်မှာ လည်း လျှော့လို့မရတဲ့အခါ လိုငွေဘတ်ဂျက်နဲ့ပဲ ဆောင်ရွက်နေရတယ်ဆိုတာက အားလုံးအသိပဲ ဖြစ်ပါတယ်။ အခွင့်ထူးခံအနေနဲ့ ငှားရမ်းခများကို နှိမ်စပ်ရာသူတွေကိုပဲ လျှော့ပေါ့ချုပ်ပိုင်ခွင့်ပေးထားတဲ့ အခါ ဈေးကွက်က ကမောက်ကမဖြစ်လာပါတယ်။ အသုံးမပြုရသေးတဲ့ မြေဧကပေါင်းများစွာရှိနေ သေးတဲ့ မြန်မာပြည်ရဲ့မြေဈေးနှုန်းဟာ နယူးယောက်မြို့ရဲ့ မြေဈေးနှုန်းလောက်ရှိတယ်ဆိုတာ လေ့လာ မှတ်သားဖူးပါတယ်။ ဒီအတွက် ရင်းနှီးမြှုပ်နှံသူတွေလာဖို့အတွက် အဟန့်အတားဖြစ်စေတဲ့အခါ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အဟန့်အတားဖြစ်စေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ LDC နိုင်ငံကနေ ရုန်းထွက်ဖို့ကြိုးစားဖို့ရှိပါတယ်။ ဒီအတွက်တိုင်းပြည်ဝင်ငွေတိုးအောင် ဆောင်ရွက်ဖို့လိုပါတယ်။ စီးပွားရေးကိုရှိတဲ့အရင်းအမြစ်များ အပေါ်အခြေခံပြီးစနစ်တကျ သိက္ခာရှိရှိလုပ်ရတော့မှာပါ။ သယံဇာတတူးဖော်ရောင်းချတာ၊ သစ်ခုတ် ပြီးနိုင်ငံခြားတင်ပို့တာမျိုးကို အဆင့်မြင့်မြင့် စီးပွားရေးလုပ်ဆောင်တယ်လို့ မခေါ်ဆိုနိုင်ပါဘူး။ ပါမစ် လုပ်ကိုင်ခွင့်သာပေးရင် လူတိုင်းလုပ်တတ်ပါတယ်။ ရှိတဲ့အရင်းအမြစ်ကနေ တိုးပွားလာအောင် ဆောင်ရွက်ခြင်းသာ အဆင့်မြင့်စနစ်ကျတဲ့ စီးပွားရေးလို့ ကျွန်တော်တို့ ပြောဆိုနိုင်မှာဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအတွက် ဈေးကွက်စီးပွားရေးစနစ်အမည်ခံပြီး မိမိကိုယ်ကျိုးနဲ့နီးစပ်ရာ ပုဂ္ဂိုလ်များကို ဈေးကွက်ပေါက်ဈေးထက် အဆမတန်ထုတ်ဖော် ငှားရမ်းလွှဲပြောင်းထားတဲ့ လုပ်ငန်းမြေနေရာများဟာ ထိရောက်စွာဆောင်ရွက်နိုင်မှုရှိ/မရှိ ပြန်လည်စိစစ်ကာ ထိရောက်မှုမရှိရင် နိုင်ငံတော်က ပြန်လည်လွှဲပြောင်းရယူပြီး သင့်တော်သလို စီမံဆောင်ရွက်မှာဖြစ်ပါတယ်။ ဥပဒေအရ ကြည့်မယ်ဆိုရင်လည်း ငှားရမ်းလွှဲပြောင်းရယူထားမှုများဟာ မူလသဘောတူညီမှုအတိုင်း အကောင် အထည်ဖော်မှုမရှိဘူးဆိုရင် ပဋိညာဉ်ဖောက်ဖျက်တာဖြစ်လို့ ပြန်လည်လွှဲပြောင်းရယူလို့ရပါတယ်။ စီးပွားရေးအရ ကြည့်မယ်ဆိုလို့ရှိရင်လည်း ဈေးကွက်စီးပွားရေးစနစ်မှာ အမြတ်ရရင်ဆက်လုပ်ရမှာ ဖြစ်ပြီး အရှုံးပေါ်နေတယ်ဆို လုပ်ငန်းရပ်ဆိုင်းရာမှာဖြစ်ပါတယ်။ အရှုံးခံပြီးလုပ်ဆောင်နေတယ်ဆိုတာ မျိုးဟာ ဆိုရှယ်လစ်စီးပွားရေးစနစ်လိုမျိုး အမိန့်ပေးစီးပွားရေးစနစ်မှာသာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရွှေကျင်မြို့နယ်နှင့်ပတ်သက်ပြီးတော့မှ စစ်တောင်းရာဘာခြံ (ရွှေကျင်)နှင့်ပတ်သက်လို့ လက်ရှိလုပ်ကိုင်ဆောင်ရွက်မှုနှင့် နိုင်ငံတော်က အကျိုးအမြတ်ရရှိမှု အခြေအနေကို ၁၇-၁၂-၂၀၁၈ ရက်နေ့ ပြည်သူ့လွှတ်တော်မှာ မေးခွန်းမေးမြန်းခဲ့တဲ့အခါမှာ ဝန်ကြီးက ပြန်လည်ဖြေကြားချက်မရှင်းလင်းတဲ့အတွက် ကွဲလွဲမှုတွေရှိတဲ့အတွက် ကျွန်တော်က ပြန်လည်စိစစ် ပေးဖို့ အဖွဲ့ဖွဲ့ပြီးတော့မှ မြို့နယ်မှာပြန်လည်စိစစ်ဖို့အတွက် ကျွန်တော်တင်ပြတဲ့အခါမှာ ပြန်လည် စိစစ် ပါတယ်။ သို့သော်လည်း ကျွန်တော်ကအဆိုပြုတဲ့ ပုဂ္ဂိုလ်တွေကို ခေါ်ယူစစ်ဆေးတာမျိုး မရှိဘဲနဲ့ ဝန်ကြီးဌာနက ကိုယ့်ဌာနအတွင်းမှာပဲ ကိုယ်စုံစမ်းစစ်ဆေးပြီးတော့မှ ပြန်လည်ပြီးတော့ Report တင်တဲ့အခါမှာ ပြည့်စုံလုံလောက်မှုမရှိဘဲ နဂိုဝန်ကြီးဖြေတဲ့အတိုင်း ပြန်လည်ဖြေကြားတာမျိုးကိုလည်း တွေ့ရတဲ့အတွက် ဒါဟာကျွန်တော်တို့ ပြန်လည်ဆန်းစစ်ရတဲ့ကိစ္စမျိုးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ ဆိုရှယ်လစ်အမိန့်ပေးစီးပွားရေး စနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးနေတယ်လို့ ကြွေးကြော်နေပါတယ်။ ဒါကြောင့် ဈေးကွက် စီးပွားရေးစနစ် ပီပီပြင်ပြင်အကောင်အထည်ဖော်ဖို့ လိုပါတယ်။ ဒီအတွက် နိုင်ငံမှာရှိတဲ့ မြေယာ အရင်းအမြစ်ကို အမိကထားတဲ့ စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့အလွဲသုံးစားလုပ်တယ်လို့ ယူဆရတဲ့ မြေနေရာတွေ ပြန်လည်ရယူသင့်တာကြောင့် အဆိုရှင်ရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးရဲလွင်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့ အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးမူဝါဒများရေးဆွဲပြီး မြန်မာနိုင်ငံသား များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ ဖိတ်ခေါ်ကာ လုပ်သားဦးစားပေး စက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးမြေများ ဆက်လက်ချဲ့ထွင်ရေး၊ သီးနှံထုတ်လုပ်မှု တိုးတက်ရေး၊ စိုက်ပျိုးရေးကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သည့်လုပ်ငန်းများ အစရှိသဖြင့် စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုစလုံးတွင် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်ဖြစ်သော အခြေခံအဆောက်အဦ စီမံကိန်းများ ဆောင်ရွက်ခြင်းတို့ကို အဓိကဦးစားပေးကဏ္ဍများအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုလုပ်ငန်းများကို ဆောင်ရွက်တဲ့နေရာမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများအပေါ် မူတည် ပြီးတော့ နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါတဲ့လုပ်ငန်းများ၊ မတည်ငွေအရင်းအနှီး ကြီးမားသည့်လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားသော သက်ရောက်မှု ဖြစ်စေနိုင်တဲ့လုပ်ငန်းများ၊ နိုင်ငံတော်ပိုင်မြေနှင့်အဆောက်အဦများ အသုံးပြုသည့်လုပ်ငန်းများ အားလုံး အစိုးရအဖွဲ့ထံ ခွင့်ပြုမိန့် တောင်းခံလုပ်ဆောင်ကြရတာဖြစ်ပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မယ်ဆိုပြီး ပြည်ထောင်စုတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့ရဲ့ ခွင့်ပြုချက်များနဲ့ နိုင်ငံတော်ပိုင်၊ အစိုးရပိုင်မြေတွေ၊ အဆောက်အဦလုပ်ငန်းတွေ လွှဲပြောင်းတာတွေ၊ ငှားရမ်းတာတွေနဲ့ ပတ်သက်ပြီး ခေတ်ကာလနဲ့မလျော်ညီတဲ့ ငှားရမ်းခတွေ၊ မြေတွေကိုကာလ ပေါက်ဈေးထက်နှိမ့်ယူ ငှားရမ်း၊ ဆိုင်ခန်းတွေဆောက်၊ ကာလပေါက်ဈေးတွေနဲ့ပြန်ငှား။ ရန်ကုန်မြို့ အချို့နေရာတွေမှာဆိုလျှင် တွေ့နေ၊ မြင်နေ၊ ကြားသိနေရပါတယ်။ ဒီလိုဝေဖန်မှုတွေ၊ တိုင်ကြားမှုတွေအပေါ် လက်ရှိအခြေအနေ များနဲ့ နှိုင်းယှဉ်သုံးသပ်ပြီး ဘယ်လိုအကောင်းဆုံးဖြေရှင်းနိုင်မလဲ အဖြေရှာဖို့လိုအပ်နေပါပြီ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအဆက်ဆက်အနေနဲ့ နိုင်ငံပိုင်အရင်းအမြစ်များ ကာလရှည်ကြာငှားရမ်းခြင်းပြုလုပ်တဲ့အခါမှာ ရန်ကုန်မြို့မှာဆိုရင် ကရဝိတ်ဥယျာဉ်ကမ္ဘာအပါအဝင် ပြည်သူ့ရင်ပြင်၊ မြကျွန်းသာ၊ ကန်သာယာပန်းခြံ၊ ကန်တော်ကြီးပန်းခြံ၊ မြိုင်ဟေဝန်ပန်းခြံ၊ ကန်တော်မင်

ပန်းခြံများမှာရှိတဲ့ ဆိုင်ခန်းများ ငှားရမ်းခများဟာ ကာလပေါက်ဈေးထက်များစွာနိမ့်ကျပြီးတော့ ပြည်သူ့ဘဏ္ဍာဆုံးရှုံးနေရမှု တွေ့ကြုံနေရကြောင်း ရန်ကုန်တိုင်းစာရင်းစစ်ချုပ်ရုံးအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဥပမာအနေနဲ့ပြောရလို့ရှိရင် ဒေါပုံမြို့နယ်က ကောဇောပစ္စည်းစက်ရုံက မြေဧက ၄၀ ခန့်ကျယ်ပြန့်ပြီးတော့ တစ်လကို သိန်း ၁၀၀ ကျော်နဲ့ငှားရမ်းထားပါတယ်။ ၂၀၁၅ ခုနှစ်ကုန်ကာနီးမှာ နှစ်ပေါင်း ၅၀ + ၁၀+၁၀ အထိ ငှားရမ်းထားခြင်းဟာ အဆိုမှာပါသလို နိုင်ငံသူနိုင်ငံသားများ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် ရေရှည်အကျိုးရှိမှုကို ဦးတည်သုံးသပ်သင့်ပါတယ်။ ကျွန်တော်တို့အလုံမြို့နယ်မှာဆိုရင် နိုင်ငံတော်ပိုင်မြေယာတွေဖြစ်တဲ့ မီးရထားပိုင်မြေ၊ ယခင်သစ်တောဝန်ကြီးဌာနပိုင်မြေအလွတ်များစွာရှိပါတယ်။ အဲဒီမြေအလွတ်တွေရဲ့ပိုင်ဆိုင်မှုတွေကို ယခုအခါမှာ ပြန်လည်စိစစ်ပြီးတော့ စီမံကိန်းလုပ်ငန်းများကို ပြန်လည်အကောင်အထည်ဖော်သင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။ တချို့နိုင်ငံပိုင်ဥယျာဉ်မြေဧကများ ငှားရမ်းတဲ့အခါမှာ တင်ဒါမခေါ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြမှုမရှိဘဲ ဆောင်ရွက်ခြင်း၊ စာချုပ်ချုပ်ဆိုစဉ်က ဆောင်ရွက်ခွင့်ပြု ထားတဲ့လုပ်ငန်းများအား ကျော်လွန်လုပ်ဆောင်ခြင်းများစွာရှိနေပါတယ်။ ကန်တော်ကြီး၊ ကန်တော်မင်၊ မြိုင်ဟေဝန်ပန်းခြံများမှာရှိတဲ့ စားသောက်ဆိုင်ကြီးများ ငှားရမ်းထားခြင်းများမှာလည်း ကာလ ပေါက်ဈေးထက်များစွာနိမ့်ကျနေပြီးတော့ တစ်နှစ်လျှင် ပြည်သူ့ဘဏ္ဍာ ၂.၇၀၉ ဘီလီယံနစ်နာကြောင်း၊ ရန်ကုန်မြို့ရှိ ပန်းခြံများတွင်ရှိသော ဆိုင်ခန်းထောင်ကျော်ငှားရမ်းခများသည်လည်း ခေတ်ကာလ ပေါက်ဈေးရရှိရန် ဆောင်ရွက်သင့်ကြောင်း ရန်ကုန်တိုင်းစာရင်းစစ်ချုပ်က အကြံပြုထားတာ သိရှိရတဲ့ အတွက် နိုင်ငံပိုင်အရင်းအမြစ်များ လေလွင့်မှုမဖြစ်စေဘဲ အမှန်တကယ်အကျိုးရှိလာစေရေးအတွက် စီမံဆောင်ရွက်ပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများစွာဟာ အမြတ်အစွန်း မရှိဘဲလည်ပတ်နေရတဲ့လုပ်ငန်းတွေဖြစ်ပြီး မိမိတို့အစိုးရအနေနဲ့ စက်မှုဝန်ကြီးဌာနလက်အောက်မှာ ရှိတဲ့ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ ၅၀ ကျော်ဟာ အရှုံးပေါ်နေတဲ့အတွက် ပုဂ္ဂလိကလက်ထဲလွှဲပြောင်း လုပ်ဆောင်ခဲ့တာတွေရှိပြီးတော့ အရှုံးပေါ်နေတဲ့စက်ရုံတွေထဲမှာ ပုသိမ်မှန်စက်ရုံ၊ သန်လျင်ရေနံချက် စက်ရုံ၊ ကြံခင်းဘိလပ်မြေစက်ရုံနဲ့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ပင်းပက်မြို့က သံမဏိစက်ရုံ တွေက အထင်အရှားဖြစ်ပါတယ်။ ပင်းပက်သတ္တုတွင်းစီမံကိန်းဟာဆိုရင် မြန်မာကုမ္ပဏီသုံးခုနဲ့ ရုရှား ဖက်စပ်လုပ်တာဖြစ်ပြီး ၎င်းစီမံကိန်းအတွက် ကျေးရွာတော်တော်များများကို နေရာပြောင်းရွှေ့ပေးခဲ့ရ ပါတယ်။ ဒီအတွက်ကြောင့် စီမံကိန်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်မှုအဆင့်အတွက် ပတ်ဝန်းကျင်၊ လူမှုရေး၊ ဒေသခံပြည်သူများ၏ကျန်းမာရေးနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ကို ခြိမ်းခြောက်

သော ဖြစ်စဉ်ဖြစ်ရပ်များကို အဆင့်အလိုက်ကာကွယ်တားဆီးနိုင်ဖို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များနဲ့ ဆက်စပ်သည့်ကတိကဝတ်များနဲ့ ထားရှိသင့်ကြောင်းအကြံပြုလိုပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ခန့်အပ်တာဝန်ပေးအပ်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ရင်းနှီးမြှုပ်နှံမှုနှင့် အဆိုပြုချက်များကို အတည်ပြုရန်နှင့် အဓိကကဏ္ဍ များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရန်လျှောက်ထားလာသော အဆိုပြုလွှာများကို ကော်မရှင်၏ရည်ရွယ်ချက်များဖြစ်တဲ့ ရင်းနှီးမြှုပ်နှံသူများအား ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်း ထားသော ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အကာအကွယ်ပေးရန် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်း စောင့်ရှောက်ရန်၊ လူမှုပတ်ဝန်းကျင်များအား အလေးအနက်ထားရန် နိုင်ငံတကာသတ်မှတ်ချက်များနှင့် ပွင့်လင်းမြင်သာ၍ တာဝန်ယူမှုရှိသော ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များနှင့် စစ်ဆေးမှု အလေ့ အကျင့်များဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်စေရန်၊ လက်ရှိအလုပ်သမား ဥပဒေများအား လိုက်နာဆောင်ရွက်စေရန်၊ လူမှုအကျိုးစီးပွား တာဝန်ယူမှုများကို ထောက်ပံ့ပေးရန်နှင့် နည်းပညာများလွှဲပြောင်းယူရန် စတဲ့အချက်များနှင့်အညီ စိစစ်အတည်ပြုခြင်း၊ ခွင့်ပြုခဲ့သောစီမံကိန်း လုပ်ငန်းများ၊ ကတိကဝတ်များ၊ စာချုပ်ပါစည်းကမ်းချက်များ အချက်အလက်များနှင့်မကိုက်ညီပါက ပြန်လည်ဆန်းစစ်စစ်ဆေးကာ ခွင့်ပြုချက်ရပ်ဆိုင်း၍ ထိုက်သင့်သောအရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင် အမှန်တကယ်အကျိုးရှိသော စီမံကိန်းသစ်များ အကောင်အထည်ဖော်ခြင်းတို့ဖြင့် နိုင်ငံပိုင်အရင်းအမြစ်များ အမှန်တကယ်အကျိုးရှိလာစေရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံ ဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုတွင်ပါရှိသော မြေအမျိုးအစားများစွာ ကျွန်တော့် မဲဆန္ဒနယ်မှာရှိပါတယ်။ နမူနာသုံးမျိုးလောက်ထုတ်ပြပြီးမှ ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမနမူနာက ကျိုက္ခမီမြို့ မြမာလာမှာရှိတဲ့ နေလှန်းဆားလုပ်ငန်းစီမံကိန်းမြေ ၁၉၂ ဧကဖြစ်ပါတယ်။ တော်လှန်ရေးကောင်စီခေတ်ကတည်းကိုက တောင်သူလယ်သမားတွေဆီကနေ သိမ်းယူပြီးတော့မှ နိုင်ငံတော်က စီမံကိန်းတစ်ခုအနေနဲ့ဖော်ဆောင်ပါတယ်။ နိုင်ငံတော်အကြီးအကဲကလာပြီးတော့ စိစစ်တဲ့အချိန်မှာ လေရဟတ်စွမ်းအင်ကိုသုံးပြီးတော့မှ ပင်လယ်ဆားရေတွေ တင်ပါတယ်လို့ပြောပြီးတော့ ချုံကွယ်ကနေပြီး လူကကြိုးလေးနဲ့ ရဟတ်ကိုချိတ်ဆက်ဆွဲတဲ့နည်းနဲ့ လိမ်ညာခဲ့တဲ့အစမကောင်းခဲ့တဲ့စီမံကိန်းပီပီ နှစ်ပေါင်းများစွာအကျိုးမရှိဖြစ်ခဲ့ရပါတယ်။ ဒါကို လွှန်ခဲ့တဲ့အစိုးရလက်ထက်မှာတော့ ဒါကိုပြန်ပြီးတော့မှ ရပ်ခိုင်းလိုက်တဲ့အတွက်ကြောင့် ရပ်ဖို့ဖြစ်လာပါတယ်။ သို့သော်လည်းပဲ ဆားလုပ်ငန်းစီမံကိန်းဦးစီးဌာနက ဒါကို ဥပဒေနဲ့အညီ နိုင်ငံတော်ကိုပြန်အပ်တဲ့နည်းကိုမလုပ်ဘဲနဲ့ မွန်ပြည်နယ်ဆားလုပ်ငန်းရှင်များအသင်းဆိုတဲ့အသင်းဆီကို လုပ်ငန်းလွှဲပြောင်းပေးခဲ့တာကိုသိရှိရပါတယ်။ အဲဒီမှာမှ ဒီဘက်ခေတ်မှာတောင်သူလယ်သမားတွေက ပြန်တောင်းလာတဲ့အချိန်မှာ ကျွန်တော်တို့ မြေပြန်စစ်မှုနဲ့စစ်ဆေးတဲ့အခါမှာ အသင်းဥက္ကဋ္ဌဖြစ်တဲ့သူကိုယ်တိုင်ကသူတို့အသင်းရထားတာ သူတောင်မသိပါဘူးတဲ့။ အဲဒီအပြင်ကို ဒီရယူသွားတဲ့လူတွေစာရင်းကိုကြည့်ပြန်တော့လည်း အသင်းဥက္ကဋ္ဌနေရာမှာလည်း သူမဟုတ်ဘူး။ အတွင်းရေးမှူးနေရာမှာလည်းလက်ရှိလူတွေမဟုတ်ဘဲနဲ့ ဘယ်ကမှန်းမသိတဲ့လူတွေ ဖြစ်နေတာတွေ့ရပါတယ်။ သိမ်းထားတဲ့တောင်သူတွေကပြန်တောင်းမှလည်း ဆားလုပ်ငန်းကိုဒီနှစ်မှာမှ ဧက ၂၀ လောက်လုပ်ဖို့အတွက်ကိုအားချင်းဆိုင်းပြင်းလာပြတာကိုတွေ့ရှိခဲ့ရပါတယ်။ ဒါဟာ ဘာပြလဲဆိုရင် ဒီရယူသွားတဲ့သူတွေဟာပြည့်ဝမ်းဗိုက်တော့မဟုတ်ဘူး။ ပြည့်အမှိုက်တွေပဲဖြစ်ပါတယ်။ ဒီတော့ ပြည့်ဝမ်းဗိုက်မှန်ရင် ရွှေကွပ်ပေးရမှာဖြစ်သလို ပြည့်အမှိုက်မှန်ရင်တော့ သန့်ရှင်းရေးလုပ်ပေးရမှာပဲဖြစ်ပါတယ်။ နောက် ဒီလိုကိစ္စရပ်မျိုးကို ပေါင်မြို့နယ်မှာလည်းဖြစ်နေပါတယ်။

ဒုတိယကတော့ စက်စဲဆိပ်ကမ်း အလုပ်သမား ဝန်ကြီးဌာနက သိမ်းထားတဲ့မြေဖြစ်ပါတယ်။ သိမ်းစဉ်ကာလကတော့ ၁၉၈၁ ခုနှစ်ကဖြစ်ပါတယ်။ စံပြလုပ်သားများ အပန်းဖြေဖို့အတွက်ဆိုပြီးတော့မှ အကြောင်းပြသိမ်းထားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ၃၄ နှစ်လောက်ကြာတဲ့အထိကို ဘာစံပြလုပ်သားမှလည်း လာအပန်းမဖြေဘဲနဲ့ ပုဂ္ဂလိကကို ဆိုင်ခန်းတွေငှားစားထားကို တွေ့ရှိရပါတယ်။ ဒါကိုလယ်သမားတွေက ပိုနေတဲ့ ၄.၁၈ ဧကကိုလာတောင်းပါတယ်။ ဒါက စက်စဲကွင်းအမှတ်(၉၂၅) ဦးပိုင်ထွက်ထားတဲ့မြေတွေဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အဲဒီလိုပြန်တောင်းတော့မှ အလုပ်သမားသင်တန်းကျောင်းဆိုပြီးတော့မှ ကပျာကယာလာဆောက်တာတွေ့ရှိရပါတယ်။ အဲဒီတော့ ဒီမှာ ပုဂ္ဂလိကတွေကို

ငှားစားထားတာ တရားဝင်လား၊ မဝင်လားမသိရ။ သူ့ပိုင်ရှင်အမွေခံတွေဖြစ်တဲ့ လယ်သမားတောင်းတဲ့ အခါကျတော့မှ အလုပ်သမားသင်တန်းကျောင်းကိုလည်း ဆောက်တယ်။ နောက် ဒီလယ်သမားတွေက လာအပန်းဖြေတဲ့ပြည်သူတွေကို အရိပ်ရဖို့အတွက် ဝါးတဲလေးဆောက်တာကို တရားစွဲဆိုခံထားရတာ တွေ့ရှိရပါတယ်။ ဒါတွေကို ကျွန်တော်တို့ မျှတမှုအတွက် မျက်နှာမူပြီးတော့မှ ပြန်လည်စစ်ဆေး အရေးယူပေးဖို့ဖြစ်ကြောင်း တင်ပြလိုပါတယ်။

နောက်တစ်မျိုးကတော့ ပြည့်ဝမ်းဗိုက်ဖြစ်အောင်ကြိုးစားရင် ကျွန်တော်တို့ရွှေ့ကွပ်ပေး ရမယ့်အမျိုးအစားဖြစ်ပါတယ်။ အဲဒါကတော့ ဘာလဲဆိုရင် ကျွန်တော်တို့ သံဖြူဇရပ်မြို့တစ်ဝိုက်မှာ ရှိတဲ့ ၂၂၁၀ ဧကရှိသော ရာဘာခြံစီမံကိန်းမြေဖြစ်ပါတယ်။ ဒီစီမံကိန်းမြေမှာ ကျွန်တော် လွှတ်တော်မှာ တင်ပြခဲ့ဖူးတယ်။ အစိုးရကိုင်တဲ့အချိန်တုန်းကတော့ ပေါင်ချိန် သုံးသိန်းကျော် ထွက်ပြီးတော့ ရှုံးတယ်။ ပုဂ္ဂလိကလက်ထဲရောက်တော့မှ ပေါင်ချိန်ရှစ်သောင်းလောက်ထွက်တော့ မြတ်တယ်လို့ ကျွန်တော် တရုတ်ပေသီးဖတ်သိလိုပြောခဲ့ဖူးတာရှိပါတယ်။ ရှုံးရတာကတော့ အခြားမဟုတ်ပါဘူး။ အလွဲသုံးစားမှု တွေနဲ့ စီမံခန့်ခွဲမှုညံ့ဖျင်းလို့ဖြစ်ပါတယ်။ ညံ့ရတဲ့အကြောင်းကတော့ စာချုပ်မှာကိုက ဝန်ထမ်းလခအပါ အဝင်ကို MCM ကုမ္ပဏီကကျခံပေးရပြီးတော့ ထွက်ရှိတဲ့ရာဘာ အပေါ်မှာ ၅၈ ရာခိုင်နှုန်းကို နိုင်ငံတော်က ယူမယ်လို့ချုပ်ထားတဲ့အတွက်ဖြစ်ပါတယ်။ အဲဒီတော့ အစိုးရကတော့မြတ်မယ်။ ကုမ္ပဏီ က အကြီးအကျယ်ရှုံးနေရပါတယ်။ ဒီကုမ္ပဏီကို ပြည့်ဝမ်းဗိုက်ဖြစ်တဲ့အတွက်ကြောင့် အခြားနည်း ပြောင်းရွှေ့ပြီးစိုက်ခိုင်းဖို့အတွက်ကို သူတို့တင်ပြပါတယ်။ အဲဒီတော့ စာချုပ်မှာကလည်းပဲ ရာဘာမှ အပ အခြားအပင်မစိုက်ရဆိုတော့ သူတို့မှာအခက်အခဲဖြစ်ပါတယ်။ ခုတော့ ဒူးရင်းပင်တွေစိုက်နေတာ တွေ့ပါတယ်။ ဒီမှာ ကျွန်တော်တင်ပြချင်တာက အဲဒီလို လုပ်ငန်းပြောင်းစီမံမယ်ဆိုလို့ရှိရင်လည်းပဲ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂ မှာပါတဲ့ ဒေသခံလွှတ်တော် ကိုယ်စားလှယ်တွေနဲ့ တိုင်ပင်ညှိနှိုင်းဖို့အတွက်ကို အကြံပေးတောင်းဆိုလိုပါတယ်။ ဒေသခံပြည်သူတွေ ကိုလည်းပဲ စီမံကိန်းချပြဖို့လိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ ဒါကြောင့် ပြည့်ဝမ်းဗိုက်တွေကိုရွှေ့ချပြီးတော့ ပြည့်အမှိုက်တွေကိုရှင်းပစ်မယ့် ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုကို ပြည်သူ လူထုလိုလားနေသော မျှတမှု၊ မှန်ကန်မှုကို မျက်နှာမူပြီးတော့ ကျွန်တော်တို့အားလုံး သက်ဆိုင်တဲ့အဖွဲ့ ဆီက အတည်မပြုပေးနိုင်တောင်မှ ကျွန်တော်တို့မဲဆန္ဒဖြင့် အတည်ပြုရေးဆောင်ရွက်ကြပါစို့ဟု ဖိတ်ခေါ်တိုက်တွန်းလျက် ကျွန်တော်ရဲ့ထောက်ခံမှု ကဏ္ဍကိုနိဂုံးချုပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူနိုင်ကြပါစေ။

**မူကြမ်း**

## ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးဆက်အောင်(ဒုတိယဝန်ကြီး၊ ရင်းနှီးမြှုပ်နှံနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ နိုင်ငံတော်ပိုင်မြေယာများ၊ အဆောက်အအုံများ၊ လုပ်ငန်းများအပေါ်အခြေပြု၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ခွင့်ပြုခဲ့သောစီမံကိန်းများအား ပြန်လည်သုံးသပ်စစ်ဆေးကာ ကတိကဝတ်နှင့်မညီညွတ်ပါက ခွင့်ပြုချက်ရပ်ဆိုင်းခြင်း၊ ထိုက်သင့်သောအရေးယူမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များအတွက် အကျိုးရှိသောစီမံကိန်းသစ်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် နိုင်ငံပိုင်အရင်းအမြစ်များအတွက် အမှန်တကယ်အကျိုးရှိလာစေရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ ၂၀၁၁ ခုနှစ်ကနေပြီးတော့ ယနေ့အထိကို နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများအသုံးပြုတဲ့လုပ်ငန်းဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၆၉ ခုကို ခွင့်ပြုပေးခဲ့ပါတယ်။ ယင်းလုပ်ငန်းများမှာ ပြည်တွင်းကုန်ကြမ်းများအပေါ် တန်ဖိုးမြှင့်ထုတ်လုပ်တဲ့ ကုန်ထုတ်လုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်၍ သွင်းကုန်အစားထိုးသည့် ကုန်ထုတ်လုပ်ငန်းများ၊ လမ်းတံတားကုန်တွင်းဆိပ်ကမ်းများ၊ နိုင်ငံတကာဆိပ်ကမ်းများနှင့် နိုင်ငံတကာလေဆိပ်များ၊ နိုင်ငံတကာအဆင့်မီဟိုတယ်များ၊ နိုင်ငံတကာအဆင့်မီအိမ်ရာနှင့် ရုံးခန်းများ တည်ဆောက်ငှားရမ်းခြင်းလုပ်ငန်းများ၊ ဈေးဝယ် Center များနှင့် Supermarket များ ပါဝင်ပါတယ်။

ဤင်းလုပ်ငန်းများဟာ လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရဲ့ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုလုပ်ငန်းတွေကို သိသိသာသာအထောက်အကူပြုလျက်ရှိသလို အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးလျက်ရှိပါတယ်။ တစ်ဖက်တွင်လည်း နိုင်ငံတော်အတွက် အကျိုးရှိစေမည့်လုပ်ငန်းတစ်စုံတစ်ရာ ဆောင်ရွက်မှုမရှိသောလုပ်ငန်းများကို ရပ်ဆိုင်းခြင်း၊ ပြန်လည်လွှဲပြောင်း

ရယူခြင်းများကိုလည်း ပြုလုပ်ခဲ့ပါတယ်။ သာဓကအားဖြင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဒိုက်ဦးကော်မှုန့်စက်ရုံ စိုက်ကွင်းများအပါအဝင် မြေ ၃၇၈၆.၁၈၀ ဧကအား ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ငှားရမ်းခွင့်ပြုခဲ့သော်လည်း ငှားရမ်းကာလအတွင်း နိုင်ငံတော်အတွက် အကျိုးရှိစေမည့်လုပ်ငန်း တစ်စုံတစ်ရာဆောင်ရွက်နိုင်မှုမရှိခြင်း၊ ငှားရမ်းခလွန်စွာနည်းပါးခြင်းတို့ကြောင့် ငှားရမ်းခြင်း စာချုပ်ရပ်စဲကာ ဌာနမှပြန်လည်လက်ရောက်ရယူခဲ့ပါတယ်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ နိုင်ငံပိုင်မြေနှင့် အဆောက်အအုံများအပေါ် အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီးနောက်ပိုင်းမှာလည်း ရင်းနှီးမြှုပ်နှံမှု၊ ထည့်ဝင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှု စတဲ့အချက်တွေကို အဆိုပါစီမံကိန်းများ လျှောက်ထားစဉ်က တင်ပြခဲ့သည့် ကတိကဝတ်များအတိုင်း လိုက်နာမှုရှိ/မရှိကို ဥပဒေနှင့်အညီ အဖွဲ့များဖွဲ့စည်း၍ ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှန်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရှိ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲအနေဖြင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၇၆၊ ၁၈၁ နှင့် ၁၈၄ တို့အရ ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ဥပဒေများနှင့်အညီ ဆောင်ရွက်မှုရှိ/မရှိနှင့်ခွင့်ပြုချက်အရ လိုက်နာရမည့်တာဝန်နှင့်စည်းကမ်းများကို လိုက်နာမှုရှိ/မရှိတို့ကို ပုံမှန်ကွင်းဆင်းစစ်ဆေး၍ ကြီးကြပ်လျက်ရှိပါတယ်။

ထိုသို့ ကြီးကြပ်တဲ့အခါမှာလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးက ဖွင့်လှစ်ထားတဲ့ One Stop Service Center မှာဆောင်ရွက်လျက်ရှိနေတဲ့ အစိုးရဌာနများဖြစ်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများမှ သက်ဆိုင်ရာအရာရှိများကလည်း ပူးပေါင်းလိုက်ပါပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၅၅ နည်းဥပဒေခွဲ(ဂ)အရ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကြီးကြပ်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌက တာဝန်ပေးအပ်တဲ့ဝန်ကြီးများနှင့် တာဝန်ခံအရာရှိများပါဝင်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပြီးတော့ ကြီးကြပ်လျက်ရှိပါတယ်။ အဆိုပါကြီးကြပ်ရေးအဖွဲ့များဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာများဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အမိန့်ကြော်ငြာစာအမှတ်(၂၅/၂၀၁၇)ဖြင့် ထုတ်ပြန်

ထားသော လုပ်ထုံးလုပ်နည်းအရ လုပ်ငန်းတည်ဆောက်မှုများ မစတင်မီ တည်ဆောက်မှုကာလအတွင်း နဲ့ စီးပွားဖြစ်စတင်ပြီးနောက်ပိုင်းဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ ကြီးကြပ်စစ်ဆေးလျက်ရှိပြီးတော့ ဥပဒေနှင့် အညီလိုက်နာဆောင်ရွက်စိစစ်ခြင်း၊ ကြုံတွေ့နေရသော အခက်အခဲများကို ကူညီဆောင်ရွက်ခြင်းတို့ကို ပါ ဆောင်ရွက်လျက်ရှိပါတယ်။

ထိုကဲ့သို့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ကွင်းဆင်း စစ်ဆေးချက်များအား သုံးလပတ်လုပ်ငန်းအစီရင်ခံစာအဖြစ် မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်တင်ပြလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုကော်မရှင် အရ ခွင့်ပြုထားတဲ့လုပ်ငန်းများအနေနဲ့ လုပ်ငန်းများစတင်ဆောင်ရွက်မှုမပြုခြင်း သို့မဟုတ် စတင် ဆောင်ရွက်ထားသော်လည်း ဆက်လက်ဆောင်ရွက်မှုမပြုခြင်းတို့အားလည်း စိစစ်ကြပ်မတ်ရန်အတွက် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ဦးဆောင်တဲ့ အကောင်အထည်ဖော်ဆောင်ရန် နှောင့်နှေးကြန့်ကြာ သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား စိစစ်ကြပ်မတ်ရေးအဖွဲ့အား ဖွဲ့စည်းပြီးတော့ အခါအားလျော်စွာ စစ်ဆေးလျက်ရှိပါတယ်။ ထိုသို့စိစစ်ကြပ်မတ်စစ်ဆေးမှုများကြောင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် တနင်္သာရီတိုင်းဒေသကြီးရှိ နိုင်ငံတော်ပိုင်မြေတွင် ဆီအုန်းစိုက်ပျိုးရန် ခွင့်ပြုခဲ့သည့် ကုမ္ပဏီလေးခုအား စိစစ်ခဲ့ပြီး ခွင့်ပြုခဲ့သည့်ဧက စုစုပေါင်း ၂၅၂၉၅၀ ဧကအနက် ဆီအုန်း စိုက်ပျိုးခြင်းမရှိသည့် ၁၈၃၇၀၅ ဧကအား ပြန်လည်သိမ်းယူခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့်လည်း လုပ်ငန်းနှင့်ဆက်စပ်တဲ့ဥပဒေများ၊ စာချုပ်ပါ စည်းကမ်းများ၊ အမိန့်ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိ/မရှိစိစစ်ပြီး အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေများစာချုပ်ပါစည်းကမ်းများအတိုင်း လိုက်နာမှုမရှိပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူသည့်အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၈၅ အရ စီမံခန့်ခွဲရေးပြစ်ဒဏ်များ ကိုလည်း ချမှတ်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ရင်းနှီးမြှုပ်နှံသူနှင့် အစိုးရကြား ဖြစ်ပွားလျက်ရှိတဲ့ အငြင်းပွားမှုကိစ္စများဟာလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၆၅ အရ ရင်းနှီးမြှုပ်နှံမှု အကူအညီပေးရေးကော်မတီဖွဲ့စည်းပြီးတော့ အကူအညီပေးဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံပိုင် မြေယာအဆောက်အဦနဲ့လုပ်ငန်းတွေကို ငှားရမ်း၍သော်လည်းကောင်း၊ အကျိုးတူပူးပေါင်း၍လည်းကောင်း နည်းအမျိုးမျိုးဖြင့် ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းများဆောင်ရွက်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကို အဆိုပြုလွှာများတင်ပြပြီး စာချုပ်များချုပ်ဆိုဆောင်ရွက်မှု

များလည်းရှိပါတယ်။ အဲဒီလို နိုင်ငံတော်က ဖိတ်ခေါ်အဆိုပြုလွှာများကို နိုင်ငံတော်က တင်ဒါဖိတ်ခေါ်ခြင်းမရှိဘဲ မိမိသဘောအလျောက်တင်ပြလာတဲ့အဆိုပြုလွှာများ(Unsolicited Proposal များ)လို့ ခေါ်ပါတယ်။ အဲဒီအဆိုပြုလွှာများကို တင်ပြလာလို့ရှိရင် သက်ဆိုင်ရာဌာနများနဲ့သာ ညှိနှိုင်းစာချုပ်ချုပ်ဆိုတာဖြစ်ပြီး ယှဉ်ပြိုင်မှုမရှိလို့ရှိရင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ Terms and Conditions များအားနည်းတာမျိုး ကြုံရတတ်ပါတယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံတော်သမ္မတရုံးက စီမံကိန်းဘဏ္ဍာဆိုင်ရာ ညွှန်ကြားချက်ကို ၃၀-၁၁-၂၀၁၈ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီညွှန်ကြားချက်အရ အဆိုပြုလာတဲ့ Unsolicited Proposal များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှာဖွဲ့စည်းထားတဲ့ PPP Center ရဲ့ အကြံဉာဏ်ရယူကာ ပွင့်လင်းမြင်သာပြီး ယှဉ်ပြိုင်မှုရှိတဲ့ Swiss ယှဉ်ပြိုင်မှုတင်ဒါစနစ်၊ တစ်နည်းအားဖြင့် Swiss Challenge စနစ်ဖြင့် ဆောင်ရွက်ဖို့လည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ BOT, BOOT, BTO စတဲ့ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်တဲ့ PPP စီမံကိန်းများ ဆောင်ရွက်ရာမှာလည်း အမှန်တကယ်ဆောင်ရွက်နိုင်မယ့် (စွမ်းဆောင်နိုင်မယ့်)ရင်းနှီးတည်ဆောက်သူကို ရွေးချယ်နိုင်မှုဟာ အလွန်အရေးကြီးပါတယ်။ အဲဒီလို ရွေးချယ်နိုင်မှသာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို အမှန်တကယ် ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး ဖြစ်လာမှာဖြစ်ပါတယ်။ အဲဒီလို အမှန်တကယ်စွမ်းဆောင်နိုင်တဲ့ ရင်းနှီးတည်ဆောက်သူကို ရွေးချယ်ရာမှာ ပွင့်လင်းမြင်သာပြီး ယှဉ်ပြိုင်မှုရှိတဲ့ အစိုးရဝယ်ယူရေးစနစ်(Competitive Procurement System)တစ်နည်းအားဖြင့် ပြောရရင် ကောင်းမွန်တဲ့တင်ဒါစနစ်ဟာ အလွန်အရေးကြီးပါတယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံတော်သမ္မတရုံးက ၁၀-၄-၂၀၁၇ ရက်နေ့မှာ တင်ဒါစည်းကမ်းနဲ့ပတ်သက်တဲ့ ညွှန်ကြားချက်ကိုလည်း ထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် အဲဒီညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပွင့်လင်းမြင်သာပြီး ယှဉ်ပြိုင်မှုရှိတဲ့ တင်ဒါစနစ်များကို ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ရေရှည်ဆောင်ရွက်နိုင်ဖို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အစိုးရ၏ဝယ်ယူရေးနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲရောင်းချရေးဆိုင်ရာဥပဒေ (Procurement and Asset Disposal Law)ကို ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ မကြာခင်မှာ တင်ပြမှာဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်မြေများ၊ အဆောက်အဦများအပေါ် အခြေပြုပြီး ရင်းနှီးမြှုပ်နှံဆောင်ရွက်မယ့်လုပ်ငန်းနှင့် စာချုပ်များချုပ်ဆိုရာမှာလည်း နိုင်ငံတော်အတွက်အကျိုးရှိစေမယ့် Terms and Conditions များပါဝင်စေဖို့အတွက် နိုင်ငံတော် သမ္မတရုံးကလည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ညွှန်ကြားချက်အမှတ်(၃/၂၀၁၈) နိုင်ငံတော်ပိုင်မြေ၊ အဆောက်အအုံများငှားရမ်းခြင်း၊

လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမယ့်ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါညွှန်ကြားချက်အမှတ် (၃/၂၀၁၈)မှာ နိုင်ငံပိုင်မြေအဆောက်အအုံများကို နိုင်ငံတော်အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း၍ PPP စနစ်ဖြင့်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကပိုင် Privatization ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရာ၌ စာချုပ် ချုပ်ဆိုသည့်နည်းလမ်းများနှင့် ငှားရမ်းခြင်း၊ တည်ဆောက်-လုပ်ဆောင်-လွှဲပြောင်း(Build Operate Transfer-BOT)စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းနှင့် အကျိုးတူ(Partnership) ဆောင်ရွက်ခြင်းများဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစားအလိုက် ဖြစ်မြောက်နိုင်စွမ်းဆန်းစစ်ချက်(Feasibility Study)ကိုပြုလုပ်၍ ဖြစ်နိုင်ခြေကိုတွက်ဆရန်၊ ထိုသို့ဆန်းစစ်ချက်ကို ပြုလုပ်ရာတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများအနေဖြင့် ရရှိနိုင်မည့် ဖြစ်နိုင်ခြေအကျိုးရလဒ်နှင့် ရင်းနှီးမြှုပ်နှံသူရရှိနိုင်မည့် ဖြစ်နိုင်ခြေအကျိုးရလဒ်တို့ကို လည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်း အကျိုးကျေးဇူးများကိုလည်းကောင်း ပြည့်စုံစွာဖော်ပြရန်၊ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိပြီးလျှင် ဆောင်ရွက်သွားမည့်လုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးထိခိုက်မှု ဆန်းစစ်ချက်များပြုလုပ်ပြီး ရရှိသောဆန်းစစ်ချက်ရလဒ်များနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားထားပါတယ်။

ထို့အပြင် ငှားရမ်းသတ်မှတ်ရာတွင် နိုင်ငံပိုင်မြေ အဆောက်အဦများ တည်ရှိရာဒေသ၏ ကာလပေါက်ဈေးများအတိုင်း သတ်မှတ်ရန်ကိုလည်း ဖော်ပြထားပါတယ်။ တဖန် စာချုပ်ငှားရမ်းသက်တမ်းကို ၄၊နှစ်အထက် နှစ်ရှည်ငှားရမ်းလိုသည့်ကိစ္စရပ်များတွင် မည်သည့်အတွက်ကြောင့် ငှားရမ်းလိုကြောင်းကို ရင်းနှီးမြှုပ်နှံမှုပမာဏနှင့်အတူ ခန့်မှန်းခြေ အရင်းကြေကာလအပါအဝင် စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်ချက်များကို အသေးစိတ်အချက်အလက်များကို တွက်ချက်၍ သဘောထားမှတ်ချက်ဖော်ပြပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ ကြိုတင်ခွင့်ပြုချက်ရယူရန်ကိုလည်း သတ်မှတ်ထားပါတယ်။ ထို့မျှမက ရင်းနှီးမြှုပ်နှံသူသည် စာချုပ်တွင် သတ်မှတ်ဖော်ပြထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ပြုလုပ်နိုင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ အောင်မြင်မှုမရှိလျှင်သော်လည်းကောင်း၊ အဆိုပါငှားရမ်းသော မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံကို အခြားနည်းသို့ ပြောင်းလဲအသုံးပြုခွင့်တောင်းခံလာပါက အငှားချထားသော သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက ခွင့်မပြုဘဲ စာချုပ်ကိုရပ်စဲ၍ အငှားချထားသည့်မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံတို့အား လက်ရောက်ပြန်လည်ရယူခွင့်ရှိစေရမည်ဖြစ်ကြောင်းကို စာချုပ်များတွင် ထည့်သွင်းချုပ်ဆိုရန်ကို

လည်း ညွှန်ကြားထားပါတယ်။ လက်ရှိမြေနေရာမှာရှိတဲ့လုပ်ငန်းများကို ပိုမိုအောင်မြင်အောင် ဆက်လက် ရင်းနှီးမြှုပ်နှံပါမည်ဆိုပြီးတော့ အကွက်အကွင်းကျတဲ့နေရာများမှာရှိတဲ့ နိုင်ငံပိုင်မြေများ၊ အဆောက်အအုံများကို အချိန်ကာလတစ်ခုမှာ လုပ်ငန်းအောင်မြင်မှုမရှိတဲ့အတွက် စာချုပ်များ ပြင်ဆင်ခြင်း၊ အခြားလုပ်ငန်းများပြောင်းလုပ်ခြင်း စတဲ့အဖြစ်မျိုးတွေ မဖြစ်ရစေဘဲ အမှန်တကယ် ရင်းနှီးမြှုပ်နှံမယ့်သူကိုသာ အမှန်တကယ်လိုအပ်တဲ့ မြေယာအဆောက်အအုံများကို လွယ်ကူ လျင်မြန်စွာ ငှားရမ်းစေနိုင်ရေးအတွက်ကိုလည်း Land Bank စနစ်တည်ထောင်နိုင်ဖို့ နိုင်ငံတော် သမ္မတရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးများတင်ပြချက် ရဲ့ အဓိကများကတော့ လေးချက်ရှိတာကို တွေ့ရှိရပါတယ်။ ပထမအချက်ကတော့ မြေ၊ အဆောက်အအုံများကိုငှားရမ်းပြီးတော့ လုပ်ငန်းဆောင်ရွက်မှုမရှိတဲ့ အချက်များဖြစ်ပါတယ်။ ဒုတိယကတော့ မြေအဆောက်အအုံအလွတ်များကို အသုံးမချဘဲ ပျက်စီးပြီးတော့ အလဟဿဖြစ်မှု များဖြစ်ပါတယ်။ ၎င်းကိစ္စများကို ထိရောက်စွာ အကောင်အထည်ဖော်မယ့်အစီအစဉ်များကိုတော့ အထက်ပါ ရှင်းလင်းတင်ပြတဲ့အထဲမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ တတိယအချက်ကတော့ ချုပ်ဆိုပြီး သားစာချုပ်တွေမှာပါရှိတဲ့ အချက်များအတိုင်းဆောင်ရွက်မှုရှိ/မရှိကို Monitor လုပ်ဖို့ပဲဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံတကာထုံးစံအတိုင်း စာချုပ်မှာ ပါဝင်တဲ့အချက်များကို စာချုပ်မှာပါဝင်တဲ့ Obligations တွေကို တကယ်ဆောင်ရွက်နိုင်မှုရှိ/မရှိကို Enforcement လုပ်ပြီးတော့ ဆောင်ရွက်ရ မှာဖြစ်ပါတယ်။ ဒီကတိကဝတ်တွေ မဆောင်ရွက်နိုင်လို့ရှိရင်တော့ စာချုပ်ပါတိုင်း အရေးယူ ဆောင်ရွက်ခြင်း၊ ဒါမှမဟုတ်ရင် Termination ပြုလုပ်ခြင်း၊ Arbitration သွားခြင်း၊ Termination ကမှအဆင်မပြေရင် ဆက်ပြီးတော့ တရားရုံးကို တက်ခြင်းစတဲ့ဥစ္စာကို စာချုပ်ပါအချက်အလက်များ အတိုင်း ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့သော် (၃)အချက်ကတော့ ပြန်လည်ညှိနှိုင်းခြင်း ဆိုတဲ့ Renegotiation အပိုင်းဖြစ်ပါတယ်။ ၎င်းပြန်လည်ညှိနှိုင်းခြင်းကို ဆောင်ရွက်တဲ့အခါမှာတော့ စာချုပ်ပါအချက်များနှင့်အညီ သတိထားပြီး သိမ်မွေ့စွာဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။ Renegotiation များကိုဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာလုပ်ငန်းများအပေါ်သက်ရောက်မှု၊ နိုင်ငံရဲ့စီးပွားရေးအပေါ်သက်ရောက်မှု၊ နောက်ပြီးတော့ စာချုပ်ဝင်များအပေါ်မှာ သက်ရောက်မှု၊ နောက်ပြီးတော့ နိုင်ငံတော်ကစာချုပ်ဝင်များက ပေးဆပ်ရမယ့် Compensation နဲ့ပတ်သက်တဲ့စတဲ့ Assessment များကို ဆောင်ရွက်ပြီးတော့မှ Renegotiation အပိုင်းကို သတိထားပြီးသိမ်မွေ့စွာ

ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုအတိုင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မယ်ဆိုပြီး နိုင်ငံပိုင်မြေယာ၊ အဆောက်အဦများနှင့် လုပ်ငန်းတွေကို လွှဲပြောင်းရယူပြီး အကောင်အထည်ဖော်မှုမရှိသေးရင် စာချုပ်ပါအချက်များအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနက အရေးယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ပြီး ကွင်းဆင်းစစ်ဆေးကြီးကြပ်မှုများကိုလည်း တင်းတင်းကြပ်ကြပ် ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ချုပ်ဆိုထားပြီး စာချုပ်ပါအချက်များကို ပြန်လည်ညှိနှိုင်းပြင်ဆင်ရန် လိုအပ်ပါကလည်း ဖော်ပြပါအချက်များနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများက စာချုပ်ပါအချက်များနှင့်အညီ Renegotiation ကို ညှိနှိုင်းပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ အင်တိုက်အားတိုက်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် စွမ်းဆောင်ရည်မရှိတဲ့ ရင်းနှီးတည်ဆောက်သူများကို ၎င်းတို့အဆိုပြုချက်အတိုင်း လွယ်ကူစွာခွင့်ပြုခြင်း၊ ၎င်းတို့အား နိုင်ငံပိုင်မြေနှင့် အဆောက်အဦများကို လွယ်ကူစွာ ငှားရမ်းခြင်းအဖြစ်မျိုးများ မဖြစ်စေဖို့အတွက်နဲ့ စွမ်းဆောင်ရည်ရှိတဲ့ ရင်းနှီးတည်ဆောက်သူများကိုသာ ပွင့်လင်းမြင်သာပြီး ယှဉ်ပြိုင်မှုရှိတဲ့တင်ဒါ သို့မဟုတ် Swiss ယှဉ်ပြိုင်မှုတင်ဒါ၊ Swiss Challenge များဖြင့် ဆောင်ရွက်ရန် စီမံကိန်းဘဏ္ဍာဆိုင်ရာညွှန်ကြားချက်ကို နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံပိုင်မြေယာများ၊ အဆောက်အဦများအပေါ်အခြေပြုပြီး ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်မယ့်လုပ်ငန်းများနှင့် စာချုပ်များချုပ်ဆိုရာမှာ နိုင်ငံတော်အတွက် အကျိုးရှိစေမယ့် Terms and Condition မှာပါဝင်စေဖို့ကိုလည်း နိုင်ငံတော်ပိုင်မြေ၊ အဆောက်အဦများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများအတွက် လိုက်နာရမည့်ညွှန်ကြားချက်များကို နိုင်ငံတော်သမ္မတရုံးကထုတ်ပြန်ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် အမှန်တကယ် ရင်းနှီးမြှုပ်နှံမယ့်သူကိုသာ အမှန်တကယ်လိုအပ်တဲ့မြေယာ၊ အဆောက်အဦကို လွယ်ကူလျင်မြန်စွာ ငှားရမ်းစေနိုင်ရေးအတွက်ကိုလည်း Land Bank စနစ်တည်ထောင်နိုင်ဖို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်က စာချုပ်များ ချုပ်ဆိုထားပြီး ဆောင်ရွက်နေတဲ့လုပ်ငန်းများနှင့်ပတ်သက်လို့ရှိရင် စာချုပ်ပါ Terms and Condition များအတွက် ဆောင်ရွက်မှုရှိ/မရှိကိုလည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး ကြီးကြပ်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ကြီးကြပ်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင်

ချုပ်ဆိုပြီး စာချုပ်များကို ပြန်လည်စိစစ်ပြီး ပြန်လည်ညှိနှိုင်းရန် လိုအပ်တဲ့အချက်များရှိပါကလည်း စာချုပ်မှာထည့်သွင်းရေးဆွဲထားတဲ့ Renegotiation Clause ပါအချက်များနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း ပြန်လည်ညှိနှိုင်းပြင်ဆင်ရေးကိုလည်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ကိုယ်စားလှယ်တော်ကြီး ဒေါ်ခင်စန်းလှိုင်ရဲ့အဆိုမှာ ဖော်ပြထားတဲ့အချက်များဟာ လက်ရှိဆောင်ရွက်နေတဲ့အချက်များဖြစ်ပြီး နောင်မှာလည်း ပိုမိုကောင်းမွန်အောင် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိတဲ့အချက်များဖြစ်တဲ့အတွက် ၎င်းအဆိုကို မှတ်တမ်းတင်ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်အဆုံးအဖြတ်ကို နာခံမည်ဖြစ်ကြောင်းကိုလည်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ဒီကနေ့ ကျွန်မရဲ့အဆိုကို အားလုံးဝိုင်းဝန်းပြီးတော့ ဆွေးနွေးပေးကြတဲ့ ကျွန်မတို့ရဲ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ နောက်တစ်ခါ ပြည့်ပြည့်စုံစုံရှင်းပြတဲ့ ကျွန်မတို့ဝန်ကြီးကိုလည်း ကျွန်မအနေနဲ့အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်မအနေနဲ့ အနည်းငယ်ပြောစရာရှိပါတယ်။ ဒီကနေ့ ကျွန်မတို့ကိုယ်စားလှယ်တွေ ထောက်ခံဆွေးနွေးသွားတာတွေဟာ အမှားတွေကို ပြစ်တင်ထောက်ပြပြောဆိုနေကြတာမဟုတ်ဘဲနဲ့ နိုင်ငံပိုင်အရင်းအမြစ်များတွေကို အမှန်တကယ်အကျိုးရှိစေဖို့ရာအတွက် စီမံဆောင်ရွက်စေချင်လွန်းလို့မို့ သဘောထားကြီးကြီးနဲ့ မြေပြင်မှာ ဒီကနေ့ တကယ့်ပကတိဖြစ်ပျက်နေတဲ့အခြေအနေအရပ်ရပ်အပေါ်မှာ အားလုံးက ဝိုင်းဝန်းပြီးတော့ အကြံပြုပြောဆိုပြီး နိုင်ငံတော်ရဲ့အကျိုး၊ နိုင်ငံတော်ရဲ့မျက်နှာကိုမူပြီးတော့မှ ပြောဆိုသွားကြတာပဲ ဖြစ်ပါတယ်။ ဝန်ကြီးပြောကြားသွားတဲ့အချက်တွေက ဒီကနေ့ ဆက်လက်ဆောင်ရွက်ပြီးပြီးအကောင်အထည်ဖော်မယ်ဆိုတဲ့ဟာကိုလည်း ကျွန်မတို့လည်း နားလည်ပါတယ်။ ဒီဟာတွေရဲ့အပေါ်မှာလည်း ကျွန်မတို့လက်ခံပါတယ်။ ကြိုဆိုပါတယ်။ သို့သော် ဆောင်ရွက်နေတယ်ဆိုတာရုံနဲ့တင် ကျွန်မတို့တွေက မပြီးနိုင်ပါဘူး။ ကျွန်မတို့က ဒါတွေကို ဘယ်လိုဆောင်ရွက်နေသလဲဆိုတဲ့ဟာလေးနဲ့ ဒီဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်တွေအပေါ်မှာ ကျွန်မတို့က သေသေချာချာစောင့်ကြည့်ဖို့ရန် လိုပါတယ်။ ဆုံးဖြတ်ချက်ချပြီးရင် အကောင်အထည်ဖော်ရပါလိမ့်

မယ်။ အဲဒီတော့ ဆုံးဖြတ်ချက်ချပြီးတဲ့နောက်မှာ အကောင်အထည်ဖော်ဖို့ရာ နှောင့်နှေးနေတဲ့ကိစ္စရပ်တွေ ကျွန်မတို့ဒီကနေ့အများကြီးကြုံတွေ့နေရလို့ ဒီကနေ့ ဒီပြဿနာတွေဟာဖြစ်နေရခြင်းပဲ ဖြစ်ပါတယ်။ ဒါတွေ ဒီအဆိုတွေကို ကျွန်မအကြိမ်ကြိမ်အခါခါ လွှတ်တော်မှာ ကျွန်မအနေနဲ့ တင်ပြနေရခြင်းလည်း ဖြစ်ပါတယ်။ အဲဒီတော့ကျွန်မအနေနဲ့ ဒီနေ့ဒီအဆိုကို လွန်ခဲ့တဲ့တစ်လလောက်ကတည်းကနေ တင်သွင်းစဉ်ကတည်းကပဲ ဒီအဆိုရဲ့အပေါ်မှာ ကျွန်မရဲ့စေတနာကို ရှင်းရှင်းလင်းလင်းနဲ့ ကျွန်မဖော်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ အကြောက်တရားကင်းကင်း၊ ခေါင်းကြီးကြီးနဲ့စဉ်းစားမယ်ဆိုရင် ကျွန်မအဆိုရဲ့စေတနာကို အားလုံးသိကြမှာပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့လွှတ်တော်တစ်ခုကနေ နောက်ထပ်လွှတ်တော်တစ်ခု၊ အစိုးရတစ်ရပ်ကနေ နောက်အစိုးရတစ်ရပ်ကို နိုင်ငံကြီးတစ်ခုရဲ့ အုပ်ချုပ်မှုနှင့်အတူ စာရွက်စာတမ်းတွေကို လွှဲပြောင်းခဲ့ရပြီးတဲ့နောက်မှာ လွှတ်တော်နဲ့နောက်အစိုးရကလည်း တာဝန်ယူ၊ တာဝန်ခံပေးရတာပဲ ဖြစ်ပါတယ်။ ဒီလိုတာဝန်ရှိမှုမှာ ရှေ့အစိုးရတွေ ဘယ်လိုပဲ မှားယွင်းခဲ့၊ မှားယွင်းခဲ့။ နောက်ဆက်ခံတဲ့အစိုးရက ထိန်းကျောင်းတည့်မတ်ပြုပြင်ခွင့်မရှိစေရဆိုတဲ့ အဓိပ္ပာယ်မသက်ရောက်ဘူးဆိုတာလည်း နားလည်ထားပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ အစိုးရရဲ့ဆောင်ရွက်ချက်တွေကို လေ့လာဆန်းစစ်တာ၊ ထိန်းကျောင်းတာ၊ တည့်မတ်ပေးကြမှာပဲ ဖြစ်ပါတယ်။ ဒီနေ့၊ ဒီအချိန်ဟာ MSDP နဲ့ အကောင်အထည်ဖော်နေတဲ့အချိန်ဖြစ်သလို Project bank ကိုလည်း ကျွန်မတို့က အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒါဟာလည်း ဝန်ကြီးဌာနအနေနဲ့ သိပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုတိုင်းပြည်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေရတဲ့ ဒီလိုအခြေအနေမျိုးမှာ ကျွန်မတို့တစ်တွေဟာ ဒီအဆိုဟာ တိုင်းပြည်အတွက်ကို မျက်နှာမူတယ်ဆိုတာကို ဝန်ကြီးဌာနကလည်း ကျွန်မတို့သိစေချင်ပါတယ်။

အဲဒီတော့ ကျွန်မအနေနဲ့နိဂုံးချုပ်ပြောချင်တာကတော့ ဥက္ကဋ္ဌကြီးရှင်။ ဒီနေ့ ကိုယ်စားလှယ်တွေကလည်း သူတို့သိသမျှအချက်အလက်တွေကို တင်ပြသွားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အချိန်ကန့်သတ်ချက်အရ ပြောနေကြရတာတွေဟာ ဒီထက်အချက်အလက်တွေများစွာရှိနေတယ်ဆိုတာကိုလည်း ကျွန်မတို့မှန်းဆလို့ရနိုင်ပါတယ်။ နောက်ဆွေးနွေးချင်တဲ့သူတွေလည်း ဒီထက်မကအများကြီးလည်းရှိပါလိမ့်မယ်။ ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးမှုရဲ့အပေါ်ကနေပြီးတော့ပဲ ကျွန်မတို့မြင်ခဲ့ရတာ၊ ကြားခဲ့ရတာတွေဟာ မြေပြင်မှာ တကယ်ပကတိလက်ရှိအခြေအနေနဲ့ ဝန်ကြီးဌာနက အသိအမှတ်ထားပြီး ဝန်ကြီးဌာနကဆောင်ရွက်နေပါတယ်ဆိုတာတွေများ များစွာကွဲလွဲနေတယ်ဆိုတာကို ကျွန်မတို့ပြည်သူတွေလည်း အားလုံးစောင့်မျှော်ကြည့်နေတဲ့သူတွေ အားလုံးလည်းသိပါ

တယ်။ အဲဒီအတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီကနေ့ဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ဒီနေ့လာပြီးတော့ ရှင်းလင်းတင်ပြပေးတဲ့ဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ အဓိကပြောချင်တာကတော့ ဒီကနေ့ ကျွန်မရဲ့အဆိုကို လွှတ်တော်ကြီးကနေပြီးတော့ အတည်ပြုပေးနိုင်ပါရန်အတွက်နဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့မျက်နှာကိုမူပြီးတဲ့နောက်မှာ တိုင်းပြည်အကျိုးအတွက်ကို အားလုံးကနေပြီးတော့ ဝိုင်းဝန်းထောက်ခံပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးက ဆွေးနွေးပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုရှင် သဘောကွဲလွဲတဲ့အတွက် ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ် မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများရင် အဆိုရှင်ရဲ့အတည်ပြုရန်တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်ဆန္ဒမဲများလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်ရန် တင်ပြချက်ကအတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၁၅ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၁၇ မဲနှင့် ကြားနေဆန္ဒမဲ ၄ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဒေါ်ခင်စန်းလှိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်(တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၄း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ (၇.၃.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Set Aung | U Maung Myint




U Kyaw Linn | U Aung Myint Shein




U Kyaw Linn | U Kyaw Minn




U Kyaw Linn | U Myint Ngwe




U Kyaw Linn | Daw Thandar




U Kyaw Linn | U Moe Shwe

pyithu.hluttaw.mm



U Kyaw Linn



U Kyaw Shwe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်